# သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်

၇၅–နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် မဂ္ဂဇင်း




**DIAMOND JUBILEE SOUVENIR**

**1950 - 2025**




World Famous Shwedagon Pagoda of Myanmar


MORYA
Celebrating Life
GANESH UTSAV '26
14-20 SEPTEMBER 2026

SDSS

Swayameva Mrigendrata

**Explanation of Emblem**

1. **Bhagawa-Dhwaj**
2. **Lion = Sign of qualities & strength**
3. **SDSS - Sanatan Dharma Swayamsevak Sangh**
4. **Swayameva Mrigendrata - Slogan meaning is below**

မိမိ၏ ကိုယ်ပိုင်အရည်အချင်းနှင့် ဂုဏ်ရည်စွမ်းအားကို အသုံးပြုပြီး
ခြင်္သေ့ကဲ့သို့ ဦးဆောင်နိုင်စွမ်း ဖြစ်လတ္တံ့။

अपने गुणों और सामर्थ्य से स्वयं ही सिंह (श्रेष्ठ) बन जाना।

*One becomes a lion ( among beings ) by one's own qualities and strength.*

No. 227-229, 37th Street, Kyauktada Township, Yangon, Pincode : 11181/82, Myanmar.
Phone : 01-825 1486, 01-838 1877 (G.P.O. Box : 1464), Email:sdss.myanmar@gmail.com
: sdssmyanmar.org/my : SDSS Myanmar

SDSS

75

1950

2025

Sanghe Shakti Kalauyuge

# သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်-မြန်မာနိုင်ငံ

# နှစ် (၇၅) ပြည့်အထိမ်းအမှတ် မဂ္ဂဇင်း

## Sanatan Dharma Swayamsevak Sangh-Myanmar

# 75th Anniversary

# Diamond Jubilee Souvenir

# 1950-2025

# ပုံနှိပ်မှတ်တမ်း

စီစဉ်သူ
၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ကျင်းပရေးကော်မတီ
သနာတန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊
၂၂၇/၂၂၉၊ ၃၇-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းသားပုံနှိပ်သူ
ဦးစိုးဝင်း၊ စန္ဒီပုံနှိပ်တိုက် (မြဲ ၀၁၆၇၂)
အမှတ် (ဘီ/၈၄) ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း၊ ကွန်ပျူတာစာစီ
မဇင်မိုးဝင်း၊ မအေးသန္တာမြင့်၊ မောင်ဇော်လင်းထွန်း

ထုတ်ဝေသူ
ဦးစိုးဝင်း အသိအမှတ်ပြုလက်မှတ် (၀၁၅၁၈)

ချမ်းမြေ့စာပေ၊
အမှတ် (ဘီ/၈၄) ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိသူ
သနာတန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ကျင်းပရေးကော်မတီ

တန်ဘိုး
ဓမ္မဒါန

စောင်ရေ
၁၀၀၀
(ပထမအကြိမ်)

# अनुक्रमणिका / မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃။ | ကျွန်တော်နှင့် ဆံယသက်တမ်း (အာယု) နှစ် (၄၀) | ပညာနန္ဒ | ၄၀ |
| ၂၄။ | ချိုမြိန်လက်ာ | မောင်မောင်သင်း(အင်းစိန်) | ၄၂ |
| ၂၅။ | သက်သတ်လွတ်စားခြင်းနှင့် အကျိုးကျေးဇူး | အဲန်ဂျီး (မော်လမြိုင်) | ၄၃ |
| ၂၆။ | လူငယ်ကောင်းမှ လူကြီးကောင်းမယ် | ဆန်းမင်းနိုင် | ၄၄ |
| ၂၇။ | အနာဂတ်ခေါင်းဆောင် | စိုးနိုင် (ခ) *Barathaseelan* | ၄၆ |
| ၂၈။ | सनातन धर्म स्वयंसेवक संघ–म्याँमार | सुभाष चन्द्र अहूजा | ၅၁ |
| ၂၉။ | हिन्दी, भारतीय विश्वदृष्टि और सांस्कृति चेतना | आशीष कंधवे | ၅၃ |
| ၃၀။ | म्याँमार में संघ कार्य | अशोक कुमार वर्मा | ၅၅ |
| ၃၁။ | सनातन धर्म स्वयंसेवक संघ - मुख्य उत्सव | सुनील कुमार वर्मा | ၅၇ |
| ၃၂။ | धर्म और संस्कृति | शान्तिलाल शर्मा | ၅၈ |
| ၃၃။ | संघ–शाखा का महत्व | किरण पाल | ၅၉ |
| ၃၄။ | युवा और शिक्षा | हेमन्त कुशवाह | ၆၁ |
| ၃၅။ | संघमय जीवन | केतन कुमार वर्मा | ၆၂ |
| ၃၆။ | नारी शक्ति हिन्दू संस्कृति की अधारशिला | सचिन बियानी | ၆၅ |
| ၃၇။ | मैं और संघ | दिनेश कुमार वर्मा | ၆၇ |
| ၃၈။ | अनेक हिन्दू संगठनों का प्रेरणास्रो | राजेश भाटी +देवेन्द्र नौलखा | ၆၉ |
| ၃၉။ | सेवा और समर्पण के 75 वर्ष | राम किशन 'आनन्द' याँगोन् | ၇၀ |
| ၄၀။ | बौखलाया हुआ युग | लक्ष्मण न्यौपाने | ၇၁ |
| ၄၁။ | बोधि वृक्ष की वाणी | पं. मोहन राज खनाल | ၇၂ |
| ၄၂။ | प्रेम संबंधों पर चोट करता पैसा | सीमा भरद्वाज | ၇၃ |
| ၄၃။ | இந்து மதமும் உலக தர்ம மதங்களும் | *S.K.B* இராணி நடராஜன் | ၇၄ |
| ၄၄။ | సనాతన ధర్మ స్వయం సేవక్ సంఘ చరిత్ర - (సూక్ష్మముగా) | *K.S Moorthy* | ၇၆ |
| ၄၅။ | *A Reflection on Service and Devotion* | *SS Kyaw Win (MLM)* | ၇၇ |
| ၄၆။ | *Hindu Dharma and Culture* | *Dr. Naresh Dinodiya* | ၇၈ |
| ၄၇။ | *Pranayama* | *Dr. Yogeeta Gandhi* | ၇၉ |
| ၄၈။ | *Artificial Intelligence* | *Prashant Pillai* | ၈၀ |
| ၄၉။ | *Hindu Temples in India* | *Manoj Chowdhary* | ၈၃ |


☆ ☆ ☆

# अनुक्रमणिका / မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဩဝါဒကထာများ | | |
| ၂။ | သဝဏ်လွှာများ၊ အမှာစာများ | | |
| ၃။ | ဂုဏ်ပြုစကား | ဦးအောင်ဝင်း | |
| ၄။ | သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် | | |
| ၅။ | ရွှေရတု၊ စိန်ရတုမှသည် ပတ္တမြားရတုသို့ | စိုးဝင်း | |
| ၆။ | သာသနာပြုဆရာများ | | |
| ၇။ | နှစ်ပေါင်းရာချီ-တည်ပါစေ | ဒေါက်တာသန်းထွန်း(ရွှေဘို) | ၁၁ |
| ၈။ | သနာတနဓမ္မပါလက အဖွဲ့ (၇၅)နှစ်ပြည့် စိန်ရတုကာလမှသည် နှစ်ပေါင်းထောင်ချီတည်တံ့ပါစေ | မောင်ရင့်ကျူး (မြောင်းမြ) | ၁၂ |
| ၉။ | သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏ (၇၅)နှစ်ပြည့် ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မတီ၏ ခရီးစဉ် | ဦးမောင်မောင်လွင် | ၁၄ |
| ၁၀။ | သမိုင်းနှင့် သစ္စာ | ချယ်ရီမြေ မောင်တင်ထွန်း | ၁၅ |
| ၁၁။ | သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်နှင့် ဟိန္ဒူဘာသာဝင်များဆက်နွှယ်မှု | *S.K.B Vanitha* | ၁၇ |
| ၁၂။ | ပညာရွှေအိုး လူမခိုး၊ ခေါင်းဆောင်ကောင်း | *Panch Dev Singh* | ၂၂ |
| ၁၃။ | တန်ဖိုးရှိသော အုတ်တစ်ချပ်၊ သဲတစ်ပွင့်များ | ဦးထွန်းလင်း | ၂၃ |
| ၁၄။ | ဂုဏ်ယူဝမ်းမြောက်ပီတိစကား | သီရိပုံချီဦးမောင်မြင့် | ၂၄ |
| ၁၅။ | ဆံဃရှာခါး၏ - အကျိုးကျေးဇူး | ကျော်မင်းဦး | ၂၅ |
| ၁၆။ | ဟိန္ဒူဘာသာနှင့် ကမ္ဘာ့တရားဓမ္မဘာသာများ | စံပါယ် (ရွှေကျွန်း) | ၂၇ |
| ၁၇။ | ဟိန္ဒူ တစ်မျိုးသားလုံးအတွက် ဆံဃ | ဆံသို(သျှ) ရှ(ရ်)မာ(တောင်ကြီး) | ၂၉ |
| ၁၈။ | ဘုရားပေါ်များသည့်မြေမှ ကုသိုလ်မြေ၏ အနွယ်များ | မောင်သုကုလ (ရန်ကုန်) | ၃၁ |
| ၁၉။ | ဘာသာတရားနှင့် ယဉ်ကျေးမှု | သန္တိ (သစ္စာရှင်) | ၃၃ |
| ၂၀။ | ခေတ်သစ်လူငယ်နှင့် ပညာရေး | ဒေါက်တာနင်းဟေမာန်အောင် | ၃၅ |
| ၂၁။ | လူငယ်များအနေဖြင့် *AI* ကို အသုံးပြု၍ ဟိန္ဒူ လူ့အဖွဲ့အစည်းကို ဘယ်လို ဖွံ့ဖြိုးတိုးတက်စေမလဲ | ဒေါက်တာတေဇာဟိန်း | ၃၆ |
| ၂၂။ | ဂုဏ်ယူစွာပြောပါ ကျွန်ုပ်ဟိန္ဒူပါ | ဒေါက်တာသော်တာလင်း(သထုံ) | ၃၈ |

ဗလငါးတန်ဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် လေ့ကျင့် ပျိုးထောင်ပေးလျက် ရှိပါသည်။ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးလုပ်ငန်းများဖြစ်သော ဗုဒ္ဓဝင်ပြပွဲများ ခင်ကျင်းပြသခြင်း၊ ဟိန္ဒူဓမ္မစာပေသင်ကြားပို့ချခြင်း၊ ရိုးရာ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စာပေပြုစု ထုတ်ဝေ ခြင်းများနှင့် သတ္တတဘာသာ စာပေသင်ကြား ပေးခြင်း၊ ဘာသာပြန်စာအုပ်ထုတ်ဝေခြင်း စသည်တို့ကို အဓိကထား ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားသော လူမှုရေး၊ ကယ်ဆယ်ရေးနှင့်ကူညီ ထောက်ပံ့ရေး လုပ်ငန်းများကို အစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဤသနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ (၇၅)နှစ်ပြည့် အထိမ်းအမှတ်စာစောင်ကို အဓိကအားဖြင့် အဖွဲ့မှ လွန်ခဲ့သော ခုနစ်ဆယ့်ငါးနှစ်တာကာလအတွင်း မိမိ ရည်ရွယ်ချက်နှင့်အညီ သတ်မှတ်ထားသော လုပ်ငန်းများ ဆောင်ရွက်နေလျက် ပန်းတိုင်ဆီသို့ အဘယ် အတိုင်းအတာအထိ လျှောက်လှမ်းခဲ့သည်ကိုလည်းကောင်း၊ အခြေအနေ အချိန်အခါအလျောက် လုပ်ငန်း ဆောင်ရွက်ရာ၌ တွေ့ကြုံခံစားမှုများကို လည်းကောင်း၊ ရရှိခဲ့သော ကူညီပံ့ပိုးမှုများကြောင့် လုပ်ငန်းအပေါ် အကျိုး သက်ရောက်မှုများစသည်တို့ကို လည်းကောင်း တိုင်းထွာပြီး မှတ်တမ်းပြုစုထားခြင်းသာ ဖြစ်ပါသည်။ ဤအချက် အလက်များကို အတွေ့အကြုံ ဗဟုသုတ ရင့်ကျက်သည့် ပုဂ္ဂိုလ်များ၊ စာရေးဆရာများ၊ ကိုယ်တိုင်ပါဝင်ခဲ့သူများ၏ ဤအဖွဲ့အပေါ် ရှုမြင်သည့် သုံးသပ်ယူဆမှုများကို ဖော်ပြခြင်း ဟုလည်း ဆိုနိုင်ပါသည်။

ထို့ပြင် ဤစာစောင်တွင်ပါရှိသော ဩဝါဒကထာများ၊ ဥယျောဇဉ်များ၊ သဝဏ်လွှာများ၊ အမှာစာများ၊ ဆောင်းပါးများနှင့် အမှတ်တရ ဖြစ်ရပ်များတို့သည် သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ ပေါ်ပေါက်ဖြတ်သန်းခဲ့ပုံနှင့် အဖွဲ့အား ရှုမြင်ကြပုံ၊ အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် အနာဂါတ် ကာလအတွက် မျှော်မှန်းထားချက် စသည် တို့အား ထင်ဟပ်ပေါ်လွင် စေလိမ့်မည်ဟု ယုံကြည် ပါသည်။ တဆက် တည်းမှာပင် ရဟန်းရှင် လူ ပုဂ္ဂိုလ်မြတ် တို့၏ သဝဏ်လွှာများ၊ အမှာစကားများကိုလည်း လေးမြတ်စွာဖြင့် တင်ပြထား ရှိခြင်းကြောင့် နိုင်ငံတော် အတွင်းနေ ဟိန္ဒူများနှင့် ပြည်သူ ပြည်သားအားလုံး စည်းကမ်း သေဝပ်ပြီး၊ တိုးတက်ဖွံ့ဖြိုး သာယာသော ဘဝအလို့ငှါ ရေးတရားဓမ္မ ကျင့်စဉ်အတိုင်း လျှောက်လှမ်း နိုင်ကြစေရေး အတွက် လမ်းညွှန် အထောက်အကူတစ်ရပ် ဖြစ်လိမ့်မည်ဟုလည်း မျှော်လင့်အပ်ပါသည်။

ဖြတ်သန်းခဲ့သည့် ကာလအသီးသီးမှ မှတ်တမ်းတင် ဓါတ်ပုံများကိုလည်း လက်လှမ်းမှီသရွေ့ ရှာဖွေထည့်သွင်း ထားပါသည်။

ပေးပို့လက်ခံရရှိသည့် စာမူ၊ ကဗျာအချို့အား အကြောင်း အမျိုးမျိုးကြောင့် ထည့်သွင်းဖော်ပြမှု မပြုနိုင် ခြင်းအား ခွင့်လွှတ်ပါရန်လည်း စာမူရှင်၊ ကဗျာရှင်များအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဤစာစောင် ဖြစ်မြောက်နိုင်ရန်အတွက် မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒီ၊ တမိလ်၊ တေလဂူဘာသာတို့ဖြင့် စာမူများ ရေးသားပေးပို့ ချီးမြှင့်ကြသည့် ပုဂ္ဂိုလ်အပေါင်းတို့အား လည်းကောင်း၊ အချိန်မီပြီးစီးအောင် ဆောင်ရွက် ပေးကြသော ပုံနှိပ်တိုက်လုပ်သားများနှင့် ဝိုင်းဝန်းကူညီ ပေးကြသူတို့အား လည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါသည်။ တိုတောင်းသော အချိန် အတွင်း ဆောင်ရွက်ကြရ၍ ဤစာအုပ်တွင် တစ်စုံတစ်ရာ ချို့ယွင်းချက်များ မြင်တွေ့ရသည်ဖြစ်အံ့။ ထိုပုဂ္ဂိုလ်တို့၏ ချို့ယွင်းမှု မဟုတ်ဘဲ ကျွန်တော်တို့၏ ချို့ယွင်းမှုအဖြစ်သာ ရှုမြင်ကြရန်လည်း မေတ္တာရပ်ခံပါသည်။

ဤစာစောင်ကို သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့၏ နှစ် ၇၅-နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပစဉ်အတွင်း အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် ဆောင်ရွက်ခွင့်ပြုပေးသည့် တာဝန်ရှိ ပုဂ္ဂိုလ်အသီးသီးတို့၏ ကျေးဇူးကိုလည်း မေ့နိုင်ဘွယ်ရာမရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**စာတည်းအဖွဲ့**

**၇၅ – နှစ်ပြည့် အထိမ်းအမှတ် ကျင်းပရေးကော်မတီ**



# သနန္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ (၇၅)နှစ်ပြည့် အထိမ်းအမှတ် စာတည်းစကား

သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ကို မြန်မာနိုင်ငံတွင် ဟိန္ဒူလူမျိုးတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် လွန်ခဲ့သော ခုနစ်ဆယ့်ငါးနှစ်ကတည်းက ရန်ကုန်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကလေးသူငယ်၊ လူငယ်လူရွယ်တို့သည် အနာဂတ်တွင် လူမျိုးဘာသာ၊ ယဉ်ကျေးမှုဆိုင်ရာတာဝန်များ ထမ်းဆောင်ကြရမည်ဖြစ်ရာ ငယ်ရွယ်စဉ်မှပင် ၎င်းတို့အား ပြုပြင်ပျိုးထောင်ပေးလျှင် လွယ်ကူသည်ကို ဤအဖွဲ့မှ ကောင်းစွာသဘောပေါက်ထားသည်။ မိမိတို့လူမျိုးဘာသာ ယဉ်ကျေးမှုဆိုင်ရာများဖြစ်ကြသော ရတနာသုံးပါး ဆည်းကပ်ရေး၊ မိဘဆရာနှင့် လူကြီးသူမတို့၏ ဆုံးမမှုတို့ကိုလိုက်နာကျင့်ဆောင်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ အများအကျိုး ဆောင်ရွက်လိုစိတ်မွေးမြူရေး၊ စုပေါင်းဆောင်ရွက်တတ်ရေးစသည့် ကောင်းမြတ်မှု ဂုဏ်အမျိုးမျိုးတို့ကို ငယ်ရွယ်စဉ်ကာလမှသာ သွန်သင်ပေးကြရမည်ဖြစ်ပါသည်။ အသက်အရွယ် ကြီးပြင်းကာ ပြင်ပအရောင်လွှမ်းမိုး လာမိပါက မည်သို့မျှပြုပြင်၍ ရမည်မဟုတ်ချေ။ ထို့ကြောင့် ဤအဖွဲ့မှ ငယ်ရွယ်စဉ်မှပင် ဗလငါးတန်ဖွံ့ဖြိုးရေးကို အထူးအလေးထား ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ကောင်းမွန် မြင့်မြတ်သော ရည်ရွယ်ချက် ထားရှိပြီး မည်သို့သောနည်းဖြင့်မဆို ဆောင်ရွက်စေကာမူ ရှေ့တွင် စံပြုမှုမရှိက အောင်မြင်မှုရရန်မလွယ်ပေ။ ထို့ကြောင့် လူငယ်လူရွယ်များ ရှေ့တွင် မြင့်မြတ်သော စံပြဘဝထားရှိ၍ ကိုယ်ကျိုးစွန့်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ ရည်မှန်းချက် ပြည့်ဝစေရန် ကြံ့ခိုင်နိုင်စွမ်းရှိခြင်း၊ အရာရာကို စွန့်လွှတ်ခြင်း၊ အနစ်နာခံ၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသည့် အားနည်းချက်တို့ကို နှိမ်နင်းမှသာလျှင် အမျိုးဘာသာ သာသနာအကျိုးဆောင်ရွက်ခြင်းစသည့် အရည်အချင်းကောင်းများ ရရှိနိုင်ပေသည်။

ဓမ္မပါလကအဖွဲ့ လုပ်ငန်းဆောင်ရွက် နေသည့်နည်းပညာတွင် ဤကဲ့သို့သော စံနမူနာကောင်း များကို ဖော်ထုတ် ပေးနိုင်သည့် ရာခါးစနစ်ရှိ၍သာ ဤလုပ်ငန်းသည် တစ်နေ့တခြား ခိုင်မာတောင့်တင်းစွာ တိုးတက်အောင်မြင်လျက် ရှိနေပေသည်။

သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့သည် လူငယ်လူရွယ်များ ဗလငါးတန် ပြည့်ဖြိုးစေပြီး၊ အရာရာကို စွမ်းဆောင်နိုင်သော အရည်အချင်းရှိသူများ ဖော်ထုတ်ပေးလျက် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဝံသာနုရက္ခိတစိတ်ဓာတ်ထားရှိ၍ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် လုပ်ငန်းများ ဆောင်ရွက်ရန် နှစ်စဉ် ကလေးသူငယ်၊ လူငယ်လူရွယ်များကို ဆောင်းရာသီနှင့် နွေရာသီ၌



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏

# သာရဏီယသြဝါဒကထာ

သန္တနမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် (၇၅) နှစ်ပြည့် စိန်ရတုမင်္ဂလာ အခါသမယတွင် အဖွဲ့အစည်းကြီး နှစ်ရာထောင်ချီတည်မြဲစေနိုင်ရေး ရှေးရှု၍ ဂေါတမဘုရားရှင် ဟောကြားတော်မူခဲ့သည့် အင်္ဂုတ္တရပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်လာ "သေဝိတဗ္ဗ ဘဇိတဗ္ဗ ပယိရုပါသိတဗ္ဗ"- မှီဝဲထိုက်၊ ဆည်းကပ်ထိုက်၊ ချဉ်းကပ်ထိုက်သူ တစ်ဦးဖြစ်ရေးအတွက် လမ်းညွှန်ခဲ့သော သုတ္တန်ဖြင့် အဖွဲ့ကြီးအား ဝမ်းမြောက်ဝမ်းသာ သာရဏီယသြဝါဒကထာ ချီးမြှင့်အပ်ပါသည်။

ဒုတိယမိတ္တသုတ်တွင် " သတ္တဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု၊ မိတ္တော သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော အပိ ပနုဇ္ဇမာနေနပိ" ဟု ဟောကြားတော်မူရာ – အင်္ဂါ ၇ ပါးနှင့် ပြည့်စုံသည် ရဟန်းကို မိတ်ဆွေစစ် မိတ်ဆွေမှန်အဖြစ် မှီဝဲဆည်းကပ်ထိုက်သည်။ အပိ ပနုဇ္ဇမာနေနပိ ယင်းရဟန်းက ကိုယ့်ကို လှည့်မကြည့်၊ စွန့်ပစ်ထားသည်ဖြစ်စေ မပျက်မကွက် ချဉ်းကပ်ရမည်ဟု အဓိပ္ပါယ်ရပါသည်။ အဆိုပါအင်္ဂါ ၇ ပါးမှာ သာသနာတော်ဘက် အယူအဆအရ

(၁) ပိယဂုဏ်ဟူသည် သီတင်းသုံးဖော်တို့ ချစ်ခင်နှစ်လိုကြည်ညိုထိုက်သောဂုဏ်၊

(၂) ဂရုဂုဏ်ဟူသည် သီတင်းသုံးဖော်တို့ ရိုသေလေးစားထိုက်သောဂုဏ်၊

(၃) ဘာဝနီယဂုဏ်ဟူသည် "ဤအရှင်သည် မချွတ်ကေန် သိသင့်သိထိုက်သည်ကို သိတတ်၊ မြင်သင့် မြင်ထိုက်သည်ကို မြင်တတ်ပါပေသည်" ဟု ချီးမွမ်းထိုက်သောဂုဏ်၊

(၄) ဝတ္တာဂုဏ်ဟူသည် ကျွမ်းကျင်လိမ္မာပါးနပ်စွာ ပြောဆိုတတ်သောဂုဏ်၊

(၅) စနက္ခမဂုဏ်ဟူသည် ပညာရှိများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမ ဩဝါဒကို လိုက်နာပြုကျင့်နိုင်သည့်ဂုဏ်၊

(၆) ဂမ္ဘီရကထာကတ္တာဂုဏ်ဟူသည် သိမ်မွေ့ နက်နဲသော စျာန်ဝိပဿနာမဂ်ဖိုလ် နိဗ္ဗာန်နှင့် စပ်သောစကားကို ပြောဆိုတတ်သောဂုဏ်၊

(၇) န ဌာနနိယောဇကဂုဏ်ဟူသည် စေခိုင်းတိုက်တွန်းရန် အရာဌာနမဟုတ်သည့် အကျိုးမဲ့ လုပ်ငန်းကိစ္စများ၌ မစေခိုင်း မတိုက်တွန်းတတ်သောဂုဏ်တို့ ဖြစ်ပေသည်။

ယခု သနင်္ဂန်ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်ကြီးအတွက် အလျော်ဆိုရလျှင်

(၁) ပိယဂုဏ်ဆိုသည်မှာ သနင်္ဂန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် အဖွဲ့ဝင်များ အချင်းချင်း ချစ်ခင်နှစ်လိုကြသည့် ဂုဏ်အင်္ဂါဖြစ်သည်။

(၂) ဂရုဂုဏ်ဆိုသည်မှာ အချင်းချင်းရှိသေလေးစားမှုရှိသော ဂုဏ်ဖြစ်သည်။

(၃) ဘာဝနယဂုဏ်ဆိုသည်မှာ အဖွဲ့ချုပ်၏လုပ်ငန်းစဉ်များကို အဖွဲ့ အသင်းသားများက ကျွမ်းကျွမ်း ဝင်ဝင် သိမြင်သဘောပေါက်နေခြင်းဂုဏ်ဖြစ်သည်။

(၄) ဝတ္တာဂုဏ် ဆိုသည်မှာ အဖွဲ့ဝင်အချင်းချင်း ပြောဆိုဆက်ဆံရာ၌ဖြစ်စေ၊ အခြားအဖွဲ့များနှင့် ပြောဆိုဆက်သွယ်ရာ၌ဖြစ်စေ စကားအရာ၌ လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဂုဏ်ဖြစ်သည်။

(၅) ဝစနက္ခမဂုဏ်ဆိုသည်မှာ အသက် သိက္ခာ ဂုဏ်ဝါကြီးသူတို့၏ လမ်းညွှန်ပြသ ဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်ဖြစ်သည်။

(၆) ဂမ္ဘီရကထာကတ္တာဂုဏ်ဆိုသည်မှာ အဖွဲ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေးလေးနက်နက် တွေးတွေးဆဆ ပြောဆိုပြုမူ ဆောင်ရွက်သည့်ဂုဏ်ဖြစ်သည်။

(၇) နောက်ဆုံး နဋ္ဌာနနိယောဇကဂုဏ်ဆိုသည်မှာ အကျိုးမရှိသည့် အရာဌာနတို့၌ မတိုက်တွန်း မစေခိုင်းသည့် ဂုဏ်ဖြစ်သည်။

ဤဂုဏ် ၇ ရပ်တို့ကို မြဲမြံစွာ လက်ကိုင် ကျင့်သုံးကြပါက သနင်္ဂန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ဝင် ပုဂ္ဂိုလ်များသည် မိမိတို့၏ ရည်မှန်းထားရှိသည့် အသင်းရည်မှန်းချက်၊ အဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်များကို နှစ်ပေါင်းများစွာ အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
၁၃၈၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက်၊
(၂၀၂၆-ခုနှစ်၊ မေလ ၁၂-ရက်)

# သာရဏီယဩဝါဒကထာ



**သန္တန**-ဟူသည် ရှေးဟောင်းဖြစ်သော၊ ရှေးကျသောကာလ၌ဖြစ်သော၊ အစဉ်အလာဖြစ်သော၊ ဓမ္မတာထုံးဟောင်းဖြစ်သော၊ ရှေး၌ဖြစ်သော ဒါန-သီလစသော တရားရှိသောပညာရှိ၊ သနင်္ကုမာရဗြဟ္မာဟူသော အနက်တို့ကို အရာဌာနအားလျော်စွာ အသုံးပြုသော ဝေါဟာရဖြစ်သည်။

သန္တနဓမ္မပါလကအဖွဲ့သည် ရှေးအစဉ်အလာဓမ္မတာများ မကွယ်မပအောင် ရှေးအစဉ်အလာဓမ္မတို့ကို စောင့်ရှောက်ထိန်းသိမ်းနေသော အဖွဲ့ဖြစ်ပါသည်။ ရှေးအစဉ်အလာကောင်းဓမ္မများကို လိုက်နာကျင့်သုံးကြသော ပုဂ္ဂိုလ်တို့သည် လိမ္မာယဉ်ကျေးသောပုဂ္ဂိုလ်များဖြစ်ပါသည်။

အဘယ်ကြောင့် ယဉ်ကျေးပါသနည်း? မိမိနှလုံးသား၌ သီလ-သမာဓိ ပညာတရားတို့ ကိန်းအောင်းနေသောကြောင့်ဖြစ်ပါသည်။ ငါးပါးသီလသည် ကမ္ဘာလောကတစ်ခုလုံး မပျက်စီးအောင်၊ ကြီးပွားတိုးတက်အောင်၊ ငြိမ်းချမ်းသာယာသော လောကကြီးဖြစ်အောင် ဖန်တီးပေးနေသော သန္တနဓမ္မ ဖြစ်ပါသည်။ ငါးပါးသီလကို ပြည့်ပြည့်ဝဝ ကျင့်သုံးနေလျှင် ယဉ်ကျေးလိမ္မာခြင်း၊ လှပခြင်း၊ ကျန်းကျန်းမာမာဖြင့် အသက်ရှည်ခြင်း၊ ဘေးအန္တရာယ်မရှိခြင်း စသော အကျိုးတရားများကို လက်တွေ့ ခံစားနိုင်ကြပါသည်။ ငါးပါးသီလကို ကိုယ်စီကိုယ်င စောင့်ထိန်းနေသူများ နေရာဒေသ၌ ငြိမ်းချမ်းရေးအရသာကို မြိန်ယှက်စွာ ခံစားနိုင်ကြပါသည်။

ငါးပါးသီလကို မကျင့်သုံးပဲနေလျှင် ဘယ်အခါမှ ငြိမ်းချမ်းသောအရသာကို မခံစားနိုင်ပါ။ ထို့ကြောင့် သန္တန (ငါးပါးသီလ)မွေသည် လူမျိုးမရွေး ဘာသာမရွေး ကျင့်သုံးနိုင်သော သန္တနဓမ္မအစစ်ဖြစ်ပါသည်။ အသက်တိုခြင်း၊ ကပ်ရောဂါများ ဖြစ်ပေါ်နေခြင်း၊ ဘေးရန်အမျိုးမျိုး ဖြစ်ပေါ်နေခြင်းကို ငါးပါးသီလကို ကျင့်သုံးခြင်းဖြင့် ကင်းပျောက်အောင် ကုစားနိုင်ပါသည်။

သတ္တဝါတို့ ဆယ်နှစ်တမ်းသာ အသက်ရှည်ရာက တဖြေးဖြေး တစ်သိန်းတမ်း အသက်ရှည်စွာ နေရသောအကျင့်တရားသည် ငါးပါးသီလကုသိုလ်ကြောင့်ဖြစ်ပါသည်။ သတ္တဝါတို့ အသက်တမ်းတိုလာခြင်းသည် ငါးပါးသီလကို မကျင့်သုံးခြင်းကြောင့် ဖြစ်ပါသည်။ ကမ္ဘာလောကကြီး၌ ကပ်ရောဂါများ တစ်ခုပြီးတစ်ခု ဖြစ်ပွားခြင်း၊ စစ်ဘေးကြောင့် ပျက်စီးနေကြခြင်းသည် ငါးပါးသီလကို မကျင့်သုံးခြင်းကြောင့် ဖြစ်ပါသည်၊ ထို့ကြောင့် လူတိုင်းလူတိုင်း ငါးပါးသီလကို ကျင့်သုံးနိုင်အောင် စည်းရုံးခြင်း၊ တိုက်တွန်းခြင်း၊ လေ့ကျင့်ပေးခြင်း လုပ်ငန်းများကို လူတိုင်းလူတိုင်း မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့၏ လူမျိုးအလိုက် ရိုးရာဓလေ့ထုံးစံများ လူငယ်များအတွင်း စိမ့်ဝင်နေအောင် စည်းရုံးဆောင်ရွက်ကြခြင်းသည် "စောင့်လေမျိုးနွယ်"ဟူသော သားလိမ္မာ သမီးလိမ္မာတို့ မဖြစ်မနေ ကျင့်သုံးရမည့် ကျင့်ဝတ်ပင်ဖြစ်ပါသည်။

ထိုထက် တဆင့်တက်၍ သမာဓိလုပ်ငန်း, ဝိပဿနာဘာဝနာလုပ်ငန်းတို့ကို တစိုက်မတ်မတ် ကြိုးကြိုးစားစား ကျင့်သုံးကြပါလျှင် မိမိတို့နှလုံးသား၌ ကိန်းအောင်းနေသော ကိလေသာအယုတ်တရားများကို ကင်းပျောက်အောင် ရှင်းလင်း သုတ်သင်နိုင်ကြခြင်းကြောင့် စိတ်ချမ်းသာမှု, စိတ်ကြည်လင်မှု, ဆင်းရဲဒုက္ခများချုပ်ငြိမ်းခြင်း အရသာကို လက်တွေ့ ခံစားနိုင်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့် သီလ-သမာဓိ-ပညာ သနန္တနဓမ္မများ ပြန့်ပွားအောင် ဆောင်ရွက်သူသည် "သူတော်ကောင်းထက် သူတော်ကောင်းပုဂ္ဂိုလ်"ဖြစ်သည်ဟု မြတ်စွာဘုရားရှင် ဟောတော်မူပါသည်။

ထို့ကြောင့် သနန္တနဓမ္မများ ပြန့်ပွားအောင်, ကျင့်သုံးနိုင်အောင် ဆောင်ရွက်နိုင်ကြသဖြင့် ငြိမ်းချမ်းသာယာသော လောကကြီးကို အောင်မြင်အောင် တည်ဆောက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
၁၃၈၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက်
(၅-၅-၂၀၂၆)



**အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ မဟာမိတ်အဖွဲ့ချုပ် နှင့်**
**မြန်မာနိုင်ငံဗုဒ္ဓဝင်ပြပွဲကော်မတီ နာယကဆရာတော်**

## ဒေါက်တာပညာသာမိ (ထိုင်ဝမ်ဆရာတော်)

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၏**
**သာရဏီယသြဝါဒကထာ**

သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် (၇၅)နှစ်ပြည့် စိန်ရတု မင်္ဂလာ အချိန်အခါ သမယဝယ် ဤအဖွဲ့အစည်း၌ ဦးဆောင်လျှက်ရှိသော ပုဂ္ဂိုလ်များသည် ရှေးရိုးစဉ်လာဖြစ်သော ဟိန္ဒူဘာသာရေး ကျင့်စဉ်တရားများဖြင့် အဆီအနှစ် ပြည့်ဝသော တရားစစ်တရားမှန်တို့ကို လိုက်နာကျင့်သုံး ထိန်းသိမ်းစောင့်ရှောက်သူများ၏ အသင်းအဖွဲ့ ဖြစ်နေသည်ကို တွေ့ရပါသည်။

သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် မြန်မာနိုင်ငံသည် ၁၉၅၀ ခုနှစ် ဇန်နဝါရီ (၁၄) ရက်နေ့တွင် စတင် တည်ထောင်ခဲ့သည်ဟု သိရပါသည်။

မိမိတို့ကိုယ်တိုင်လည်း ကာယ ၊ ဉာဏ၊ စာရိတ္တ ၊ မိတ္တ နှင့် ဘောဂ စသည့် ဗလငါးတန် ပြည့်စုံရန်အတွက် ကျင့်ကြံကြိုးကုတ် အားထုတ်သည့်အပြင် မျိုးဆက်သစ် လူငယ်လူရွယ်များကိုလည်း အရည်အချင်းမြင့်မားရေး ဗလငါးတန် ဖွံ့ဖြိုးပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချလျှက် ပြည်တွင်းပြည်ပ ဘာသာသာသနာ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်အောင် မိမိကိုယ်ကျိုးမဖက် (၇) ရက် သားသမီးများ၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်၍ ချမ်းသားအစစ်ကို ရစေနိုင်သည့် မျိုးစေ့များချပေးသည့် ပုဂ္ဂိုလ်များဖြစ်သည့် အတွက် ဗုဒ္ဓမြတ်စွာဘုရားဟောတော်မူသော သာလွန်ထူးမြတ်ချီးမွမ်းအပ်သော ပုဂ္ဂိုလ်၏လုပ်ငန်းစဉ်များကို လိုက်နာ ပြုကျင့်နေသူများဖြစ်ပေသည်။

သို့ဖြစ်၍ သနန္တန ဓမ္မပါလက အဖွဲ့ဝင်သူတော်ကောင်းအပေါင်းတို့သည် သီလ ၊ သမာဓိ ၊ ပညာ ဟူသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားများကို ပွားများအားထုတ်နိုင်ကြ၍ သာသနာတော်ကြီး စည်ပင်ပြန့်ပွား ထွန်းကား တိုးတက် အောင် သာသနာပြုနိုင်ကြပါစေ။ ဝိမုတ္တိဟုဆိုအပ်သော လွတ်မြောက်မှုပန်းတိုင်သို့ လျှင်မြန်စွာ ရောက်နိုင်ကြပါစေဟု သာရဏီယသြဝါဒ ပုဗ္ဗင်္ဂမ အာသီသ ပြုလိုက်ပါသည်။

30/4/2026

ဒေါက်တာပညာသာမိ (ဂုဏ်ထူးဆောင်ပါရဂူ)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာ
မဟာမိတ်အဖွဲ့ချုပ်

ॐ

# श्रीआशुतोष शिव तपोधाम संन्यास आश्रम

एताया, टाउँजी, म्यान्मार



## आशीर्वचन

### "धर्मो रक्षति रक्षित:"

यह अत्यंत हर्ष और संतोष का विषय है कि म्यान्मार की पुण्यभूमि पर सनातन संस्कृति, संस्कार और अस्तित्व की रक्षा हेतु समर्पित 'सनातन धर्म स्वयंसेवक संघ' अपनी 75 वीं वर्षगांठ (हीरक जयंती) के सुअवसर पर स्मारिका का प्रकाशन करने जा रही है। इस मंगल अवसर पर, मैं संघ के सभी कर्मठ कार्यकर्ताओं, स्वयंसेवकों और प्रबुद्ध पाठकों को अपनी हार्दिक शुभकामनाएं एवं आध्यात्मिक आशीर्वाद प्रेषित करता हूँ।

सनातन धर्म मात्र एक उपासना पद्धति नहीं, अपितु एक शाश्वत जीवन दर्शन है। ''वसुधैव कुटुम्बकम्'' का उद्घोष करने वाली हमारी यह परंपरा समस्त मानवता के कल्याण की कामना करती है। म्यान्मार में निवास कर रहे समस्त सनातनी हिन्दुओं को एक सूत्र में पिरोकर, उन्हें अपनी जड़ों और गौरवशाली परंपराओं से जोड़े रखने का जो कार्य 'सनातन धर्म स्वयंसेवक संघ' कर रहा है, यह वास्तव में स्तुत्य है।

संगठन में ही शक्ति निहित है। जब समाज संगठित होता है, तभी वह अपनी सांस्कृतिक विरासत और श्रद्धा केन्द्रों को सुरक्षित रख पाता है। वर्तमान भौतिकवादी युग में जहाँ युवा पीढ़ी अपनी जड़ों से कटती जा रही है, वहाँ इस प्रकार की स्मारिका वैचारिक मार्गदर्शक का कार्य करेंगी। यह स्मारिका न केवल ज्ञान का प्रसार करेगी, बल्कि समाज के अन्दर सेवा, त्याग और भक्ति के भाव को भी प्रगाढ़ करेगी।

श्रीमद्भगवद्गीता का संदेश है कि निष्काम कर्म ही ईश्वर की सच्ची सेवा है। मुझे पूर्ण विश्वास है कि संघ इसी भाव से प्रेरित होकर म्यान्मार में सनातनी परंपराओं के संरक्षण और संवर्धन हेतु निरंतर क्रियाशील रहेगा।

अन्त में, एताया, टाउंजी स्थित श्री आशुतोष शिव तपोधाम संन्यास आश्रम की ओर से मैं स्मारिका के सफल प्रकाशन और समस्त सनातनी समाज के सुख, शांति एवं उज्ज्वल भविष्य के लिए देवाधिदेव महादेव से प्रार्थना करते हुए मंगलमय कामनाएं प्रेषित करता हूँ।

कल्याणमस्तु !

महामण्डलेश्वर श्री १००८ स्वामी विवेकानन्द गिरि
पीठाधीश
श्री आशुतोष शिव तपोधाम संन्यास आश्रम, एताया, टाउंजी, म्यान्मार ।



## श्री शिव शारदा संस्कृत (परहित) महाविद्यालय,
## दीर्घायुवन, रामेश्वर धाम, लोखू, म्यान्मार।

# शुभ सन्देश

सनातन धर्म स्वयंसेवक संघ के ७५-वीं हीरक जयन्ती के पावन अवसर पर म्यान्मार के समस्त श्रद्धालु, समाजजन एवं स्वयंसेवकों को मैं हृदय से हार्दिक अभिनन्दन एवं शुभकामनायें इस स्मारिका के माध्यम से प्रेषित करता हूं ।

सनातन धर्म स्वयंसेवक संघ ने म्यान्मार में अनेक वर्षों से धर्म, संस्कृति और समाजसेवा के दिव्य उद्देश्य को संरक्षित करते हुये युवा पीढ़ी एवं समाज के प्रत्येक वर्ग को सदैव धर्म-पथ पर प्रेरित किया है। संघ ने शिक्षा, स्वास्थ्य, सामाजिक समरसता, आपदा-निवारण तथा साँस्कृतिक उत्थान के क्षेत्र में अपने उत्कृष्ट आदर्शों और अथक परिश्रम से समाज को अमूल्य और अपरिहार्य योगदान किया है। संघ ने सनातन धर्म की अनमोल परम्पराओं और सामाजिक एकता की अलौकिकता को स्थिर रखने हेतु सतत् प्रयास किया है। यह प्रयास केवल धार्मिक सेवा तक सीमित नहीं है, बल्कि समाज में भ्रातृत्व, सहिष्णुता और सहयोग की अमूल्य भावना को दृढ़ करने का महत्वपूर्ण कार्य किया है। ७५ वर्षों मे संघ द्वारा किये गये समस्त कार्यों के द्वारा आज समाज में उन्नति और प्रगति का पथ प्रशस्त किया है।

म्यान्मार के प्रत्येक श्रद्धालु और स्वयंसेवकों द्वारा अपने हृदय की गहन भावनाओं से, समाज और धर्म के कल्याण हेतु योगदान और बलिदान की यह अनुपम साधना निरन्तर समर्पित किया जा रहा है। उनका यह उत्कृष्ट परिष्कार वर्तमान समय में समाज के लिये प्रेरणास्रोत के रूपमें स्पष्ट दिखाई देता है।

इस पावन अवसर पर मैं सभी से विनम्र अनुरोध करता हूँ कि संघ के आदर्शों और शिक्षाओं को आत्मसात करें। धर्म, समाज और मानवता के पथ पर निष्ठा एवं समर्पण के साथ अग्रसर रहें, सद्भाव, एकता एवं परस्पर सहयोग का दीप स्थायी रूप से प्रज्वलित रखें।

शुभमस्तु !

१००८ डा. श्री स्वामी विष्णुदेवानन्द सरस्वती

## သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏

# ဥယျောဇဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုဝေးနေထိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအတွင်း ကိုးကွယ်ကြသော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သည့် ဘာသာသာသနာအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈)၊ ပုဒ်မ ၃၆၁၊ ၃၆၂၊ ၃၆၃ တို့၌ နိုင်ငံတော်က အသိအမှတ်ပြု စောင့်ရှောက်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်က ဘာသာ သာသနာများကို ထောက်ပံ့ကူညီစောင့်ရှောက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်မှ အားပေးထောက်ပံ့ကူညီမှုကြောင့် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူသာသာများသည်လည်း ၎င်းတို့၏ ဘာသာရေးအသင်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ယင်းဘာသာရေး အသင်းအဖွဲ့များတွင် ဤသနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်သည် ၁၉၅၀ ပြည့်နှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဘာသာရေးအသင်းအဖွဲ့တစ်ခုဖြစ်ပြီး ဟိန္ဒူဘာသာဝင်တို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်း၍ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရန်၊ ဗလငါးတန် ပြည့်ဝစေရန်၊ အမျိုးသမီးများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝံသာနုရက္ခိတတရားများ ထွန်းကားစေရန် ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပေသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ သက်တမ်းမှာ ယခုဆိုလျှင် (၇၅)နှစ် စိန်ရတုကာလတိုင်အောင် ရှိခဲ့ပြီဖြစ်၍ ဤအဖွဲ့ကြီး၏ စွမ်းဆောင်ချက်များသည်လည်း သမိုင်းတခေတ် မှတ်တမ်းတင်ကျန်ရစ် နေမည်ဖြစ်ပြီး ဖြတ်သန်းခဲ့ရာ နှစ်ပေါင်း ၇၅ နှစ်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက် များကို ပြန်လည်သုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်အသုံးချကာ ရှေ့သို့ဆက်လက် လျှောက်လှမ်းမည့် ခရီးစဉ်တွင် အဖွဲ့ကြီး၏ မူလရည်မှန်းချက်များအတိုင်း ဟိန္ဒူဘာသာဝင်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါ စေကြောင်း ဆန္ဒပြုတိုက်တွန်းလိုက်ပါသည်။

ဦးတင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
သာသနာရေးဝန်ကြီးဌာန

၁၃၈၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက်၊
(၂၀၂၆-ခုနှစ်၊ မေလ ၁၄-ရက်)

|| ॐ ||

# राष्ट्रीय स्वयंसेवक संघ

## Rashtriya Swayamsevak Sangh

प्रधान कार्यालय : डॉ. हेडगेवार भवन, महाल, नागपुर - 440032

दूरभाष : (0712) 2723003; 2720150 ▪ Email : sachivalay@sanghngp.org

सरसंघचालक: मोहन भागवत | सरकार्यवाह: दत्तात्रेय होसबाले

युगाब्द - 5128, ज्येष्ठ कृष्ण अष्टमी
10 मई, 2026

**श्री आर. एस. मुकुंदन जी**
**अध्यक्ष, 75 वीं वर्षगांठ हीरक जयंती समारोह समिति,**
**सनातन धर्म स्वयंसेवक संघ, म्यांमार**

**आदरणीय मुकुंदन जी,**
**सप्रेम नमस्कार।**

म्याँमार में कार्यरत सनातन धर्म स्वयंसेवक संघ ने समाज सेवा के 75 वर्ष पूर्ण कर, अपनी हीरक जयंती वर्ष का समापन उत्सव आयोजित किया है यह सुनकर अत्यंत आनंद हुआ। इस ऐतिहासिक अवसर पर भारत के राष्ट्रीय स्वयंसेवक संघ की ओर से मैं आप सभी का हार्दिक अभिनंदन करता हूँ।

सनातन धर्म स्वयंसेवक संघ ने पिछले आठ दशकों से म्यांमार में हिंदू समाज के संगठन करने का तथा विभिन्न सामाजिक सेवा कार्य में निरंतर अत्यंत प्रेरणादायी कार्य किया है। इस कार्य को संपन्न करने हेतु असंख्य कार्यकर्ताओं ने सब प्रकार की कठिन परिस्थितियों में भी अपने समय, शक्ति, संसाधनों के समर्पण के साथ परिश्रम की पराकाष्ठा की है। वे सभी अभिनंदन के पात्र हैं जो अब इस लोक में नहीं हैं, उनका कृतज्ञता से स्मरण करना चाहिए।

सनातन धर्म स्वयंसेवक संघ ने बौद्ध समुदाय के साथ सामंजस्य रखते हुए महात्मा बुद्ध से प्रेरणा लेकर इस कार्य को आगे बढाया है। राष्ट्र निर्माण एवं विकास कार्य में स्वयंसेवकों की सहभागी भूमिका का निरंतर आग्रह किया गया है ऐसे सुंदर समन्वय को स्थापित करने के लिए स. ध. स्वयंसेवक संघ अभिनंदनीय है।

राष्ट्र जीवन के उतार चढाव व चुनौती पूर्ण समय में संघ ने अडिग रहकर अपने संकल्पित कार्य करने के उदाहरण प्रस्तुत किये हैं। समाज संगठन द्वारा राष्ट्रीय पुनर्निर्माण और सामाजिक सेवा करने का यह कार्य हीरक जयंती की प्रेरणा से अधिक प्रभावी बने तथा गति से आगे बढ़े यही हार्दिक शुभकामनाएँ व्यक्त करता हूँ।

सभी बंधुओं को मेरा सादर प्रणाम।

**धर्म रक्षा एवं सेवा में सदैव आपका,**

**दत्तात्रेय होसबाले**
**सरकार्यवाह, राष्ट्रीय स्वयंसेवक संघ**

"केशव कुंज", देशबंधु गुप्ता मार्ग, झंडेवालान, नई दिल्ली - 110055.
"Keshav Kunj", D.B.Gupta Road, Jhandewala, New Delhi
vandebharat1925@gmail.com




*Parampujaniya Keshavrao Baliram Hedgewar (Dr. Ji)*



Parampujaniya Madhavrao Sadashivrao Golwalkar ( Shri Guruji )

भारत का राजदूत
यांगून

सत्यमेव जयते

**AMBASSADOR OF INDIA**
**YANGON**



## संदेश

सनातन धर्म स्वयंसेवक संघ, म्यांमार की 75 वीं वर्षगाँठ (हीरक जयंती) के पावन एवं गौरवमय अवसर पर प्रकाशित होने वाली स्मारिका हेतु मैं अपनी हार्दिक शुभाशंसाएँ एवं मंगलकामनाएँ प्रेषित करता हूँ। सन् 1950 में मकर संक्रांति के पवित्र पर्व पर स्थापित यह प्रतिष्ठित संस्था विगत सात दशकों से अधिक काल से सनातन सांस्कृतिक मूल्यों, आध्यात्मिक परम्पराओं तथा लोकसेवा की भावना के संवर्धन एवं संरक्षण में अनुकरणीय भूमिका निभाती रही है।

म्यांमार की पावन धरती पर सनातन परम्पराओं, सांस्कृतिक विरासत एवं सामुदायिक सौहार्द के सुदृढ़ीकरण में संघ का योगदान अत्यंत प्रशंसनीय एवं प्रेरणास्पद रहा है। विविध धार्मिक, सांस्कृतिक एवं सामाजिक उपक्रमों के माध्यम से यह संस्था पंचबल - शारीरिक, बौद्धिक, चारित्रिक, मैत्रिक तथा भौगिक - के संतुलित विकास पर आधारित उस जीवनदृष्टि को प्रतिष्ठित करती रही है, जो समाज के सर्वांगिक विकास का सुनिश्चित माध्यम है। इस प्रकार इस संस्था ने न केवल भारतीय मूल के समुदाय को अपनी जड़ों से जोड़े रखने का महनीय कार्य किया है, अपितु भारत और म्यांमार के मध्य विद्यमान ऐतिहासिक, सांस्कृतिक एवं आत्मीय संबंधों को भी सुदृढ़ करने में महत्वपूर्ण सेतु की भूमिका निभाई है।

मुझे पूर्ण विश्वास है कि सेवा, संस्कार एवं समर्पण के उच्च आदर्शों से अनुप्राणित यह संगठन भविष्य में भी समाज में सद्भाव, नैतिक मूल्यों तथा मानवीय एकात्मता के प्रसार हेतु अपनी सक्रिय भूमिका का निर्वहन करता रहेगा।

इस विशिष्ट एवं ऐतिहासिक अवसर पर मैं संघ के समस्त पदाधिकारियों, सदस्यों एवं शुभेच्छुओं को हार्दिक अभिनन्दन अर्पित करता हूँ तथा 75 वीं वर्षगाँठ हीरक जयंती समारोह की पूर्ण सफलता एवं उज्ज्वल भविष्य के लिए अपनी शुभकामनाएँ व्यक्त करता हूँ।

अभय ठाकुर

**(अभय ठाकुर)**
**राजदूत**
**2 मई 2026**

545-547, Merchant Street, Yangon, Myanmar. Tel : (951) 8250161, 8243972, 8388412 Fax : (951) 8254086, 8250164, 8388414
https://www.embassyofindiayangon.gov.in Email : amb.yangon@mea.gov.in

# नेपाली राजदूतावास
# EMBASSY OF NEPAL
## Yangon, Myanmar



## शुभकामना सन्देश

म्यान्मारका सनातनी धर्मावलम्बीले आफ्नो धर्म संस्कृतिको दीर्घकालिन संरक्षण एवं प्रवर्धनका लागि युवा वर्गलाई संगठितरुपमा जागरुक गराई उनीहरुको शारीरिक, बौद्धिक एवं चारित्रिक बिकास गर्ने उद्देश्यले १४ जनवरी १९५० मा स्थापना भएको सनातन धर्म स्वयंसेवक संघको हीरक जयन्तीको अवसरमा स्मारिका प्रकाशित हुनु गैरहेकोमा धेरै खुसी लागेको छ।

सनातन धर्म संस्कृतिका दार्शनिक एवं व्यवहारिक शिक्षा प्रदान गर्दै युवाहरुमा समाज र देशको बिकासप्रति समर्पित भाव जगाउन स्थापनाको शुरुआतबाट नै शिक्षा, जनकल्याण, सेविका, युवा, परिवार सहायता जस्ता क्षेत्रगत समिति एवं भौगोलिक रुपमा स्थापना गरिएका विभिन्न विभाग मार्फत सम्पादन हुदै आएका कार्यक्रम एवं गतिविधिहरु संस्थाको लक्ष्य प्राप्तिका लागि गतिशील एवं समय सान्दर्भिक भएकोमा दुइमत हुन सकिदैन।

सनातन धर्मको संरक्षण एवं प्रवर्धनका लागि यस धर्म स्वयंसेवक संघले विगत ७५ बर्षमा सम्पादन गरेका प्रमुख कार्य प्रगति समेटेर प्रकाशित हुन गैरहेको यो स्मारिकामा उल्लेख भएका तथ्य तथ्याकं एवं विज्ञ र अनुभवी व्यक्तिहरुबाट व्यक्त विचार नयाँ पिढीका लागि प्रेरणाका श्रोत हुनेछन्।

यस सनातन धर्म स्वयंसेवक संघले गतिशील एवं समय सान्दर्भिक रुपमा कार्यक्रमहरु संचालन गर्दै जसरी ७५ बर्ष पुरा गरेको छ, भविष्यमा नयाँ पुस्ताको सोच एवं चिन्तनलाई समेत समेटदै अझ बैज्ञानिक रुपमा आद्यामिक एवं धार्मिक कार्यक्रम एवं गतिविधिहरु संचालन गर्दै सनातन धर्म संस्कृतिका मूल्य मान्यतामा आधारित निःस्वार्थ सामाजिक सेवामा स्वस्फूर्त युवा पिढी उत्प्रेरित हुने अपेक्षा सहित हार्दिक मंगलमय शुभकामना व्यक्त गर्दछु।

सादर,

दिनाङ्क २०८३ साल बैशाख महिना २१ गते सोमबार

हरिश्चन्द्र घिमिरे
राजदूत

No.16, Natmauk Yeiktha Street, Tamwe Township, Yangon, Myanmar Tel: 01 9545880, 01 9557168
Fax: 01 9549803 E-mail: eonyangon@mofa.gov.np Website: mm.nepalembassy.gov.np

卐 မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် 卐
( သာသနာရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ယာယီ အဖွဲ့ချုပ် )
အမှတ် ၃၈၇–၃၉၅၊ (ပထမထပ်)၊ အခန်းအမှတ် – A2၊ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395 (1st Floor), Room No. A 2, Bo Aung Kyaw Street,
Kyauktada Township, Yagnon. Tel : 01-245648, 09 894494244

# သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏ (၇၅) နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ပြုသဝဏ်လွှာ



သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် သနာတန ဓမ္မ အစဉ်အမြဲ တည်တံ့ခိုင်မြဲရေး၊ ဟိန္ဒူဘာသာဝင်တို့၏ လူမှုဘဝ တိုးတက်ရေး အတွက် နှစ်ပေါင်း (၇၅) နှစ်တိုင်တိုင် ကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ အထူးတန်ဖိုးရှိသော သမိုင်း မှတ်တမ်းတစ်ရပ် အနားမပန်း ဖြစ်ပါသည်။

ဤကာလအတွင်း အဖွဲ့ချုပ်သည် ဟိန္ဒူဓမ္မတရား ပြန့်ပွားရေး၊ ဟိန္ဒူ သာသနာရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုကူညီရေး လုပ်ငန်းများကို တာဝန်သိသိဖြင့် ဆောင်ရွက်လာခဲ့ပြီး လူမှုအသိုင်းအဝိုင်းအတွင်း သဒ္ဓါတရားနှင့် ဓမ္မတရား အလင်းရောင်များ ပိုမိုဖြန့်ဝေ နိုင်ခဲ့သည်ကို အလွန်တန်ဖိုးထားဂုဏ်ယူရပါသည်။

သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏ (၇၅)နှစ်မြောက် အထိမ်းအမှတ်သည် အဖွဲ့၏အောင်မြင်မှုများကို ပြန်လည်သတိရစေပြီး နောင်အနာဂတ်အတွက် ပိုမိုတိုးတက်ကောင်းမွန် သောလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် အားသစ်ရရှိစေမည့်အရေးပါသော အချိန်ကာလတခု ဖြစ်ပါသည်။

ထို့ကြောင့် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏ (၇၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားအား အထူးဂုဏ်ပြုလျက်အဖွဲ့၏ အထူးဂုဏ်ပြုလျက်အဖွဲ့၏ အနာဂတ်လမ်းခရီးတွင် သနာတနဓမ္မဖြစ်သော ဟိန္ဒူဘာသာနှင့် ဟိန္ဒူလူမှုအသိုင်းအဝိုင်း အကျိုးပြုလုပ်ငန်းများကို ဆက်လက်အောင်မြင်စွာ ဆောင်ရွက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒပြုအပ်ပါသည်။

တင်မြင့်
ဥက္ကဋ္ဌ
ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

၂၀၂၆-ခုနှစ်၊ မေလ ၇-ရက်

# သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်

सनातन धर्म स्वयंसेवक संघ (केन्द्र)

Sanatan Dharma Swayamsevak Sangh (H.Q)

No. 227/229, 37th Street, Kyauktada Township, Yangon, Myanmar. ☎: 01-825 1486, 01-838 1877, Email : sdss.myanmar@gmail.com




## အမှာစကား

သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သည် မြန်မာနိုင်ငံရှိ ဟိန္ဒူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကာ ဗလငါးတန် ဖွံ့ဖြိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လာသည်မှာ ယခုအခါ ၇၅-နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ ၇၅-နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ်များကို ကျင်းပပြုလုပ်ခြင်းအားဖြင့် နောင်လာ နောက်သားများမှ မိမိတို့၏ အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအတွက် ဂုဏ်ပြုနည်းယူဖွယ်ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။

ကျွန်တော်ကိုယ်တိုင် ငယ်ရွယ်စဉ် ကျောင်းသားဘဝကစ၍ ဓမ္မပါလကအဖွဲ့ဝင် ဆွယံသေဝက တစ်ဦးဖြစ်ခြင်းကို ဂုဏ်ယူ ကျေနပ်မိပါသည်။ ထို့ကြောင့် ယခု ၇၅-နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ်ကို ၁၇-လအတွင်း ကျင်းပရန် လုပ်ငန်းစဉ် ၁၄-ရပ်ချမှတ်ကာ အားလုံးအောင်မြင်ပြီးပြည့်စုံစွာပြုလုပ်ရာ၌ တစ်နိုင်ငံလုံးရှိ အလုပ်အမှုဆောင်များ၊ ဆွယံသေဝက/သေဝိကာများနှင့် ဟိန္ဒူအမျိုးသားစုကြီးမှ မိဘပြည်သူများ အားလုံး လက်တွဲညီညီ အားတက်သရော မနားမနေ၊ မညည်းမညူဘဲ၊ တက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်မှ အားရကျေနပ်မိ၍ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဆံဃလုပ်ငန်းသည် ဘုရားသခင် လုပ်ငန်းကိစ္စဖြစ်ကြောင်း ယုံကြည်ခြင်းကို ပို၍ပင် ထင်ဟပ် စေပါသည်။

ရရှိခဲ့သည့်တာဝန်များကို ပြီးမြောက်အောင်မြင်စွာ ကျေပွန်စွာ ထမ်းဆောင်ရာတွင် ကိုယ်အား၊ ဉာဏ်အား၊ ငွေအားပါမကျန် အဘက်ဘက်မှ ကူညီပံ့ပိုးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား များစွာကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ "ဆံဃေ ရှ(က်)သိ ကလော်ယုဂေ" ဟူသည့် အဆိုနှင့် အညီ ဤကလိယုဂ (ဘဒ္ဒကမ္ဘာ)တွင် စည်းလုံးညီညွတ်တွင်သာ အင်အားရှိသည်ဟု စကားအတိုင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဟိန္ဒူ ညီအစ်ကို မောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ တာဝန်နှင့် ဝတ္တရားများကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက် သာယာလှပသော အနာဂတ်ကို ဖန်တီးကြပါစို့ဟု ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

၂၀၂၆-ခုနှစ်၊ မေလ ၃-ရက်

ဗဂျရံ(ဂ်)လားလ်ရှ(ရ်)မား (ခ) သီရိပျံချီဦးမောင်မောင်
(ဥက္ကဋ္ဌ)



## သနတ္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် ၇၅-နှစ်ပြည့် အထိမ်းအမှတ် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၏ အမှာစာ

၂၁- ရာစု၌ ကမ္ဘာတစ်ဝှမ်းလုံးတွင် စိတ်ဝင်စားမှုအသစ်များ ဖြစ်ပေါ်နေလျက်ရှိ၏။ ဤသည်ကို အရာရာတွင် တွေ့မြင်နေရသကဲ့သို့ပင် သနတ္တနဓမ္မပါလကအဖွဲ့ဝင် ဆွယံစေဝကများတွင်လည်း ဆံယအဖွဲ့အား စတင်တည်ထောင်သည့် ၇၅ -ပြည့်အထိမ်းအမှတ်ပွဲကို အကြောင်းပြု၍ အားသစ်လောင်းနေဘိသကဲ့သို့ အောက်မေ့ခံစားနေကြရခြင်းမှာ အံ့ဖွယ်မဟုတ်ပေ။

သနတ္တနဓမ္မပါလကအဖွဲ့ ၇၅-နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပဆင်နွှဲရန် လက်ရှိအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် လွန်ခဲ့သည့် ၂၀၂၅ - ခုနှစ်၊ ဇန်နဝါရီလမှ စ၍ ၂၀၂၆ - ခုနှစ် မေလ အထိ (၁၇)လတိုင်တိုင် ကာယ၊ ဉာဏ၊ ပုံတူ ပန်းချီရေးဆွဲခြင်းနင့် ဆေးရောင်ခြယ်ပြိုင်ပွဲ အပါအဝင် အစီအစဉ်များစွာကို ရေးဆွဲ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အပြင် သွေးလှူဒါန်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ကာယနှင့် ဉာဏ ပိုင်းဆိုင်ရာ ပြိုင်ပွဲများ၊ ယောဂသင်တန်း၊ ဟိန္ဒူအမျိုးသမီးများတွေ့ဆုံပွဲ၊ ဟိန္ဒူအမျိုးသားများ တွေ့ဆုံပွဲ စသည်တို့ကိုပါ စနစ်တကျစီစဉ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါကိစ္စရပ်များအတွက် သနတ္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ ၇၅-နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပရေး ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ရာ၊ မိမိအား ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ကမ်းလှမ်းခဲ့ကြသဖြင့် ဂုဏ်ယူဝမ်းမြောက်စွာတာဝန်ယူခဲ့ပါသည်။

ဓမ္မပါလကအဖွဲ့ လုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်တစ်ခုကို အောင်မြင်ပြည့်စုံသည့် တိုင်အောင် ဆောင်ရွက်ခြင်းထက် ထိုအလုပ်နှင့် စပ်လျဉ်းသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များ၏ကြံစည်ပုံ၊ စုပေါင်း ဆောင်ရွက်ပုံတို့ကို အဓိကထားကြသည့် အစဉ်အလာရှိသည်နှင့်အညီ ဤအစီအစဉ်များ ကျင်းပခြင်းနှင့် ပတ်သက်၍ ကျရာတာဝန်ကို ကြိုးစားဆောင်ရွက်နိုင်မှု ရှိမည်ဟုလည်း ယုံကြည်ကြပေသည်။ အဘယ့်ကြောင့် ဆိုသော် ဆံယအဖွဲ့လုပ်ငန်းတွင် ရာခါးများမှတဆင့် အစဉ်မပြတ် ဆက်သွယ်မှုရှိနေပြီး အစီအစဉ်များ တစ်ခုပြီး တစ်ခု ဆောင်ရွက်နေရခြင်းကြောင့် သက်ဆိုင်သော ကာရ်ယကရ်သာ (အမှုဆောင်)များ ၎င်းတို့၏ တာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် သင်တန်းများရရှိထား၍ ကျွမ်းကျင်ပြီးသား ဖြစ်၍သာဖြစ်သည်။

ထို့ကြောင့် ယခုထက်တိုင်ဆောင်ရွက်လာသော အစီအစဉ်များအားလုံးလိုလို လျာထားချက်နှင့်အညီ ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်သည်ဟု ပြောနိုင်ပါသည်။ အဖွဲ့၏ ရည်ရွယ်ချက်နှင့်အညီ ရှေ့လုပ်ငန်းစဉ်များ အားကြိုးမန်တက် ပုံမှန်ဆောင်ရွက်ရန်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များအားလုံး လက်တွဲညီညီ ဆထက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြပြီး အောင်မြင်မှု သရဖူ ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့် ရှုံမျှမက ယုံကြည်မှုအပြည့်ရှိပါကြောင်းကိုလည်း ဖော်ပြ အပ်ပါသည်။

ထိုသို့ဆောင်ရွက်မှုများကြောင့် မိမိတို့ ဟိန္ဒူ အဖွဲ့အစည်းတွင် မျှော်လင့်သည်ထက်ပို၍ အကျိုးကျေးဇူးများ ဖြစ်ထွန်း နေမည်မှာ ဧကန်မလွဲပင်။

ယခုကျင်းပနေသော ၇၅-နှစ်ပြည့်အထိမ်းအမှတ် အစီအစဉ်များ ကျင်းပရာတွင် မြန်မာနိုင်ငံရှိ ဟိန္ဒူ တစ်မျိုးသားလုံး၏ တက်တက်ကြွကြွ ပါဝင်ကူညီမှုများ၊ ကျင်းပရေးကော်မတီ၏ စွမ်းဆောင်မှု၊ ဓမ္မပါလကအဖွဲ့၏ အမှုဆောင်များ လက်တွဲညီညီ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါသည်။

အားလုံး ကာယ၊ စိတ္တနှစ်ဖြာသော သုခဖြင့်ပြည့်ဝပါစေကြောင်း ဆုတောင်း ပတ္ထနာပြုလျက် - - -

*R.S. Mukunthan* @ **ဇော်မိုးအောင်**

သုဓမ္မမဏိဇောတဓရ

ဥက္ကဋ္ဌ - ၇၅ - နှစ်ပြည့်အထိမ်းအမှတ် ကျင်းပရေးကော်မတီ

၂၀၂၆-ခုနှစ်၊ မေလ ၅-ရက်

# ဂုဏ်ပြု ကျေးဇူးစကား

သနာတန ဓမ္မပါလက အဖွဲ့ကို လွန်ခဲ့သော ၇၅-နှစ်ကတည်းက မြန်မာနိုင်ငံတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ သနာတနဓမ္မ-ရှေးရိုးရာ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုး၊ ဘာသာ၊ သာသနာ ပြန့်ပွားရေးတို့ကို ဆောင်ရွက်ပေးရေးပင် ဖြစ်ပါသည်။ အထက်ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်၊ လူငယ်လူရွယ်များတွင် ဗလငါးတန် ဖွံ့ဖြိုးရေး၊ စည်းကမ်းလိုက်နာ ဆောင်ရွက်တတ်ရေး၊ အချင်းချင်း ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီးစွာ စုပေါင်းဆောင်ရွက်တတ်စေရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးကာ၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် ဂုဏ်ယူအားထားနိုင်စွမ်းရှိသူများ ပေါ်ပေါက်လာစေခြင်းတို့ကို အခြေခံထား၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

သက္ကရာဇ်(၂၀၂၅)ပြည့် ဇန္နဝါရီလ (၁၄) ရက်နေ့တွင် ကျရောက်သည့် မကာရဆံကရန္တိပွဲတော်နေ့သည် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ ၇၅-နှစ်ပြည့် မင်္ဂလာနေ့ရက် ဖြစ်ခဲ့ပါသည်။

လွန်ခဲ့သော ၇၅-နှစ်တာ ကာလပတ်လုံး သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့မှ ဆောင်ရွက်ခဲ့သော အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာ အကျိုးပြု လုပ်ငန်းများ ရည်ရွယ်ချက်နှင့်အညီ တိုးတက် အောင်မြင်စေရန်၊ ကိုယ်ကျိုးမဖက် အများအကျိုး သက်သက်၊ အဖက်ဖက်မှ ကိုယ်အား၊ စိတ်အား၊ ဉာဏ်အား၊ ဓနအားတို့ဖြင့် ကူညီပံ့ပိုးခဲ့ကြသော ရဟန်း၊ ရှင်၊ လူ ပုဂ္ဂိုလ်အများ အပြားနှင့် ဆက်သွယ်မှု ရရှိခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘုရားကြီးမှ အမှူးပြု၍ တိုင်းနှင့်ပြည်နယ် မြို့နယ် အသီးသီးရှိ၊ ဩဝါဒစရိယ ဆရာတော်ဘုရားကြီးများ၊ သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘုရားကြီးများ၏၊ ဩဝါဒနှင့် နိုင်ငံတော်အကြီးအကဲများ၊ အဆင့်ဆင့်သော ဒေသအုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲများ၊ ဘုရား၊ ပုထိုး၊ စေတီတော်မြတ် ဂေါပကအဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းတော်များမှ ဝေယျာဝစ္စအဖွဲ့ဝင်လူကြီးများ၊ မြို့မိ၊ မြို့ဖ ဓမ္မမိတ်ဆွေများအားလုံး၏ ကူညီပံ့ပိုးချီးမြှင့် အားပေးမှုကြောင့် ဓမ္မပါလကအဖွဲ့၏ လုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက် လာနိုင်ခဲ့ပါသည်။

၁၉၅၆ ခုနှစ်မှ ယနေ့တိုင်အောင် မြန်မာနိုင်ငံ တဝှမ်းလုံး တိုင်း၊ပြည်နယ်၊ မြို့နယ် အသီးသီးများတွင် သနာတန ဓမ္မပါလက အဖွဲ့မှဦးစီး၍ ဗုဒ္ဓဝင် ပြပွဲများကို ခမ်းနားကြီးကျယ်စွာ ပြသနိုင်ခဲ့သဖြင့် နှင့် အများပြည်သူတို့ အကျိုးအတွက် တစ်ဘက်တစ်လမ်းမှ အုဋ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ဖြည့်စွက်ဆောင်ရွက်ခွင့် ရရှိ ခဲ့ခြင်းကြောင့် ရဟန်း ရှင် လူ ပုဂ္ဂိုလ်များ၏ ကျေးဇူးတရားများ အဖွဲ့ဝင်အားလုံး၏စိတ်ဝယ် ယနေ့တိုင် ကိန်းအောင်းလျက် ရှိပါသည်။ ထို့အတူ နေ့စဉ်ရှာခါးများ ပြုလုပ်ခြင်းနှင့်နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗလငါးတန် ဖွံ့ဖြိုးရေး သင်တန်းများ ကျင်းပရာတွင်လည်းကောင်း၊ ဆက်စပ်အဖွဲ့အစည်းများမှ ဟိန္ဒူ အမျိုးသားစုကြီး ဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းများ အစရှိသည်တို့ ဆောင်ရွက် လုပ်ကိုင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ကြွရောက်အားပေး ချီးမြှင့်ခဲ့ကြသည့် ကျေးဇူးတရားများသည်လည်း ကြီးမားဂုဏ်ယူဘွယ် ကောင်းလှပါသည်။

ကိုယ်ကျိုးမဖက် အများအကျိုးသက်သက် အတွက်သာ အဖွဲ့၏လုပ်ငန်းများ အရှိန်အဟုန်မပျက် အမြဲတိုးတက်အောင်မြင်စေရန် ဦးဆောင်လမ်းညွှန်မှုပြုခဲ့ကြသော ပုဂ္ဂိုလ်များနှင့် အချို့သောပုဂ္ဂိုလ်တို့သည် ယနေ့ ကျွန်တော်တို့နှင့်အတူ သက်ရှိထင်ရှား မရှိကြသော်လည်း ထိုပုဂ္ဂိုလ်များ၏ ကျေးဇူးသည် အဖွဲ့ကို ၇၅-နှစ်ပြည့်တိုင် ခိုင်ခိုင်မာမ တည်တံ့နိုင်ရေးအတွက် အထူးအရေးပါခဲ့ပါသည်။

ထိုမျှမက အဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းများ ဆထက်ထမ်းပိုး အောင်မြင်ရန်နှင့် မြန်မာနိုင်ငံ အနှံ့အပြား ပျံ့နှံ့ အောင် မိမိတို့၏ဘဝနှင့် တန်ဖိုးမဖြတ်နိုင်သော အချိန်များကို ပဓာနမထားဘဲ အားကြိုးမာန်တက် နှစ်အပိုင်းအခြားအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော သာသနာပြု ပုဂ္ဂိုလ်များ၊ အဖွဲ့စတင်တည်ထောင်စဉ်မှ ယနေ့ထိ သာသနာပြုနေ ကြသော သာသနာပြုပုဂ္ဂိုလ်များ၏ ကျေးဇူးတရားသည်လည်း အဖွဲ့အတွက် တန်ဖိုးမဖော်ပြနိုင်အောင်ပင် ကြီးမားလှပါသည်။ ဓမ္မပါလက အဖွဲ့တွင် သာသနာပြု ပုဂ္ဂိုလ် ဆိုသည်မှာ အနာဂါရိကာ ပုဂ္ဂိုလ်ဖြစ်ပြီး၊ ၎င်းတို့၏ ဘဝတစ်ခုလုံးသည် အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုးနွယ်စု စာပေစသည့် ပရဟိတ လုပ်ငန်းများတွင် နှစ်မြှုပ်ထားသူများ ဖြစ်ကြပါသည်။

အထက်တွင် ဖော်ပြခဲ့သော ကျေးဇူးရှိခဲ့သူများ၏ ကျေးဇူးတရားတော်များကို ပြန်လည် သတိရနေရန်နှင့် အဖွဲ့၏ ရှေ့လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် သင်ခန်းစာများယူရန် တာဝန်ရှိသည်နှင့်အညီ ရှေးရိုးစဉ်လာအရ သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့၏ ၇၅-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သက္ကရာဇ် ၂၀၂၆-ခုနှစ် မေလ ၂၃/၂၄ ရက်နေ့များတွင် အစီအစဉ်များ ချမှတ်၍ ရန်ကုန်မြို့တွင် တခမ်းတနား ကျင်းပရန် စီစဉ်ရခြင်း ဖြစ်ပါသည်။

သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် ၇၅-နှစ်ပြည့် အထိမ်းအမှတ် လုပ်ငန်းစဉ်များမှာ

(၁) မီးဟုမ်း ယာဇ် ပူဇော်ပွဲ

(၂) ရှာခါး (၇၅) ခု

(၃) ၇၅ မြို့နယ် အဆက်သွယ်ပြုလုပ်ရန်

(၄) *Sanskar Sadhana Varga*

(တစ်နေ့တာ ဘာသာရေးနှင့်ယဉ်ကျေးမှုသင်တန်း) (၇၅) နေရာ

(၅) သွေးလှူဒါန်းခြင်း (၇၅၀) ယူနစ်

(၆) အပင်စိုက်ပျိုးခြင်း (၇၅၀) ပင်

(၇) ကာယပြိုင်ပွဲ

(၈) ဉာဏပြိုင်ပွဲ

(၉) ပုံတူပန်းချီ ရေးဆွဲခြင်းနှင့် ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲ

(၁၀) ယောဂ သင်တန်း

(၁၁) ဟိန္ဒူအမျိုးသမီး တွေ့ဆုံပွဲ

(၁၂) ဟိန္ဒူ အမျိုးသား တွေ့ဆုံပွဲ

(၁၃) ၇၅-နှစ်ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ် ဝေရေး၊

(၁၄) ကာယ၊ ဉာဏ၊ ဟိန္ဒူဓမ္မသင်ကြားပို့ ချရေးကော်မတီမှ တစ်နိုင်ငံလုံးဆိုင်ရာ ပထမ၊ ဒုတိယ၊ တတိယအဆင့်ရ ကျောင်းသူ/သားများအား ဆုချီးမြှင့်ပွဲနှင့် စိန်ရတုသဘင် အခမ်းအနားတို့ပဲ ဖြစ်ပါသည်။

အထူးဝမ်းမြောက်စွာ တင်ပြလိုသည်မှာ အထက်ဖော်ပြပါ အစီအစဉ်များအားလုံး ကျင်းပပြုလုပ်ခဲ့ရာ ဟိန္ဒူဓမ္မ မိတ်ဆွေများ၏ စေတနာ၊ မေတ္တာ အပြည့်အဝတို့ဖြင့် အားပေးကူညီမှုများ ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၇၅-နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ်များအားလုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖွဲ့၏ မေတ္တာရပ်ခံ တောင်းပန်လျှောက်ထားချက်အရ၊ ဩဝါဒကထာ ပေးပို့ခဲ့ကြသော၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဆရာတော်ကြီးနှင့်၊ ပေပင် ဂန္ဓမာ ကမ္မဋ္ဌာန်းကျောင်းတိုက် မဓာနနာယကဆရာတော်များအား အထူးပင်ကျေးဇူးတင် ပူဇော် ကန်တော့အပ်ပါ သည်။

အဖွဲ့၏ မွန်မြတ်သောလုပ်ငန်းများ ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ရန် မေတ္တာစေတနာ ရှေ့ထား၍ ဩဝါဒကထာ ချီးမြှင့်ပေးပို့ခဲ့သော မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အထူးပင် ကျေးဇူး ဥပကာရတင်ရှိပါသည်။ အလားတူ အမှာစာများ ပေးပို့ခဲ့ကြသော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟို အဖွဲ့ချုပ် - ဥက္ကဋ္ဌနှင့် ပြည်တွင်းပြည်ပမှ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား လည်းကောင်း၊ မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒီ၊ တမိလ် ဘာသာတို့ဖြင့် ဆောင်းပါးများ ရေးသား ပြုစုပေးခဲ့ကြသော စာပေရှင်ကြီးများ အားလုံးအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ ၇၅-နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ်များအားလုံး ခမ်းနားထည်ဝါစွာ ကျင်းပ နိုင်ရေးအတွက် ပါဝင်လှူဒါန်းပေးခဲ့ကြသူများနှင့် အထိမ်းအမှတ် စာစောင်တွင် စီးပွားရေး ကြော်ငြာများ ထည့်သွင်း၍ ပါဝင် ကူညီ အားပေးခဲ့ကြသော စီးပွားရေးလုပ်ငန်း ရှင်များ၊ ငွေအား၊ လူအား၊ အကြံဉာဏ်အား၊ နေရာထိုင်ခင်းများ ဖြင့် အမြဲတမ်း ကူညီပေးခဲ့ ကြသော ရှရီ ရာမကြိ(သ္န)ဏ မစ်ရှင်၊ ဟိန္ဒူ ဆိုရှယ်ကလပ်၊ နန္ဒရာ(မ်) နေပါလီ ဓမ္မသာလ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ရှရီ မဟာလက္ခမီ မယ်တော် ဘုရားကျောင်း၊ ရှရီ ဘူသိနာထ် မဟာဒေဝ ဘုရားကျောင်း၊ ရှရီ ရှရီ ဒုရ်ဂါဘာရီ ဂေါပက အဖွဲ့ဝင် လူကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ ဟိန္ဒူဘုရားကျောင်း အသီးသီးမှ ဂေါပကအဖွဲ့ဝင်များ အားလုံး တို့အား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

၇၅-နှစ်ပြည့် အထိမ်းအမှတ်စာစောင် ထုတ်ဝေဖြန့်ချိ နိုင်ရေးတို့အတွက် အဖက်ဖက်မှ ကူညီထောက်ပံ့မှု ပေးခဲ့ကြ သူများအား အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ကျင်းပခွင့်ပြုခဲ့ ကြသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပုံတူ ပန်းချီရေးဆွဲခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် နှိုးဆော်၊ စီစစ် အကဲဖြတ် ရွေးချယ် ပေးကြသော မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင် အစည်းအရုံး (ဗဟို)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့အတူ အခမ်းအနားကျင်းပနိုင်ရန် နေရာထိုင်ခင်း ခွင့်ပြုပေးခဲ့ကြသော ယဉ်ကျေးမှု ဦးစီးဌာန၊ အမျိုးသားဇာတ်ရုံ (ရန်ကုန်) မှ တာဝန်ရှိ ပုဂ္ဂိုလ် အားလုံး တို့နှင့် အဖက်ဖက်မှ ကိုယ်အား၊ ဉာဏ်အား၊ ဓနအားတို့ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက် ပေးကြသော ကျေးဇူးတင်ထိုက် သူမှန်သမျှ အားလုံးတို့အား အထူးဝမ်းမြောက်ဝမ်းသာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



*Ashok Khetrapal* @ အောင်ဝင်း

ဒုတိယ ဥက္ကဋ္ဌ

သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်

# သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်

မြန်မာနိုင်ငံတွင် ဟိန္ဒူတို့၏ သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် (ခ) *Sanatan Dharma Swayamsevak Sangh* မည်သော အဖွဲ့တစ်ဖွဲ့ ရှိသည်ကို မြန်မာနိုင်ငံအနှံ့အပြား သိကြသူများ ရှိကြသော်လည်း ၎င်းတို့ အတိုကောက် သိရှိကြသည်မှာ မြန်မာအခေါ် "ဓမ္မပါလက" နှင့် သက္ကတ အခေါ် "ဆံဃ" ဖြစ်ပါသည်။

အဖွဲ့၏ လုပ်ဆောင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍မူ ကောင်းစွာ၊ မှန်ကန်တိကျစွာ မသိကြပေ။ ဤသို့ ဖြစ်ရခြင်း အကြောင်းရင်းကို ရှာရလျှင် ဓမ္မပါလက အဖွဲ့မှာ ဤကိစ္စကို အရေးမပေးဘဲ လုပ်ငန်းဆောင်ရွက်ခြင်းကိုသာ အဓိက ထားခြင်းကြောင့် ဖြစ်သည်ဟုဆိုရမည်။ သို့ဖြစ်၍ ဓမ္မပါလက အဖွဲ့ စတင်ဖွဲ့စည်းခဲ့ချိန်က အဖွဲ့အကြောင်းကို စုံလင်စွာ ဖော်ပြရန် ယခု လိုအပ်လာပြီဟု ထင်ပါသည်။ သို့မှသာလျှင် အဖွဲ့အကြောင်းကို မှန်ကန်စွာ ကြိုတင် သိနားလည်ကြပြီး ရှေ့တွင် အဖွဲ့လုပ်ငန်းဆောင်ရွက်ရန် လူအများအပြား ယုံကြည်အားထားမှု၊ ရိုင်းပင်းကူညီမှုများ၊ ပံ့ပိုးမှုများ တိုးပွား လာဦးမည်ဖြစ်သည်ဟုထင်၍ ဤနေရာတွင် အနည်းငယ် ဖော်ပြရခြင်း ဖြစ်သည်။

**အဖွဲ့အစည်း မစတင်မီက မြန်မာနိုင်ငံရှိ ဟိန္ဒူတို့၏ အခြေအနေ**

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး မရခင်က ဟိန္ဒူများ နိုင်ငံတော် အနှံ့အပြားတွင် လုပ်ငန်းအမျိုးစုံ လုပ်ကိုင်၍ နေထိုင်ခဲ့ကြသည်။ မိမိတို့ ဘာသာ ယဉ်ကျေးမှု ရိုးရာ ဓလေ့များကို ကျင့်ဆောင်ကြလျက် အများနှင့်အတူ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကိုပါ ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရပြီးနောက် လူမှုရေး၊ ဘာသာရေး စသည့် ဘက်တွင်လည်း ပြောင်းလဲမှုများ တွေ့ရလေသည်။ ထိုအချိန်က အခြေအနေကို လေ့လာလျှင် ဟိန္ဒူတို့တွင် ကိုးကွယ်သည့် ဘာသာရေး အယူအဆ၊ ဂိုဏ်းအသီးသီး၊ ဝါဒဘာသာ စာပေစကားအသီးသီး တို့အလိုက် ဖွဲ့စည်းတည်ထောင်ထားသော ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များစွာ ရှိကြသည်။ မိမိတို့ အယူအဆအလိုက် ဘုရားကျောင်းများ ရှိကြသည်။ စာသင်ကျောင်းများ၊ ကုသိုလ်ဖြစ်ဆေးရုံများ၊ ဆေးပေးခန်းများ စသည့် လူမှုရေးနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များလည်း ရှိကြသည်။ သို့သော် ဟိန္ဒူ တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် မည်သည့် အသင်းအဖွဲ့မှ မရှိချေ။

ဒေါက်တာ မံဂလ်ဆေ(န်)သည် ထိုအချိန်က လူကြီးများနှင့် အဆက်သွယ်ရပြီးဖြစ်၍ ၎င်းတို့နှင့် ဆွေးနွေးပြီး၊ ၁၉၅၀- ပြည့်နှစ် ဇန်နဝါရီလ၌ ကျရောက်သည့် မကရ-ဆံကရာန္တိ ပွဲတော် မင်္ဂလာနေ့ရက်တွင် ရန်ကုန်မြို့ရှိ ရှရီဗိ(သ္သု)ဏာဘာရီ (လက်ရှိမဟာပိန္နဲ) ဘုရားကျောင်းတွင် ဖိတ်ခေါ်၍ မကရ် -ဆကရာန္တိသိ ပွဲတော်ကျင်းပလေသည်။ အစီအစဉ်၌ ရန်ကုန်မြို့တွင် *BHARTIYA SWAYAMSEVAK SANGH* အဖွဲ့ဟု အမည်မှည့်၍ ရှာခါးကို စနစ်တကျ ပြုလုပ် ဆောင်ရွက်ခဲ့လေသည်။ မျှားမကြာမီ ရန်ကုန်မြို့တွင် ဖွင့်လိုက်သော SANGH အဖွဲ့ အကြောင်းပျံ့နှံ့သွားလေသည်။ ရှာခါးများတွင်မူ အားသစ်လောင်း လိုက်သည့်အလား ဖြစ်လေသည်။

ရန်ကုန်မြို့တွင် *Bharatiya Swayamsevak Sangh* အဖွဲ့ ဖွဲ့စည်းပြီးနောက် ဒေါက်တာ မံဂလ်ဆေ(န်)သည် မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီးစသည့် မြို့များတွင်လည်း ရှာခါးများဖွင့်လှစ်၍ ဆံဃအလုပ် စတင်လုပ်ကိုင်စေခဲ့ ပါသည်။ ရန်ကုန်မြို့ အလယ် ရှာခါးသုံးခုအပြင် သဃ်န်းကျွန်းမြို့နယ်တွင်လည်း ရှာခါးဖြစ်နေခဲ့လေသည်။ ဆွယံစေဝက (အဖွဲ့ဝင်) ဦးရေမှာ တစ်စတစ်စတိုးပွား လာခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဆံဃလုပ်ငန်း စတင်ခဲ့ခြင်းဖြစ်လေသည်။ တစ်နှစ်၊ တစ်နှစ်ခွဲတာမျှကြာသော ကာလအတွင်းမှာပင် ရန်ကုန်မြို့တွင် ဆံဃအဖွဲ့သည် စည်းကမ်းရှိပြီး၊ စနစ်တကျ လုပ်ကိုင် ဆောင်ရွက်သောအဖွဲ့ အဖြစ် ထင်ရှားလာခဲ့သည်။ ဆံဃအဖွဲ့မှ ဂုရုပူ(ရ်)ဏိမာ၊ ရက္ခာဗန်ဓန်၊ ဝိဂျယဒသမီ စသည့်ပွဲတော်များ တခမ်းတနား ကျင်းပလာခဲ့သည်။ ဆွယံစေဝကများ၏ မိသားစုများ တွင်လည်း အဖွဲ့နှင့်ပတ်သက်၍ စိတ်ဝင်စားလာကြသည်။ အားပေးကူညီမှုများလည်း ရှိလာကြလေသည်။

၁၉၅၂-ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ *Dr. SHYAMA PRASAD MUKHARJEE* အမည်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးမှ မြတ်စွာ ဘုရား၏ လက်ျာရံနှင့် လက်ဝဲရံ ဖြစ်တော်မူကြသော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်တို့၏ ဓါတ်တော်များကို မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ ထာဝရ ပူဇော်နိုင်ရန်၊ ကိန်းဝပ်တော်မူရာ စံချီစေတီတော်မှ မြန်မာ နိုင်ငံသို့ ပင့်ဆောင်လာခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့ရှိ ဓမ္မပါလက အမှုဆောင်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

## အားသစ်မွေးလာခြင်း

သာသနာပြု ဆရာကြီး ရှရီ ရားမ်ပရကာရှ်မီးရ် (ခ) ဦးစိန်တင်သည် ဘာရတနိုင်ငံမှ မြန်မာနိုင်ငံသို့ ၁၉၅၆-ခုနှစ်တွင် ရောက်လာကာ မုံရွာမြို့တွင် မိဘဆွေမျိုးများအကြားရက်အနည်းငယ် နေထိုင်ခဲ့ပြီး၊ ရှာခါးလုပ်ငန်းကို ရန်ကုန်မြို့မှနေ၍ ဆက်လက် ဆောင်ရွက်ခဲ့လေသည်။

ဆရာကြီး ဦးစိန်တင်သည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် အခြေချ၍ မြန်မာနိုင်ငံတစ်ဝန်း ရှာခါးများ ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်ပေးခဲ့သည်။ ဤအတွက် ရန်ကုန်မြို့သည် အဖွဲ့၏ ဗဟိုဌာနဖြစ်သည့်အလျောက် အားကောင်းစေရမည့် အချက်ကို အလေးဂရုပြုကာ ဦးစွာပထမ ရန်ကုန်မြို့ရှိ ရှာခါးများ ခိုင်မာတောင့်တင်းလာစေရန် ကြိုးစားခဲ့လေသည်။ ယခင် ကာရ်ယကရ်သာ (အမှုဆောင်)များလည်း စိတ်ဓာတ်တက်ကြွစွာ ရှာခါးလုပ်ငန်းအတွက် မနားမနေ ဆောင်ရွက်လာခဲ့ရာ အဖက်ဖက်မှ အဖွဲ့အခြေအနေကောင်းမွန်လာလေသည်။

## ဗုဒ္ဓဝင်ပြပွဲပြသခြင်း

၁၉၅၆-ခုနှစ် မေလ၌ သီရိမင်္ဂလာ ကမ္ဘာအေးဘုရားကြီးတွင် ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တီ ပွဲတော်ကြီးကျင်းပရန် အစီအစဉ်ရှိခဲ့လေသည်။ ကမ္ဘာကျော် ဆဋ္ဌသင်္ဂါယနာတင်ပွဲပြီးမြောက်အောင်မြင်သည့် အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပနေချိန်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်ကြီးများ ကြွရောက်လာကြပြီး၊ ဤပွဲတော်ကို နိုင်ငံတော်မှ အမှူးပြု၍ ကျင်းပနေခြင်းဖြစ်လေသည်။

ဤပွဲတော်၌ အစီအစဉ် အမျိုးမျိုးများအကြားတွင် ဟိန္ဒူများဘက်မှ ဗုဒ္ဓဝင်ပြပွဲ တစ်ရပ်ကို ခင်းကျင်း ပြသခွင့်ရ၍ ထိုပြပွဲကြီးကို အဆင့်အတန်းမီအောင် ပြင်ဆင်ပြသရန် ဆရာကြီးဦးစိန်တင်မှ ဆွယံစေဝကများနှင့်တကွ အောင်မြင်စွာ ခင်းကျင်း ပြသခဲ့လေသည်။

ဤ ဗုဒ္ဓဝင်ပြပွဲသည် မြန်မာနိုင်ငံတွင် ဤကဲ့သို့သော ပထမအကြိမ်ပြသသော ပွဲကြီးဖြစ်ရာ ဆရာကြီး ဦးစိန်တင်လည်း နေ့ညမပြတ် ဆွယံစေဝက(အဖွဲ့ဝင်)များနှင့်အတူ ပြခန်းပြင်ဆင်မှုများကို အချိန်မီ မရပ်မနားဆောင်ရွက်ရလေသည်။ ဤမျှ ကြိုးစားဆောင်ရွက်မှုများကြောင့် အဘယ်မှာ မအောင်မြင်ဘဲ ဖြစ်အံ့နည်း။ ရဟန်းရှင် လူ ပြည်သူအမြောက်အများပင် ဤပြပွဲကို အထပ်ထပ်အခါခါ လာရောက် ကြည့်ရှုလေ့လာခဲ့ကြလေသည်။ ပြပွဲပြသခြင်း၏ ရလဒ်အဖြစ် ဤအဖွဲ့ကို လူအများသိရှိလာကြပြီး၊ ယုံကြည်အားထားလာခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အရပ်ရပ်မှ ဤကဲ့သို့ ပြပွဲလာရောက်ပြသပေးရန် ဖိတ်ခေါ်ခဲ့ ကြပါသည်။ သနာတနဓမ္မပါလက အဖွဲ့မှ ပြသပေးသော ဗုဒ္ဓဝင် ပြပွဲကို မြန်မာနိုင်ငံအနှံ့ အပြားမြို့ပေါင်း (၆၄) မြို့နယ် များတွင် (၆၉) ကြိမ်တိုင်တိုင် ခင်းကျင်းပြသခဲ့ပြီး ဖြစ်ပါ သည်။ ၁၉၅၆-ခုနှစ်က စတင်ပြသခဲ့သော ဗုဒ္ဓဝင်ပြပွဲကို ထိုအချိန်ကစ၍ ၁၉၇၂ - ခုနှစ်အထိ မန္တလေးမြို့ အိမ်တော်ရာ ဘုရားတွင်လည်းကောင်း၊ မုံရွာမြို့ ဇရပ်ဝိုင် ဓမ္မာရုံတွင်လည်းကောင်း၊ ပြင်ဦးလွင်မြို့ နှစ် (၁၀၀) ပြည့် ပွဲတော်တွင် လည်းကောင်း၊ ရွှေဘိုမြို့ မြို့တောင့်စေတီတော် ပွဲကြီးတွင်လည်းကောင်း ပြသခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင်လည်း အကြိမ်ကြိမ် သွားရောက်၍ ခင်းကျင်း ပြသခဲ့ပါသည်။ ထိုမှတစ်ဖန် ၁၉၇၄-ခုနှစ် ရွှေတိဂုံ စေတီတော်မြတ်ကြီး ဘုရားပွဲတော်တွင် တစ်ခမ်းတစ်နား ခင်းကျင်းပြသခဲ့ရာ ပြည်သူများ တစ်ခဲနက် ကြွရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

## ဆံဃရှာခါးများ တိုးချဲ့ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် ဓမ္မပါလက အဖွဲ့ကို စတင်ဖွဲ့စည်းပြီး ၁၉၅၀ မှ ၁၉၅၆ ခုအထိ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီးမြို့များမှ အပ အခြား မည်သည့်နေရာ၌မျှ ရှာခါးမဖွင့်ရသေးဘဲ ဖြစ်နေသည်။ ဆရာကြီး ဦးစိန်တင်သည် ၁၉၅၇-ခုနှစ် ဧပြီလ ကျောင်းပိတ်ရက်တွင် အဖွဲ့၏ ပထမအကြိမ် တစ်နိုင်ငံလုံး ဆိုင်ရာ သင်တန်းကို မန္တလေးမြို့ ရှရီ အမ္ဗိကာမယ်တော် ဘုရားကျောင်း ပရဝုဏ်တွင် ပြုလုပ်ရာ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ဇေယျာဝတီမြို့များမှ သင်တန်းသား ၁၅၀ ကျော် တက်ရောက်ခဲ့ကြလေသည်။ သင်တန်းမှာ ဗလငါးတန်ဖွံ့ဖြိုးရေး သင်တန်းဖြစ်ပြီး၊ မြန်မာနိုင်ငံ ပထမဦးဆုံးအကြိမ် ဤကဲ့သို့သော သင်တန်းပေးခြင်း ဖြစ်လေသည်။ ထိုနှစ်မှစ၍ ယနေ့တိုင် (ကိုဗစ်-၁၉ ကာလမှအပ) ဤဗလငါးတန် ဖွံ့ဖြိုးရေးသင်တန်းကို မြန်မာနိုင်ငံ အနှံ့အပြားတွင် နှစ်စဉ်ဖွင့်လှစ်၍ မပျက်မကွက် ကျင်းပလာခဲ့ရာ ယခု ၂၀၂၆ - ခုနှစ်တွင် (၆၆) ကြိမ်မြောက် ဗလငါးတန် ဖွံ့ဖြိုးရေးသင်တန်းကို ပထမနှစ် သင်တန်းသားများအတွက် မွန်ပြည်နယ်၊ မုဒုံမြို့ရှိ ရှရီ စူဋာမဏိဘုရားကျောင်း (ကျောက်တလုံး)နှင့် ဒုတိယ၊ တတိယနှစ် သင်တန်းသားများအတွက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးကျေးရွာ၊ ပဥ္စဝတီယောဂရိပ်သာတွင် တပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤသို့ဖြင့် ၁၉၆၃-ခုနှစ်အထိ မြန်မာနိုင်ငံရှိ မြို့နယ် (၃၅) မြို့နယ်တွင် ရှာခါး (၁၀၀) ကျော်ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၆၃ - ခုနှစ် ရန်ကုန်မြို့တော်ရှိ မြို့မကျောင်းကြီးတွင် ဖွင့်လှစ်သည့် နွေရာသီ ဗလငါးတန်ဖွံ့ဖြိုးရေး သင်တန်း၌ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဖွင့်သောသင်တန်းများ အနက် အကြီးဆုံးဖြစ်ပြီး သင်တန်းသား ဦးရေ (၃၀၀) ကျော် ဝတ်စုံပြည့်ဖြင့် သင်တန်း တက်ရောက်ခဲ့ ကြပါသည်။ ဤအချိန်အထိ ဆံဃအဖွဲ့သည် မြန်မာနိုင်ငံတွင် ဟိန္ဒူတို့၏ ဘာသာရေး၊ လူမှုရေး လုပ်ငန်းများအတွက် အားကိုးလောက်သော အဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်လွင်လာပါသည်။ ဆံဃလုပ်ငန်းကို အချိန်ပြည့်တာဝန်ယူ ဆောင်ရွက်ရန်လည်း သာသနာပြုဆရာများ ပေါ်ထွက်လာခဲ့ကြသည်။ ၁၉၆၃-ခုနှစ်၌ပင် ရွှေဘိုမြို့၌ တိုင်းရင်းသားလူမျိုးများအတွက် သနာတနဓမ္မ ကလေးသူငယ်များ စောင့်ရှောက်ရေးစခန်း ဖွင့်လှစ်ခဲ့လေသည်။ တဆက်တည်းမှာပင် ဆံဃအဖွဲ့လုပ်ငန်း ဆောင်ရွက်ရန်လည် ကြိုးပမ်းလာသည်။ ၁၉၈၃-ခုနှစ်တွင် သစ္စာရောင်ခြည် မဂ္ဂဇင်းကို မြန်မာဘာသာ၊ ဟိန္ဒီ (၂) ဘာသာဖြင့် စတင်ထုတ်ဝေခဲ့ကြပါသည်။ ၂၀၁၅-ခုနှစ်မှ စ၍ ဉာဏရောင်ခြည် အမည်ဖြင့် ပြောင်းလဲ ထုတ်ဝေလျက် ရှိပါသည်။ ပြက္ခဒိန်ကိုလည်း ထိုအချိန်မှစ၍ နှစ်စဉ် ထုတ်ဝေလျက် ရှိပါသည်။ အဖွဲ့အမည်ကိုလည်း သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ဟု အမည်ပြောင်းတွင်စေလျက် ရာခါးများတွင် နေ့စဉ်ပြုအပ်သော ပတ္ထနာနှင့် သစ္စာအဓိဋ္ဌာန်တို့ကိုပါ ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။

### ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေး

၁၉၇၀-ပြည့်နှစ်အထိ ဆံဃအဖွဲ့လုပ်ငန်းဖြစ်သော ရာခါးကို ရန်ကုန်၊ ကျောက်တံခါး၊ ဇေယျဝတီ၊ မန္တလေး စသည့် နေရာများ၌သာ ဆောင်ရွက်ခဲ့ရပါသည်။ အခြားဒေသများတွင် ကလေးသူငယ်များအကြား မိမိတို့ ဘာသာ ယဉ်ကျေးမှုဆိုင်ရာ အသိပညာများ ခေါင်းပါးလာနေသည်ကို တွေ့ရှိခဲ့ရပေသည်။ ထို့ကြောင့် ၁၉၇၁-ခုနှစ်မှစ၍ ဟိန္ဒူဓမ္မအခြေခံ သင်တန်းကလေးများ ဖွင့်၍ ဟိန္ဒီ၊ မြန်မာ၊ တမိလ်၊ တေလုဂူ၊ နေပါလီ ဘာသာတို့ဖြင့် အခြေပြု ဟိန္ဒူဓမ္မ အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃) သင်တန်းစာအုပ်များ ပြုစုထုတ်ဝေကာ စေတနာဆရာများဖြင့် အခမဲ့ သင်ကြားပို့ချပေးခဲ့ပါသည်။ ဤသင်တန်းသား/သူများအတွက် နှစ်စဉ်ဝါဆိုလပြည့်နေ့၌ ဟိန္ဒူဓမ္မစာမေးပွဲများ ကျင်းပကာ အောင်မြင်ကြသော ကျောင်းသား/သူများအား အောင်လက်မှတ်နှင့် ပထမ၊ ဒုတိယ၊ တတိယ အဆင့်မှ အောင်မြင်သော သူတို့အား ထိုက်တန်သော ဆုတံဆိပ်များ ချီးမြှင့်ပေးလျက် ရှိခဲ့ပါသည်။

ဤကိစ္စများကို အများကူညီမှု ဖြင့် ဖြစ်စေလိုကာ တိုက်တွန်းနှိုးဆော်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း ကျောင်းသား/သူ (၇၀၀) မှ (၁၀၀၀) အထိ ဓမ္မစာမေးပွဲများကို ဖြေဆိုလာခဲ့ရာ မျက်မှောက်ကာလတွင် ကျောင်းသား/သူ (၁၀၀၀) မှ (၁၅၀၀) အထိ ဖြေဆိုလျက် ရှိပါသည်။

### ဇနကလျာဏအသင်း

၁၉၇၂-ခုနှစ်တွင် သနာတနဓမ္မရိပ်သာကို ပဲခူးတိုင်း၊ ကျောက်တံခါးမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး၊ မြန်မာနိုင်ငံတစ်ဝှမ်း ဟိန္ဒူ ကလေးသူငယ်များအား မိမိတို့ ဘာသာရေး၊ ယဉ်ကျေးမှုသင်တန်းများ၊ သက္ကတဘာသာ စာပေများ သင်ကြားပို့ချပေးခြင်းကို ဆောင်ရွက်လာခဲ့ပါသည်။ အများ၏ ကူညီမှုဒါနဖြင့် သူရဿတီ မယ်တော်ကျောင်းတော်ကြီး တည်ထားကာ နေ့စဉ်ဘုရားဝတ်ပြု ပူဇော်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ၂၀၀၄-ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်အင်းကျေးရွာတွင် မင်္ဂလာဓမ္မရိပ်သာ ဖွင့်လှစ်ကာ ဆင်းရဲနွမ်းပါးသော၊ မိဘမဲ့သော ကလေးသူငယ်များကို ကျွေးမွေးစောင့်ရှောက်ကာ ခေတ်ပညာရပ်မျိုးစုံကို သင်ကြားပို့ချပေးလျက် ရှိပါသည်။

၂၀၀၈-ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပြည်မြို့ရှိ ဟိန္ဒူဓမ္မသာလကို အလှူရှင်မိသားတစ်စုမှ အသစ်ပြန်လည် တည်ဆောက်လှူဒါန်းခဲ့ရာ ယနေ့ထက်တိုင် လူမှုရေး၊ ဘာသာရေးဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်နိုင်လျက် ရှိနေပါသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးကျေးရွာ တွင် ၂၀၁၄-ခုနှစ်မှ ပဋ္ဌဝတီယောဂရိပ်သာကို ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်နေလျက် ရှိပါသည်။

အထက်ဖော်ပြပါ ဌာန (၄)ခုစလုံးသည် ဇနကလျာဏအသင်း၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများ လည်ပတ်လျက် ရှိနေပေသည်။

### ဟိန္ဒူ စေဝိကာ ဆမိသိ (ဟိန္ဒူ အမျိုးသမီးများအဖွဲ့)

ဟိန္ဒူ စေဝိကာ ဆမိသိ (ဟိန္ဒူ အမျိုးသမီးများအဖွဲ့) လုပ်ငန်းများကို ၁၉၈၅-ခုနှစ်မှ စတင် ကြိုးပမ်း ဆောင်ရွက်လာခဲ့ပါသည်။ အမျိုးသမီးများသည်လည်း မိသားစု၊ လူ့အဖွဲ့အစည်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှု၏ အရေးပါသော မဏ္ဍိုင်များ ဖြစ်ကြပါသည်။ အမျိုးသားများနှင့်အတူ အမျိုးသမီးများသည်လည်း အဆိုပါ နယ်ပယ်အသီးသီးတွင် လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက်

အမျိုးသမီးများ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများနှင့် အမျိုးသမီးများ၏ တွေ့ဆုံပွဲများကို ကြိုးပမ်းဆောင်ရွက် နေလျက်ရှိပါသည်။

**ဟိန္ဒူ လူငယ်များအသင်း** *(Hindu Youth Society)*

ဆံဃ ရှာခါး သို့မဟုတ် စေဝိကာ ဆမိသိ၏ အစီအစဉ်များနှင့် ကင်းလွတ်နေကြသော ဟိန္ဒူ လူငယ်များအတွက် ၎င်းတို့၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးနိုင်ရန် Hindu Youth Society (ဟိန္ဒူလူငယ်များအသင်း) ကို ၂၀၀၅-ခုနှစ်တွင် စတင်တည်ထောင်ကာ လူငယ်များ လူမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေး အဖွဲ့**

*(Hindu Families Relief Gruup) HFRG*

ကျွန်ုပ်တို့အားလုံးကို အစားအစာနှင့်ရေဖြင့် မျိုးဆက်ပေါင်းများစွာ မွေးမြူပြုစု ပျိုးထောင်ပေးနေသည့် ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ရာ ချစ်လှစွာသော အမိမြေအတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ကြရန်မှာ ကျွန်ုပ်တို့ အားလုံး၏ အဓိကတာဝန်ဖြစ်ပါသည်။ ဤယုံကြည်မှုကို ခံယူရင်း ဆံဃသည် အခါအားလျော်စွာ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များ ကျရောက်လာသည့် အခါသမယများ၌ ပြည်သူလူထုနှင့် အတူ ကယ်ဆယ်ရေး လုပ်ငန်းများစွာကို ဦးလည်မသုန် ဆောင်ရွက်လျက်ရှိပါသည်။ လတ်တလော ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့် သဘာဝ တရား ပြောင်းလဲမှုများကြောင့် လူ့အသိုင်းအဝိုင်း တစ်ရပ်လုံး ဘေးအန္တရာယ်များစွာကို အခါအားလျော်စွာ ကြုံတွေ့နေရပါသည်။ အလားတူ အခြားသော လူမှုကူညီရေးဆိုင်ရာများတွင်လည်း အခါအားလျော်စွာ အကူအညီများ ပေးနိုင်ရန်အတွက် "သနတ္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်" သည် ဟိန္ဒူ မိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့ *Hindu Families Relief Group (HFRG)* ကို ၂၀၂၀-ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခါတိုင်း လိုအပ်သည့်အကူအညီများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅-ခုနှစ် မတ်လ (၂၈)ရက်နေ့က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်၌ အတိဒုက္ခ ရောက်ခဲ့ကြသူများအား ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့မှ စွမ်းစွမ်းတမံ အားပေးလှူဒါန်း ကူညီခဲ့ပေသည်။

သနတ္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့၏ "ဆံဃေရှက်သိ ကလော်ယုဂေ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဟိန္ဒူ လူ့အဖွဲ့အစည်းအတွင်းရှိ ညီအစ်ကို မောင်နှမများအားလုံး ဘာသာရေး၊ လူမှုရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပြီး၊ ဟိန္ဒူ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ဟိန္ဒူ မိသားစုအားလုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့် အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ရင်း ဓမ္မပါလက ဆောင်ရွက်ချက်များကို အကျဉ်းချုပ် ရေးသား ဖော်ပြလိုက်ရပေသည်။

प्रथमेनार्जिता विद्या द्वितीयेनार्जितं धनम् ।
तृतीयेनार्जितं पुण्यं चतुर्थे किं करिष्यति ।।

जीवन की पहली अवस्था में विद्या, दूसरी में धन और तीसरी में पुण्य अर्जित न किया जाए, तो चौथी अवस्था में करने को कुछ नहीं रहता।

(ပ်)ရသုမေနာ(ရ်)ဂျိသာ ဝိဒျာ၊ ဒွိသိယေနာ(ရ်)ဂျိသ(မ်) ဓန(မ်)၊
(သ်)ရိသိယေနာဂျိသ(မ်) ပုဏျ(မ်)၊ ကျသု(ရ်)ဿေ ကိံ(မ်) ကရိ(ဿျ်)ယသိ။

ဘဝရဲ့ ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်၌ ချမ်းသာကြွယ်ဝစေသည့် ဓနနှင့် တတိယအရွယ်တွင် ကုသိုလ်(ကောင်းမှု) မစုဆောင်းပါမူ စတုတ္ထအရွယ်တွင်ကား ဘာကိုမျှ လုပ်နိုင်ခြင်းငှာ စွမ်းမည်မဟုတ်တော့ပေ။

तक्षकस्य विषं दन्ते मक्षिका विषं शिरः ।
वृश्चिकस्य विषं पुच्छे सर्वाङ्ग दुर्जनोविषम् ।।

चाणक्यनीतिदर्पण-17/8

तक्षक (एक सांप का नाम) के दाँत में विष होता है, मक्खी के सर में विष होता है, बिच्छू की पूँछ में विष होता है, परन्तु दुष्ट व्यक्ति के पूरे शरीर अर्थात् सभी अंगों में विष होता है।

သ(က်)သျှကဿျ ဝိသျှ(မ်) ဒ(န်)သေ၊ မ(က်)သျှိကာ ဝိသျှ(မ်) ရှိရ(ဟ်)၊
(ဗ်)ရိ(ရှ်)ကျိကဿျ ဝိသျှ(မ်) ပု(ကျ်)ချေ၊ ဆ(ရ်)ဝါင်္ဂ ဒု(ရ်)ဂျနိုဝိသျှ(မ်)။

သ(က်)သျှက်(မြွေအမည်)၏ သွား(အစွယ်)နှင့်ယင်ကောင်၏ ဦးခေါင်းတွင်သာ အဆိပ်ရှိပါသည်။ ကင်းမြီးကောက်၌လည်း ၎င်း၏ အမြီးတွင်သာ အဆိပ်ရှိသော်လည်း၊ မကောင်းမှု ပြုသူ(သူယုတ်မာ)၏ ခန္ဓာကိုယ် တစ်ခုလုံး ဆိုလိုသည်မှာ ၎င်း၏ အင်္ဂါအစိတ်အပိုင်း အားလုံးတွင် အဆိပ် ရှိလေသည်။

# ရွှေရတု၊ စိန်ရတု မှသည် ရာပြည့် ရတုဆီသို့ . . .



အက်(စ်)၊ ပါ(ရ်)သီးပ(န်) (ခ) စိုးဝင်း
အထွေထွေအတွင်းရေးမှူး

သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် ၁၉၅၀-ခုနှစ် စတင်ခဲ့ပြီး လူမှုရေး၊ ဘာသာရေး၊ ပရဟိတ စသော လုပ်ငန်းစဉ်များဖြင့် ခရီးစဉ် ဖြတ်သန်းပြီး ယခု ၂၀၂၅ ခုနှစ်တွင် ၇၅-နှစ်ပြည့် စိန်ရတု ခရီးစဉ်သို့ အောင်မြင်စွာရောက်ရှိနေပြီးဖြစ်ပါသည်။ ယခုနိုင်ငံတဝှမ်းတွင် ဇုံ ၆-ခု၊ ဆက်စပ်အဖွဲ့အစည်း ၆-ခု တို့ဖြင့် ဘာသာရေး လူမှုရေး၊ ပရဟိတလုပ်ငန်းများကို ဟိန္ဒူအမျိုးသားစုကြီးနှင့်အတူ လက်တွဲပူပေါင်းကာ စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိပါသည်။




**သနန္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဆက်စပ်အဖွဲ့အစည်းများ**

Estd 1956 | Estd 1971 | Estd 1972

Estd 1985 | Estd 2005 | Estd 2020

ထိုလုပ်ငန်းစဉ်များနှင့် အတူ အဖွဲ့ချုပ်၏ ၇၅-နှစ်ပြည့် စိန်ရတု အခါသမယတွင် အဖွဲ့ချုပ်၏ (၆)လပတ် အထွေထွေ အလုပ်အမှုဆောင်များနှင့် အထွေထွေ ကောင်စီ အစည်း-အဝေး (ကျောက်တံခါး ၂၀၂၄ ဒီဇင်ဘာ)နှင့် ပြင်ဦးလွင်မြို့တွင် ၂၀၂၅ ဇွန်လ) အစည်းအဝေးများ၌ အောက်ပါအစီအစဉ်များကို ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ စိန်ရတု ကျင်းပရခြင်း အဓိကရည်ရွက်ချက်မှာ လူငယ်လူရွယ်များ မိမိ အရည်အချင်း မြှင့်တင်ရန်နှင့် အမျိုးသားစုကြီးတွင် အနာဂတ် လုပ်ငန်းစဉ်များကို မည်သို့ ဆောင်ရွက် ကြမည်ကို အဓိကရေရှု၍ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ၎င်းအစီအစဉ်များကို ဟဝ(န်) ယာဇ်ဖြင့် စတင် ပြုလုပ်ရန်နှင့် ၂၀၂၅-ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့မှ ၂၀၂၆-ခုနှစ်၊ မေလအထိ (၁၇)လ အတွင်းပြုလုပ်ရန် သတ်မှတ်ခဲ့ပါသည်။

(၁) မီးဟုမ်း ယာဇ် ပူဇော်ပွဲ၊ (၂) ရှာခါး (၇၅) ခု
(၃) ၇၅ မြို့နယ် အဆက်သွယ်ပြုလုပ်ရန်
(၄) *Sanskar Sadhana Varga* (၇၅) နေရာ
(၅) သွေးလှူဒါန်းခြင်း (၇၅၀) ယူနစ်
(၆) အပင်စိုက်ပျိုးခြင်း (၇၅၀) ပင်
(၇) ကာယပြိုင်ပွဲ၊ (၈) ဉာဏပြိုင်ပွဲ
(၉) ပုံတူပန်းချီ ရေးဆွဲခြင်းနှင့် ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲ
(၁၀) ယောဂ သင်တန်း (၁၁) ဟိန္ဒူအမျိုးသမီး တွေ့ဆုံပွဲ
(၁၂) ဟိန္ဒူ အမျိုးသား တွေ့ဆုံပွဲနှင့်
(၁၃) ၇၅-နှစ်ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေးနှင့်
(၁၄) ၇၅-နှစ်ပြည့် အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနား တို့ ဖြစ်ကြပါသည်။

၁ - ဟဝ(န်) (ယာဇ်) ပူဇော်ပွဲ - ဤပူဇော်ပွဲကို အချို့သောဇုံတွင် ဇနီးမောင်နှံ (၇၅)တွဲ နှင့် အချို့ဇုံများတွင် ဆံဃအမှုဆောင်များ ဥပုသ်သီလဆောက်တည်ကာ ဇန်နဝါရီလ (၁၂)ရက်နှင့် (၁၉) ရက်နေ့တွင် ဟဝ(န်) မီးဟုမ်းပူဇော်ပွဲများ ကျင်းပခဲ့ပြီး (၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ်များကို စတင်ခဲ့ပါသည်။

၂ - ရှာခါး (၇၅) ခု၊ ဆံဃအဖွဲ့၏ အသက်သွေးကြော ဖြစ်သော ရှာခါးလုပ်ငန်းကို ဇုံအားလုံးတွင် ၇၅-နှစ်ပြည့် အထိမ်းအမှတ်ကာလ၌ ရှာခါးများ (၇၅) ခု ဖြစ်အောင် ကြိုးစားခဲ့ပါသည်။

၃ - (၇၅) မြို့နယ်တွင် *Samparka* (အဆက်အသွယ်) ပြုလုပ်ရန်လည်း ဆုံးဖြတ်ခဲ့ရာ နှစ်စဉ်နှစ်တိုင်း ပြုလုပ်လေ့ရှိသော ရက္ခာဗန်ဓန် အခါသယတွင် ဆံဃအမှုဆောင်များ တစ်နိုင်ငံလုံးတွင် သွားရောက်ကာ *Griha Samparka* (အိမ်တိုင်ရာရောက်) ရာခီကြိုးချည်နှောင်ခြင်းလုပ်ငန်းစဉ်ဖြင့် ၇၇-မြို့နယ်၊ အိမ်ခြေ ၈၉၂၀ အိမ်တိုင်ရာရောက် *Samparka* ဆက်သွယ်ခဲ့ပါသည်။

၄ - *Sanskar Sadhana Varga* (ဟိန္ဒူ ယဉ်ကျေးမှု တစ်ရက်တာ သင်တန်း) ကို (၇၅) နေရာတွင် ပြုလုပ်ရန် စီစဉ်ခဲ့ရာ တစ်နိုင်ငံလုံးရှိ ဝိဘာ(ဂ်)အားလုံးတွင် ( ၈၈ ) နေရာ၊ အသီးသီးတွင် ပြုလုပ်ခဲ့ရာ *S a n k h y a*

(တက်ရောက်ခဲ့သည့်စာရင်း) သင်တန်းသား-၁၉၀၉ *(Baal)*, ၂၂၃၀ *(Balika)*, ၆၇၈ *(Tarun)* နှင့် အမှုဆောင် ၁၀၆ ဦး၊ (စုစုပေါင်း ၄,၈၁၇) ဦး တို့ပါဝင် တက်ရောက်ခဲ့ပါသည်။

၅ - သွေးလှူဒါန်းပွဲ (၇၅၀) ယူနစ်ကို သတ်မှတ်ခဲ့ရာ *SDSS Seva Vibhag* မှ ဇုံအားလုံးတွင် သွေးလှူဌာနရှိ (ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ မန္တလေး၊ ပြင်ဦးလွင်၊ သထုံ၊ အောင်လံ) တို့၌ သွေးယူနစ်ပေါင်း (၇၇၂) ယူနစ်ကို လှူဒါန်းခဲ့ပါသည်။

၆-အပင်(၇၅၀)စိုက်ပျိုးခြင်း-ဤအစီအစဉ်ကို ဇန် ကလျာဏ အသင်းမှ ဇုံအားလုံးတွင် ဦးစီးဦးဆောင်ပြုကာ (၁၂၆၇)သီးပင်၊ စားပင်၊ အရိပ်ရအပင်များကို အောင်မြင်စွာ စိုက်ပျိုးခဲ့ပါသည်။

၇ - ကာယပြိုင်ပွဲ - ကာယပြိုင်ပွဲများကို အပိုင်း (၂) ပိုင်း (အသက် ၁၅နှစ်အောက်၊ ၁၅နှစ်အထက်နှင့် စေဝိကာ မည်သူမဆို) ခွဲ၍ ယှဉ်ပြိုင်ကစားရန် သတ်မှတ်ခဲ့ပါသည်။ ကာယပြိုင်ပွဲများတွင် (ကဗဒ္ဒီ၊ ခို-ခို၊ ရိ(န်)ဂ ဂိုလ်)၊ ၁၅ နှစ်အထက်၊ *Chakravalay, Kosh Sanchay, Kandukam Prakarshanam,* (၁၅-နှစ်အောက်နှင့် စေဝိကာများအတွက်) ဤ ကစားနည်း ၃မျိုးနှင့် ထုပ်စည်းတိုပင် ဖြစ်ပါသည်။ အောက်တိုဘာလ (၇)ရက်နေ့နောက်ဆုံးထား ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ၁၇၃ သင်း (တစ်သင်းလျှင် ၈-ဦး) စုစုပေါင်း ၁၃၈၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

၈ - ဉာဏပြိုင်ပွဲ - ဉာဏပြိုင်ပွဲများကိုလည်း အပိုင်း (၂) ပိုင်း(အသက် ၁၅နှစ်အောက်၊ ၁၅နှစ်အထက် ဆွယံစေဝက နှင့် စေဝိကာ တစ်သင်းလျှင် ၅ ဦး ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းအစီအစဉ်များတွင် စာစီစာကုံး (မြန်မာ၊ တမိလ်၊ ဟိန္ဒီဘာသာစကားဖြင့်)၊ ကျပမ်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ဆံ့ဃသီချင်း (တစ်ဦးချင်း၊ အုပ်စုလိုက်နှင့် မိသားစုလိုက်) ပြိုင်ပွဲတို့ ဖြစ်ပါသည်။ ဤအစီအစဉ်များတွင် စုစုပေါင်း ၄၈၁၂-ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

၉ - ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲနှင့် ပုံတူပန်းချီရေးဆွဲပြိုင်ပွဲ - ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲကို အသက် (၁၅)နှစ်အောက် ကလေးသူငယ်များအတွက်ဖြစ်ခဲ့ပြီး၊ ပုံတူ ပန်းချီရေးဆွဲပြိုင်ပွဲကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၏ ဦးဆောင်မှုဖြင့် ပူးတွဲကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းပုံတူပန်းချီရေးဆွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံအနှံ့မှ ပန်းချီပညာရှင် (၇၉) ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ပါသည်။

၁၀ - ယောဂသင်တန်း - အာရောဂျံ ပရမံ လာဘံဟူသည့် အဆိုနှင့်အညီ လူသားများ ကိုယ်စိတ်နှစ်ဖြား ကျန်းမာစေရန် ရည်ရွယ်၍ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာ ၅ ရက်နေ့ထိ (၅) ရက်တာ ယောဂသင်တန်းကို မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးကျေးရွာရှိ ပဥ္စဝတီယောဂရိပ်သာတွင် အိန္ဒိယသံရုံးမှ ယောဂဆရာမနှင့် ယောဂသင်တန်း ဆရာ (၄)ဦး၏ သင်ကြားမှုဖြင့် အောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၁၁ - ဟိန္ဒူ အမျိုးသမီးတွေ့ဆုံပွဲ - မြန်မာနိုင်ငံရှိ ဘာသာရေး၊ လူမှုရေး၊ စာပေသင်ကြားရေး လုပ်ငန်းများနှင့် ပညာရှင် ဟိန္ဒူအမျိုးသမီးများ၏ တွေ့ဆုံပွဲကို မန္တလေးတိုင်း၊ ပြင်ဦးလွင်၊ နောင်ခမ်းကြီးကျေးရွာ၊ ပဥ္စဝတီယောဂရိပ်သာတွင် မတ်လ ၇/၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဤတွေ့ဆုံပွဲတွင် တိုင်းနယ်ပြည်နယ် အသီးသီးမှ ဟိန္ဒူအမျိုးသမီးများ စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

၁၂ - ဟိန္ဒူ အမျိုးသား တွေ့ဆုံပွဲ - ဟိန္ဒူဘာသာရေး၊ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ခေါင်းဆောင်များ၊ လူမျိုးနွယ်စုခေါင်းဆောင်များ၊ ပညာရှင်များ (အင်ဂျင်နီယာ၊ ဆရာဝန်၊ ရှေ့နေ၊ စာရေးဆရာ)၏ တွေ့ဆုံပွဲကို မတ်လ ၂၇/၂၈ ရက်နေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမိဒီယာစင်တာတွင် (၂) ရက်တိုင်တိုင် ကျင်းပြုလုပ်ခဲ့ပါသည်။ ဤအစီအစဉ်တွင် ဘာသာရေး၊ လူမှုရေး၊ မိခင်ဘာသာစာပေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အကြောင်းအရာများတို့ကို ဆွေးနွေးခြင်း၊ အနာဂတ်တွင် ကြုံတွေ့နိုင်မည့် ကိစ္စရပ်များကို မည်သို့ဖြေရှင်းမည်နည်း စသည်တို့ကို အဓိကရွေးထား ဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံပွဲတွင် စုစုပေါင်း (၁၇၅)ဦးနှင့် စီမံခန့်ခွဲသူ (၅၀)ဦးခန့် တက်ရောက်ပါဝင်ခဲ့ပါသည်။

၁၃ - ၇၅-နှစ်ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မေလ (၂၃/၂၄) ရက်နေ့တွင်၊ ဒဂုံမြို့နယ်၊ အမျိုးသားဇာတ်ရုံတွင် ခမ်းနားစွာ ကျင်းပနိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မေလ (၂၃) ရက်နေ့ (တခန်းရပ်ပြဇာတ်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဆွယံစေဝက၊ စေဝိကာများ ဆံ့ဃ/ဆမိသိ ဝတ်စုံဖြင့် အခမ်းအနားကျင်းပနိုင်ရန်၊ (၂၄)ရက်နေ့ နေ့လည် ၁း၃၀ နာရီမှ စိန်ရတုအခမ်းအနား၊ ဆုချီးမြှင့်ခြင်းနှင့် ယဉ်ကျေးမှုအကပဒေသာဖြင့် ခမ်းနားစွာ ကျင်းပခဲ့ပြီး စိန်ရတုမှ ပတ္တမြားရတု ခရီးစဉ်သို့ ဦးတည်လျှောက်လှမ်းရန် ဖြစ်ပြီး ဟိန္ဒူအမျိုးသားစုကြီးအားလုံး ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့် အမျိုးဘာသာ၊ သာသနာနှင့် ပရဟိတ လုပ်ငန်းများကို ပူပေါင်းပါဝင် သံနိဌာန်ပြုရင်း အစီအရင်းခံစာအား

ဓရ်မိ ရက္ခသိ ရက္ခိသ(ဟ်)

သက္ကတ ဂါထာ၏ အနက်အဓိပ္ပါယ် - ဓမ္မတရားကို ကာကွယ်စောင့်ရှောက်မည်ဆိုလျှင် ဓမ္မတရားဟာလည်း ကျွန်ုပ်တို့အား ဧကန်မလွဲ ကာကွယ် စောင့်ရှောက်မည်ဟု ယုံကြည်ပါသည်။

◆ ◆ ◆



# डॉ. मंगल सेन जी
# संक्षिप्त जीवन परिचय

| | | |
|---|---|---|
| * जन्म-तिथि | - | 27 अक्तूबर 1927 |
| * जन्म-स्थान | - | जावरियाँ, सरगोदा वर्तमान पाकिस्तान। |
| * माता-पिता | - | श्रीमती शान्ति देवी + श्री सांईदत्त मल। माता-पिता परिवार सहित माण्डले में बस गये थे। द्वितीय विश्वयुद्ध के समय सन् 1942 में पुनः जालन्धर, पंजाब में जाकर कुछ समय के रहे और युद्ध समाप्ति के बाद पुनः माण्डले में आकर बस गये। |
| * भाई - बहन | - | कुल 4 भाइयों में द्वितीय। |
| * शिक्षण | - | बी. ए., एल. एल. बी. होम्योपैथिक डॉक्टर। |
| * संघ संपर्क | - | तत्कालीन पंजाब प्रान्त के प्रचारक श्री माधवराव मूल्ये की प्रेरणा से 1945 में स्वयंसेवक एवं 1946 में प्रचारक जीवन प्रारंभ। आजीवन अविवाहित रहकर समाज एवं देश सेवा। |
| * व्यक्तित्व | - | विनोदी मन, मिलनसार स्वभाव, कठोर परिश्रमी, प्रखर वक्ता। |
| * संघ-प्रारंभकर्ता | - | सन् 1949 में माता-पिता से मिलने हेतु माण्डले, ब्रह्मदेश आगमन। सन् 1950, मकर-संक्रान्ति के अवसर पर याँगोन में संघ प्रारंभकर्ता। |
| * पुनः भारत | - | सन् 1951 में पुनः भारत प्रस्थान, संघकार्य एवं जनसंघ में सक्रिय सहभाग। सन् 1966 में संयुक्त पंजाब प्रान्त से अलग हरियाणा राज्य निर्माण में मुख्य भूमिका। अनेक शिक्षण संस्थानों की स्थापना में महत्वपूर्ण भूमिका। सन् 1977 में हरियाणा राज्य के उद्योग एवं शिक्षा मन्त्री, सन् 1982 में गृहमन्त्री तथा सन् 1987 से लेकर अनेक वर्षों तक हरियाणा राज्य के उपमुख्यमन्त्री। |
| * प्रसिद्धि | - | शेरे हरियाणा (यानि हरियाणा का शेर)। हरियाणा राज्य के विकास में सक्रिय योगदान के लिए अविस्मरणीय। |
| * प्रसिद्ध कथन | - | कुछ भी असंभव नहीं, और परिश्रमी की कभी हार नहीं होती। |
| * देहावसान | - | 2 दिसम्बर 1990 (आयु 63 वर्ष)। |

*****

# श्री रामप्रकाश धीर जी (उपाख्य)
# सयाजी ऊ सैं टिन्
# संक्षिप्त जीवन परिचय



* जन्म-तिथि - 16 नवम्बर 1926
* जन्म-स्थान - मनेवा (मोंज्वा), म्यांमार।
* माता-पिता - श्रीमती रामरखी देवी + श्री नन्दलाल धीर।
* भाई - बहन - कुल 7 भाई - बहनों में तृतीय।
* शिक्षण - बी. ए. (आर्ट्स), जालन्धर, पंजाब।
* संघ संपर्क - सन् 1943 में श्री सोहन नाथ की प्रेरणा से संघ से संपर्क। सन् 1947 में प्रचारक जीवन प्रारंभ (परमपूजनीय श्री गुरुजी के आह्वान पर)। आजीवन अविवाहित रहकर समाज एवं देश सेवा।
* व्यक्तित्व - मिलनसार स्वभाव, कठोर परिश्रमी, प्रखर वक्ता।
* म्यांमार आगमन - सन् 1956 में प्रचारक के रूपमें ब्रह्मदेश आगमन।
37 - वीं गली स्थित बौद्धमठ में निवास करते हुए संघकार्य।
* संकल्पक/विचारक - सन् 1956 बौद्ध प्रदर्शनी के संकल्पक एवं प्रारंभकर्ता।
37 - वीं गली स्थित बौद्धमठ में निवास करते हुए संघकार्य।
सन् 1957 संघ शिक्षावर्ग के प्रारंभकर्ता।
सन् 1963 श्वेबो नगर में बाल सेवाश्रम के संस्थापक।
हिन्दूधर्म शिक्षा समिति एवं अनेक अनुसांगिक संगठनों के मार्गदर्शक।
ब्रह्म-भारती सहयोग परिषद, इण्डो-बर्मीज़ कल्चरल फाऊण्डेशन एवं वर्ल्ड बुद्धिस्ट कल्चरल फाऊण्डेशन की स्थापना में सक्रिय सहयोग।
* साहित्यकार संपर्क - म्यांमार के सुप्रसिद्ध साहित्यकारों से प्रगाढ़ संपर्क जैसे सिरी प्यांछि ऊ तान् म्या, प्रोफेसर सान् ठुन् (मांडले विश्वविद्यालय), ऊ माघ, ऊ थॉव् जिन्, ऊ तु खा, ऊ पारगू एवं भन्ते शीलाचार आदि।
* सम्मान - हिन्दू - बौद्ध के मध्य सेतु। बौद्ध प्रदर्शनी के कार्य से ''सयाजी'' आदर सूचक उपाधि से संबोधन, अनागरिक उपासक उपाधि से विभूषित।
* उद्घोष - संघकार्य और शाखाएँ बढ़ती रहनी चाहिए। कार्य के उतार-चढ़ाव में चिन्ता न करें, कार्य में लगे रहें।
* देहावसान - 20 जून 2014 (आयु 88 वर्ष)।

*****

# श्री अनिरूद्ध प्रसाद यादव
# संक्षिप्त जीवन परिचय



| | | |
|---|---|---|
| * जन्म-तिथि | - | 21 जून 1941 |
| * जन्म-स्थान | - | किला ग्राम, जियावडी, फ्यू। |
| * माता-पिता | - | श्रीमती सोनपतिया देवी + श्री सत्यनारायण यादव। |
| * भाई - बहन | - | कुल 4 भाई - बहनों में सबसे छोटे। |
| * शिक्षण | - | साहित्य रत्न। अनेक भाषाओं के ज्ञाता यथा - बर्मी, पंजाबी, नेपाली, अंग्रेजी, मारवाड़ी एवं संस्कृत। |
| * संघ संपर्क | - | सन् 1957 में श्री रामप्रकाश धीर जी के संपर्क में आए और स्वयंसेवक, सन् 1961 में प्रचारक बने।<br>1961 में हिन्दू दिनांक तिथि-पत्र (कलैण्डर) प्रकाशक। वर्तमान में सनातन धर्म तिथि-पत्र के नाम से प्रकाशित। 20 वीं शताब्दी के उत्तरार्ध काल में हिन्दी-हिन्दू सम्बन्धी साहित्यों के प्रकाशन का श्रेय यादव जी को ही जाता है।<br>1964 में श्वेबो के बाल सेवाश्रम के दायित्व के साथ हिन्दी में 'सत्य ज्योति' एवं बर्मीज में 'तिस्सा यौंछी' पत्रिका के संपादक। 1972 में सनातन धर्म सेवाश्रम एवं सनातन धर्म सेवासदन - चौतगा के प्रारंभिक अधिष्ठाता।<br>आजीवन समाज एवं देश सेवा। |
| * व्यक्तित्व | - | मिलनसार स्वभाव, मधुरभाषी, कठोर परिश्रमी, सादा जीवन उच्च विचार के प्रतिमूर्ति। |
| * साहित्यकार संपर्क | - | म्यांमार के सुप्रसिद्ध साहित्यकारों से प्रगाढ़ संपर्क जैसे सिरी प्यांछि ऊ तान् म्या, प्रोफेसर सान् ठुन् (मांडले विश्वविद्यालय), ऊ माघ, ऊ थॉव् जिन्, ऊ तु खा, ऊ पारगू एवं भन्ते शीलाचार आदि। |
| * उद्घोष | - | इस संसार में कुछ भी अनुपयोगी नहीं, संयोजक बनो, जोड़ते चलो। |
| * देहावसान | - | 27 मार्च 2015 (आयु 73 वर्ष)। |

*****



# श्री रामेश्वर प्रसाद
# संक्षिप्त जीवन परिचय

* जन्म-तिथि – 29 दिसम्बर 1941
* जन्म-स्थान – बुधन बस्ती, चौतगा, बगो रीजन।
* माता-पिता – श्रीमती पावना देवी + श्री रामजतन।
* पैतृक कार्य – कृषि कार्य।
* शिक्षण – 10वीं कक्षा।
* संघ संपर्क – 1958 में प्रचारक श्री राम प्रकाश धीर की प्रेरणा से स्वयंसेवक एवं 1962 में प्रचारक जीवन प्रारंभ। आजीवन अविवाहित रहकर समाज एवं देश सेवा।
* व्यक्तित्व – अच्छा हृष्ट - पुष्ट शरीर, बड़ी - बड़ी आँखें, फूर्तिला स्वभाव, मिलनसार व्यक्तित्व।
* कार्यक्षेत्र – सन् 1962 (हिंतडा), 1963 (प्रोम), 1964 (मिचीना), 1965 (मॉलमीन), 1968 (चौतगा) तथा 1972 में सनातन धर्म सेवाश्रम एवं सेवासदन का कार्य-प्रभार। सन् 1985 श्रीमती कमल देवी को प्रेरित करते हुए हिन्दू सेविका समिति का गठन।
* विशेष कार्य – श्रीमद्भगवद्गीता के माध्यम से समाज के ऊँच-नीच, जातिवाद, भेदभाव को मिटाना ।
* प्रसिद्धि – सेवासदन के कार्य करते समय सभी विद्यार्थियों को अपनी दाढ़ी दिखाकर पिता एवं लम्बी बाल दिखाकर कहते थे कि मैं ही आप लोगों की माता-पिता हूँ ।
* मृत्यु – दिसम्बर 1986 (आयु 55 वर्ष)।

*****

# श्री श्री भगवान
# संक्षिप्त जीवन परिचय



| | | |
|---|---|---|
| * जन्म-तिथि | – | सन् 1947 |
| * जन्म-स्थान | – | जियावड़ी, फ्यू, बगो रीजन। |
| * माता-पिता | – | श्रीमती तेतरी देवी + श्री अर्जुन प्रसद महतो। |
| * पैतृक कार्य | – | कृषि कार्य। |
| * भाई - बहन | – | कुल 7 भाई-बहनों में द्वितीय। |
| * शिक्षण | – | 10वीं कक्षा। |
| * संघ संपर्क | – | 1957 में जियावड़ी वाल्मीकि शाखा के स्वयंसेवक एवं 1964 में विस्तारक (श्वेबो) नगर तत्पश्चात् याँगोन् । 1965 (जियावड़ी)। 1968 में याँगोन कार्य के साथ दक्षिण-पूर्व विभाग का कार्य। |
| * व्यक्तितत्व | – | आकर्षक स्वभाव, स्मित मुख-मण्डल सदैव संतोषी जीवन, बातों में आत्मीयता। |
| * कार्यक्षेत्र | – | सन् 1971 में हिन्दू धर्म शिक्षा समिति के प्रचारक, 1973 से 1978 तक हिन्दू सेण्ट्रल बोर्ड के प्रचारक बाद में संघ के प्रचारक एवं 1990 से उत्तरी विभाग में प्रवास करने लगे तथा नेपाली समाज के गाँव-गाँव में गीता का प्रचार। सन् 2000, संघ के स्वर्ण-जयंती के अवसर पर धर्म शिक्षा-परीक्षा में 2000 विद्यार्थियों का सहभाग हेतु प्रयत्न। |
| * विशेष कार्य | – | 1970 में श्रीमद्भगवद्गीता प्रचार समिति का गठन करना। 1982 में देश के लोगों को शिवधाम-शंखाई से परिचित कराना तथा ट्रेन से तीर्थयात्रा कराना जिससे शिवधाम शंखाई में प्रतिवर्ष जनसंख्या में वृद्धि होने लगी। |
| * देहावसान | – | जनवरी 2002 (आयु 55 वर्ष)। |

*****

# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



Dr. Mangal Sen
Who Opened the first Shakha in Myanmar in 1950.



Old Group of Karyakartas in
Gautam Shakha ground 37th Street Yangon 1955



Closing ceremony of 1st annual camp.
Man. Shadi Lal Ji Sanghchalak giving report 1957.



Sangh band-Shri Kishori Lal Gupta
seen at Center with Side Drum.



U Lum Baw - Dy Prime Minister Delivering
Speech in the camp - 1959.



Buddha Jayanti Celebrated in
Mawlamyine Kyaung Taik, Justice U Thein Maung Standing.



Sayagyi U Tha Myat - D. G. (Culture) on Annual Function,
Dr. Mangal Sen with other Adhikari.



Closing Ceremony of Annual Camp in Pyin Oo Lwin (May Myo).

# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



Sayagyi U San Htun (Mandalay University) in Closing function of Annual Camp, Zeyawadi.



A group of Mawlamyine Swayamsevaks in Yangon Camp 1966.



Swayamsevaks on Closing Function of the Camp.



On the visit of Anand Swami at Monywa Prarthna by Swayamsevakas.



Guru-Dakshina Function in Monywa Dr. S.N. Sharma, Saya U Chit (Sitting)



Zeyawadi Camp 1957



Advocate Shri S.L Verma Offerin Guru-Dakshina in Mandalay Arya Samaj 1960.




H.E. Ambassador of Bharat Shri Shyam Saran Speaking on the occasion on Rakshabandhan

# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



The Buddha Jayanti Held by Sangh in Shri Kali Bari Temple Dharmashala.



Ex. Dy Minister Home & Religious affairs U Kyi Nyunt binding Rakhi to joyful Late Shri R. C Pandey, Sanghchalak.



Rakshabandhan celebration. (L to R) Shri Bhim Sen Manocha, Sah Sanghchalak, Prof. Daya Ram, D.G. U Arnt Maung, Col. Kyi Nyunt (Retd) & Shri G. S. Sharma ji.



Rakshabandhan in progess



"Rath Yuddha" held by Swayamsevaks in the Closing Ceremony of the Camp.



"Dand Rumal Jhapat" competition in Mye Padetha Kyun Park.



Mandalay Annual Camp Man. Shri R. Hari ji with Shri Heera Lal ji Sarvadhikari 1996.



A sangh Geet Gompititionb held in Yangon.

# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



Pramukh of the Geet Vibhag Shri Bhagat Ram ji with Shri Arun Kumar on Geet competition prgramme, A Shishu Swayamsevak takin part.



A batch of Gentry watching the physical programme at mye padetha park in Yangon.



first Sports Competition held in Yangon 1971.



Playing Kabaddi.



Race Competition held by Sangh.







# SDSS လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ



Shri R.P Dhir Ji မှ
ကျောင်းသားလေးများအား ဆုချီးမြှင့်နေပုံ



သနတ္တန ဓမ္မရိပ်သာ အုတ်မြစ်ချအစီအစဉ်




သနတ္တန ဓမ္မရိပ်သာ ကော်မတီမှ ဆိုင်းဘုတ် တင်အခမ်းအနား



သနတ္တန ဓမ္မရိပ်သာ အုတ်မြစ်ချအစီအစဉ်



Pracharak RP Dhir & Rameshwar Prasad ji
သနတ္တန ဓမ္မရိပ်သာတွင် ပူဇော်ပွဲပြုလုပ်နေပုံ



သူရသတီမယ်တော်ဘုရားကျောင်း – ကျောက်တံခါး
အုတ်မြစ်ချအစီအစဉ်



SDSS ၁၉၅၉-ခုနှစ်၊ နမ္မတူးမြို့ ရှာခါးပုံရိပ်



SDSS ရုံးချုပ် မြေသန့် ဟဝ(န်) ပူဇော်ပွဲ ပြုလုပ်နေပုံ (ဒေါပုံမြို့)

# SDSS လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ



SDSS ၁၉၉၁ ခုနှစ်– နှစ်ပတ်လည် သင်တန်းမှတ်တမ်းပုံ



Saraswati Templeအစည်းအဝေးကျင်းပနေပုံ



SDSS ဝိုင်တော်မတ်များ၏ အစည်းအဝေးကျင်းပနေပုံ



SDSS ဝိုင်တော်မတ်များ၏ အစည်းအဝေးကျင်းပနေပုံ



SDSS ၁၉၆၈– ခုနှစ်၊ မော်လမြိုင်မြို့ ရာစီးဒုံရိပ်

၁၉၆၁ ခုနှစ်၊ မုံရွာမြို့ – ဆရာတော်ဦးဆောင်သော
ပရဟိတကျောင်းတွင် ရှာခါးဝတ်စုံဖြင့် ကလေးများနှင့်အတူ
သာသနာပြု ဦးယာဒဝ





SDSS မှ ဟိန္ဒူဗြိသားစုများ၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း



SDSS မှ ဟိန္ဒူဗြိသားစုများ၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း

# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



















# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ


















# SDSS (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မှတ်တမ်းဓါတ်ပုံများ



















# နှစ်ပေါင်းရာချီ - တည်ပါစေ



ဒေါက်တာဦးသန်းထွန်း(ရွှေဘို)

မြန်မာနိုင်ငံ "သနန္တန ဓမ္မပါလက အဖွဲ့ကြီး"သည် ယခု သက်တမ်း (၇၅)နှစ်ပြည့်ခဲ့လေပြီ။ ကျွန်တော်သည် ဆရာကြီးဦးစိန်တင်၏ ကျေးဇူးကြောင့် ဤအဖွဲ့ကြီး အကြောင်းကို လေ့လာနိုင်ခွင့် ရရှိခဲ့ပြီး တတ်စွမ်းသမျှလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

"သနန္တန ဓမ္မပါလကအဖွဲ့ကြီး"၏ အဓိပ္ပါယ်မှာ - သနန္တနဓမ္မ = ဗုဒ္ဓအပါအဝင် ရှေးသူတော်ကောင်းများ၏ တရားအတိုင်း၊ ပါလက = လိုက်နာကျင့်သုံးသောအဖွဲ့၊ အဓိကမှာ - မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို ရိုသေလေးစား စောင့်ရှောက်ကြရန် ဖြစ်ပါသည်။ လူငယ် လူရွယ်များအား ဗလငါးတန် ပြည့်ဝအောင် လေ့ကျင့် သင်ကြားပေးရန်လည်း ဖြစ်ပါသည်။ အားလုံးသိရှိပြီးဖြစ်သည့် ဗလငါးတန်အနက် ဉာဏဗလသည် အခြေခံဖြစ်သည်။ ဗုဒ္ဓတရားတော်သည် "ဉာဏ"ကို အဓိကထားသည်။

- ဗောဓိဉာဏ် ၊
- သဗ္ဗညုတဉာဏ် ၊
- မဂ်ဉာဏ် ၊
- ဖိုလ်ဉာဏ် စသည်တို့မှာ ဉာဏ်(ဉာဏ)၏ အမြင့်ဆုံး အဆင့်ဖြစ်ပါသည်။

လူသားတို့သည် ဉာဏ်ကိုအသုံးပြုလျှင် ကျန်ရှိသော ကာယဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလများလည်း ပြည့်စုံလာမည်မှာ မလွဲပေ။ ဉာဏ်ဆိုသည်မှာ ဘွဲ့ထူး ဂုဏ်ထူးရရှိခြင်းကို ဆိုသည်မဟုတ်ပေ။ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်အားဖြင့် ဉာဏ်ဆိုသည်မှာ -

- အမှန်နှင့်အမှားကို ခွဲခြားသိတတ်ခြင်း၊
- ကုသိုလ်နှင့်အကုသိုလ်ကို ခွဲခြားသိတတ်ခြင်းကို ဆိုလိုသည်။

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် မိမိတို့၏ နိုင်ငံ၊ လူမျိုး၊ ဘာသာကို စောင့်ရှောက် ထိန်းသိမ်း ကာကွယ်ရမည့် သူများ ဖြစ်ကြသည်။

ယနေ့ခေတ်သည် ရှေးခေတ်များနှင့် မတူပေ။ လူငယ်များ အတွက် စိန်ခေါ်မှုများစွာရှိသည်။ တိုင်းတစ်ပါးသားတို့၏ အငွေ့အသက်များမှာ အချိန်နှင့်အမျှ စီးဝင်တွေ့ကြုံနေရသည် ဖြစ်ရာ မိမိတို့၏ အမျိုး၊ ဘာသာအပေါ် ယုံကြည်မှု မခိုင်မြဲပါက လေတိုက်ရာလွင့်ပါသော သစ်ရွက်ခြောက်ကဲ့သို့ - တိုင်းတစ်ပါးကို အထင်ကြီးခြင်း၊ လူမျိုးခြား၊ ဘာသာခြား တို့၏ ဩဇာခံဖြစ်ခြင်းစသော ဘေးအန္တရာယ်များ ကြုံတွေ့ရတတ်ပါသည်။ -

"သနန္တန ဓမ္မပါလက အဖွဲ့ကြီး"သည် လူငယ်များအား မှန်ကန်သောလမ်းပေါ်တွင် လျှောက်လှမ်း နိုင်ရန်နှင့် ဉာဏဗလကို အသုံးချပြီး၊ ဗလငါးတန်ပြည့်ဝသော အနာဂတ်၏ အမျိုးစောင့်အင်အားစုများဖြစ်စေရန် ရည်ရွယ်၍ မွန်မြတ်သော စေတနာဖြင့် ဆောင်ရွက်နေသော အဖွဲ့ကြီး ဖြစ်လေရာ ဤအဖွဲ့ကြီးသည် နောင်နှစ်ပေါင်း ရာချီ တိုင်အောင် ဆက်လက်၍ မိမိတို့၏ တိုင်းကျိုး ပြည်ကျိုး၊ အမျိုး၊ ဘာသာအကျိုးများကို ဆထက်တိုး၍ ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ဆန္ဒ ပြုလိုက်ရပါသည်။

✳ ✳ ✳

# သနန္တန ဓမ္မပါလက အဖွဲ့(၇၅)နှစ်ပြည့် စိန်ရတုကာလမှသည် နှစ်ပေါင်းထောင်ချီတည်တံ့ပါစေ



မောင်ရင့်ကျူး (မြောင်းမြ)

၁၉၇၃-ခုနှစ်အချိန် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော် ကာလက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ၃၇-လမ်း၊ အမှတ်(၂၂၇/၂၂၉) သနန္တန ဓမ္မပါလက အဖွဲ့ကြီး တည်ရှိရာသို့ ရန်ကုန်တက္ကသိုလ် ဥပဒေ ပညာဌာနမှ ပါမောက္ခ (ငြိမ်း) ဦးကျော်ဇောနိုင်နှင့်အတူ ရောက်ရှိခဲ့ပါ သည်။ ထိုစဉ်ကာလက ဆရာကြီး ဦးစိန်တင် နှင့် ဆရာ ဦးယာဒဝတို့ သစ္စာရောင်ခြည် မဂ္ဂဇင်း ထုတ်လုပ်ဖြန့်ချီ နေချိန်ဖြစ်ပါသည်။ ဆရာ ဦးယာဒဝက သစ္စာရောင်ခြည် မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်နေချိန်ဖြစ်ပြီး၊ ဆရာကြီး ဦးစိန်တင်က ဗုဒ္ဓဝင်ပြပွဲကျင်းပရေး ကော်မတီကို တာဝန်ယူလျက် မြန်မာ နိုင်ငံမြို့ကြီး ပေါင်း(၄၀)ကျော်တွင် ဗုဒ္ဓဝင်ပြပွဲပေါင်း အကြိမ် (၆၀) ကျော်ကို ပြသနိုင်ခဲ့ပါသည်။

နောင်တွင်ဆရာကြီးဦးစိန်တင်က ကျွန်တော့်အား သနန္တန ဓမ္မပါလက အဖွဲ့ကြီး၏ သာသနာပြု လုပ်ငန်း တစ်ခု ဖြစ်သော ဗုဒ္ဓဝင်ပြပွဲကော်မတီတွင် အတွင်းရေးမှူးတာဝန်ကို ပေးအပ် ခဲ့ပါသည်။ ကျွန်တော်သည် ဆရာကြီးဦးစိန်တင်နှင့် အတူ သန်လျင်၊ ဓနုဖြူ၊ ဝါးခယ်မ၊ မြောင်းမြစသော မြို့ကြီး များသို့ ဗုဒ္ဓဝင် နှင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားပုံဆိုင်ရာ ပြပွဲ အတော်များသို့ လိုက်ပါပြသခဲ့ရပါသည်။

သနန္တန ဓမ္မပါလက အဖွဲ့ကြီးတည်ရှိရာ (၃၇)လမ်း ရုံးချုပ် တွင် သစ္စာရောင်ခြည် မဂ္ဂဇင်းကိစ္စ အဝဝကို ဆောင်ရွက် နေချိန်တွင် ဆရာပါရဂူ၊ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီးမာဃ၊ ဆရာကြီးဦးသော်ဇင်၊ ဆရာဦးသန်းထွန်း (ရွှေဘို)တို့နှင့် တွေ့ဆုံရင်းနှီးမှု ရရှိခဲ့ ပါသည်။ ထို့ပြင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်)က သနန္တန ဓမ္မပါလက အဖွဲ့ကြီး၏ ပြက္ခဒိန်၊ မဂ္ဂဇင်းကိစ္စများကို လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

သနန္တန ဓမ္မပါလက အဖွဲ့မှ ပြသခဲ့သော ဗုဒ္ဓဝင်ပြပွဲ များကို မြန်မာနိုင်ငံအနှံ့အပြား မြို့ပေါင်း (၆၄) မြို့နယ်တွင် (၉၆)ကြိမ် တိုင်တိုင် ခင်းကျင်းပြသခဲ့ပြီးဖြစ်ပါသည်။ ၁၉၅၆-ခုနှစ်က စတင်ပြသခဲ့သော ဗုဒ္ဓဝင်ပြပွဲကို ထိုအချိန် ကစ၍ ၁၉၇၂-ခုနှစ်အထိ မန္တလေးမြို့ အိမ်တော်ရာဘုရား တွင်လည်းကောင်း၊ မုံရွာမြို့ ဇရပ်ဝိုင် ဓမ္မာရုံတွင် လည်းကောင်း၊ ပြင်ဦးလွင်မြို့ နှစ်(၁၀၀)ပြည့်ပွဲတော်တွင် လည်းကောင်း၊ ရွှေဘိုမြို့ မြို့တော်စေတီတော်ပွဲကြီးတွင် လည်းကောင်း ပြသခဲ့ပါသည်။ ထိုမှတဖန် ၁၉၇၄-ခုနှစ် ရွှေတိဂုံ စေတီတော်မြတ်ကြီး ဘုရားပွဲတော်တွင်လည်း တစ်ခမ်းတနား အောင်မြင်စွာ ခင်းကျင်းပြသခဲ့ပါသည်။ ထို့အပြင် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင်လည်း အကြိမ်ကြိမ် သွားရောက်၍ ခင်းကျင်းပြသခဲ့ပါသည်။

၁၉၅၆-ခုနှစ် မှ ၁၉၈၈-ခုနှစ်တိုင်အောင် မြန်မာနိုင်ငံ တဝှမ်းလုံး တိုင်း၊ ပြည်နယ်၊ မြို့နယ် အသီးသီးတွင် သနန္တန ဓမ္မပါလက အဖွဲ့မှ ဦးစီး၍ ဗုဒ္ဓဝင်ပြပွဲများကို ခမ်းနား ကြီးကျယ်စွာပြသနိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ အကျိုးအတွက် တစ်ဘက်တစ်လမ်းမှ အုတ်တစ်ချပ် သဲတစ် ပွင့်အဖြစ် ဖြည့်စွက်ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းကြောင့် ရဟန်းရှင် လူပုဂ္ဂိုလ်များ၏ ကျေးဇူးတရားများ အဖွဲ့ဝင် အားလုံး၏စိတ်ဝယ် ယနေ့တိုင် ကိန်းအောင်းလျက် ရှိပါသည်။ ထို့အတူ နေ့စဉ် ရာခါးများ ပြုလုပ်ခြင်းနှင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗလငါးတန်ဖွံ့ဖြိုးရေး သင်တန်းများ ကျင်းပရာတွင်လည်းကောင်း၊ ဟိန္ဒူဓမ္မသင်ကြားပို့ချရေး လုပ်ငန်းများ ဆောင်ရွက်ရေးတွင်လည်းကောင်း၊ ကျောက်တံခါးမြို့နယ်ရှိ သနန္တန ဓမ္မရိပ်သာ ဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းများတွင်လည်းကောင်း၊ သစ္စာရောင်ခြည်မဂ္ဂဇင်း၊ သနန္တန ဓမ္မပြက္ခဒိန်များ ထုတ်ဝေဖြန့်ချီရာတွင်လည်းကောင်း၊ အခြားအခြားသော လူမှုဝန်ထမ်းလုပ်ငန်းများ၊ စွယ်တော် မြတ်စေတီ တည်ထားကိုးကွယ်ရာတွင် တည်ဆောက်ရေး လုပ်အားပေးခြင်း၊ သွေးလှူဒါန်းခြင်း အစရှိသည်တို့ ဆောင်ရွက် လုပ်ကိုင်ရာတွင် ချီးမြှင့်အားပေး ခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ မြန်မာနိုင်ငံ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကိုယ်တိုင် ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့ကြသူများ၏ ကျေးဇူးတရားများ သည်လည်း ကြီးမားဂုဏ်ယူဖွယ် ကောင်းလှပါသည်။

ဟိန္ဒူလူမျိုးများနှင့် မြန်မာလူမျိုးတို့မှာ တိပိဋက ကျမ်းစာ အရ အိန္ဒိယမဇ္ဈိမဒေသ "သကျကုလ" အမျိုး အနွယ်တို့မှ ဆက်နွယ်ပေါက်ဖွားလာကြသော ညီအစ်ကိုများ ဖြစ်ကြ ကြောင်းဖော်ပြထားပါ၍ ကမ္ဘာဦး အစကပင် "ဆွေမျိုးညာတကာ" များ ဖြစ်ကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တွင် သနာတန ဓမ္မပါလက အဖွဲ့ကို ၁၉၅၀- ခုနှစ်ကစ၍ တည်ထောင် ခဲ့ပြီးနောက် -

(၁) ဟိန္ဒူနှင့်ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ ပျောက်ကွယ်လျက်ရှိသော သနာတနဓမ္မနှင့် ယဉ်ကျေးမှုကို ပြန်လည် ထူထောင်ရန်။

(၂) လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရန်နှင့် ကိုယ်ကျင့်တရားရှိရန်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်၍ ကျန်နိုင်ငံများ၌ပါ ဗုဒ္ဓဓမ္မတရားများ ထွန်းကားလာစေရန်အတွက် အကျိုးဆောင်ရန်။

(၄) ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ အချင်းချင်း ညီရင်းအစ်ကို မိသားစုစိတ်ဓာတ် သဘောတရားများ ပေါ်ပေါက်ရန် အလွန် မြင့်မြတ်သော ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ထားရှိကြောင်း သိရပါ၍ အလွန်ပင် နှစ်သက်အားရ ဝမ်းမြောက် လှပါသည်။




သနာတန ဓမ္မပါလက အဖွဲ့သည် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးလာကာ အရာရာကို စွမ်းဆောင် နိုင်ရည်ရှိသော အရည်အချင်းကောင်းရှိသူများ ဖော်ထုတ်ပေးလျက် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဝံသာနုရက္ခိတ စိတ်ဓာတ် ထားရှိပြီး ကိုယ်ကျိုးမဖက် အများအကျိုးအတွက် လုပ်ငန်းများ ဆောင်ရွက်ရန်၊ နှစ်စဉ် ကလေးသူငယ်၊ လူငယ် လူရွယ်များကို ဆောင်းရာသီနှင့် နွေရာသီ၌ ဗလငါးတန် ဖွံ့ဖြိုးရေး သင်တန်းများဖြင့် လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိပါသည်။ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးလုပ်ငန်းများ ဖြစ်ကြသော ဗုဒ္ဓဝင်ပြပွဲများ ခင်းကျင်းပြသခြင်း၊ ဟိန္ဒူဓမ္မ သင်ကြားပို့ချခြင်း၊ ရိုးရာ ဘာသာ ယဉ်ကျေးမှု သက္ကတ ဘာသာစာပေ သင်ကြားပေးခြင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှု စာပေများ ပြုစုထုတ်ဝေခြင်း စသည်တို့ကို အဓိကထား ဆောင်ရွက်လျက်ရှိသည့်အပြင်၊ အခြားသော လူမှုရေး လုပ်ငန်းများကိုပါ အစဉ်ဆောင်ရွက်လျက် ရှိပါသည်။



"သနာတနဓမ္မ" ဟူသည်ကား မြတ်ဗုဒ္ဓဟောကြားထားသော ဓမ္မပဒ ပါဠိတော်အရ ရှေးဟောင်းကျ၍ မှန်ကန်သော တရားတော် များကို "ပါလက" လိုက်နာ ထိန်းသိမ်းကျင့်သုံး စောင့်ရှောက်သော အဖွဲ့ဟု အဓိပ္ပါယ်ရပါသည်။

သနာတန ဓမ္မပါလက အဖွဲ့ကြီးသည်ကား၊ ဗုဒ္ဓတရား ဓမ္မများကို လိုက်နာထိန်းသိမ်းကျင့်ဆောင်ရုံမျှ သာမက၊ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ပြန့်ပွားအောင် ဆောင်ရွက်လာခဲ့သည်မှာ ၁၉၅၀-ခုနှစ်မှ စတင်ခဲ့ရာ ယခု ၂၀၂၆-ပြည့်နှစ်တွင် စိန်ရတုခရီးသို့ တိုင်ခဲ့ပါပြီ။ သနာတန ဓမ္မပါလက အဖွဲ့ကြီးသည် ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ခရီး ကျော်လွန်က နှစ်ပေါင်းထောင်ချီ သာသနာပြု ခရီး တိုင်အောင် သားစဉ်မြေးဆက် ဘာသာ သာသနာအကျိုးကို ဆောင်ရွက် နိုင်ကြပါစေဟု ဆုတောင်း လိုက်ပါသည်။

❖ ❖ ❖



# သနာတန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၏ (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မတီ၏ ခရီးစဉ်



ဦးမောင်မောင်လွင်
ဥက္ကဋ္ဌ
ဗုဒ္ဓဝင်ပြပွဲ ကျင်းပရေး ဗဟိုကော်မတီ

မြန်မာနိုင်ငံတွင် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်ကို ခရစ်သက္ကရာဇ် ၁၉၅၀-ခုနှစ်က ဒေါက်တာ မံဂ(လ်)ဆေ(န်)က စတင် တည်ထောင်ခဲ့ပါသည်။ သနာတန ဓမ္မပါလက အဖွဲ့တွင် အောက်ပါဆက်စပ် အဖွဲ့အစည်းများ ဖွဲ့စည်း တည်ထောင်လာခဲ့ကြပါသည်။ ၎င်းတို့မှာ -

(၁) ဗုဒ္ဓဝင်ပြပွဲကျင်းပရေးဗဟိုကော်မတီ၊ (၂) ဟိန္ဒူဓမ္မသင်ကြားပို့ချရေး ဗဟိုကော်မတီ၊ (၃) ဇာနကလျာဏအသင်း (၄) ဟိန္ဒူအမျိုးသမီးများအဖွဲ့ (၅) ဟိန္ဒူလူငယ်များအဖွဲ့ (၆) အဖွဲ့ချုပ်ရုံးခန်းသစ် တည်ဆောက်ရေးကော်မတီ (၇) ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့တို့ ဖြစ်ကြပါသည်။

ဗုဒ္ဓဝင်ပြပွဲကျင်းပရေးဗဟိုကော်မတီကို (၁၉၅၆)ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင်သည့်ပွဲတွင် ဆရာကြီးဦးစိန်တင်မှ ဦးစီး၍ ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

ဆရာကြီးဦးစိန်တင်(ဥက္ကဋ္ဌ)အဖြစ် တာဝန်ယူခဲ့ပြီး၊ မြန်မာပြည်အနှံ့အပြား ရန်ကုန်၊ မန္တလေး၊ အပါအဝင် မြို့ပေါင်းများစွာတို့တွင် အကြိမ်ပေါင်းများစွာ ဗုဒ္ဓဝင်ပြပွဲကို ကျင်းပလာခဲ့ပါသည်။ ဗုဒ္ဓဝင်ပြပွဲကို မြန်မာနိုင်ငံအပြင် ပြည်ပနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံတွင် (၂)ကြိမ်၊ ထိုင်းနိုင်ငံတွင် (၂)ကြိမ် အသီးသီး ပြသခဲ့ပြီး ပြည်သူလူထု၏ အားပေးမှုများစွာ ရရှိခဲ့ပါသည်။

ဆရာကြီးဦးစိန်တင် ကွယ်လွန်ပြီးနောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်ဖြစ်သော ဆရာဦးမင်းသိန်း ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး၊ ကျွန်တော်လည်း ဒု-ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ ဆရာဦးမင်းသိန်း လက်ထက်တွင် ကျောက်တန်းမြို့တွင် ၂၀၁၉-ခုနှစ်က (၁)ကြိမ်ပြသခဲ့ပါသည်။ ဆရာဦးစိန်တင် ဦးစီးပြသခဲ့သော ပြပွဲများပမာ အချို့ပစ္စည်းများ ချို့ယွင်းမှုနှင့် မစုံမလင်မှုများ ရှိခဲ့ပါသော်လည်း ဆရာဦးမင်းသိန်း၏ ကြိုးစား အားထုတ်မှုဖြင့် ရှိသမျှ ပစ္စည်းနှင့် ဗုဒ္ဓဝင်ပြပွဲကို မဖြစ်ဖြစ်အောင် ဖန်တီး ပြသနိုင်ခဲ့ပါသည်။

ဆရာကြီးဦးမင်းသိန်း ကွယ်လွန်သွားပြီးနောက် ကျွန်တော်သည် ၂၀၂၁-ခုနှစ်တွင် ဗုဒ္ဓဝင်ပြပွဲ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ ကျွန်တော် တာဝန်ယူပြီးသည့် အချိန်မှစ၍ အကြောင်း အမျိုးမျိုးကြောင့် ဗုဒ္ဓဝင်ပြပွဲကို တစ်ကြိမ်မှ မပြသနိုင်ခဲ့ပါ။ သို့သော် ကျွန်တော်တို့ကော်မတီမှ ဗုဒ္ဓဝင်ပြပွဲ ပြသနိုင်ရေးအတွက် အထူးကြိုးစားလျက်ရှိပါသည်။

ပျက်စီးယိုယွင်းနေသော ပစ္စည်းများ အစားထိုးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ မှာယူထားပြီး ဖြစ်ပါသည်။ သာသနာပြုဆရာကြီး ဒေါက်တာ ရာ(မ်) နိဝါ(စ်) (ခ) ဒေါက်တာလုထွန်းမှ အိန္ဒိယနိုင်ငံဘာသာရေး အဖွဲ့အစည်းနှင့် ဆက်သွယ်ပြီး ပစ္စည်းများ မှာယူနိုင်ရေးအတွက် ကြိုးစားလျက်ရှိပါသည်။

ယခုအခါမှာ ဗုဒ္ဓပြပွဲ ပြသနိုင်ရေးအတွက် ရုပ်ပုံကားချပ်များ (၁၀၀)ကျော် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာပြီး ဖြစ်ပါသည်။ မကြာမီ အိန္ဒိယနိုင်ငံနှင့် ကမ္ဘာ့မြေပုံတွင် မြတ်ဗုဒ္ဓ၏ သာသနာပြုခရီးစဉ်များ ပါဝင်သည့် မြေပုံရောက်ရှိလာမည် ဖြစ်ပါသည်။ လက်ရှိရောက်ရှိလာသော ဗုဒ္ဓမြတ်စွာဘုရား၏ ရာဇဝင်ဓာတ်ပုံများ အပါအဝင် ကျန်ရှိသည့် ပစ္စည်းများနှင့် ရန်ကုန်မြို့တွင် တစ်ကြိမ် ပြသနိုင်ရေးအတွက် အထူးကြိုးစားလျက်ရှိပါသည်။ ၎င်းနောက် မန္တလေး အစရှိသော မြို့နယ်များတွင် ပြသနိုင်ရေးကို ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တဆက်တည်းမှာပင် ဆရာကြီး ဦးစိန်တင်ကဲ့သို့ အိန္ဒိယနိုင်ငံ (အထူးသဖြင့် တမိလ်နာဒူးပြည်နယ်)သို့ သွားရောက် ပြသနိုင်ရန်လည်း စိတ်ကူးရှိနေပါသည်။

❍ ❍ ❍

# သမိုင်း နှင့် သစ္စာ



ချယ်ရီမြေ မောင်တင်ထွန်း

သမိုင်းဟူသည် ဖျောက်ဖျက်၍မရသော အရာဖြစ်ပါသည်။ သမိုင်းကိုဖုံးကွယ်၍မရပါ။ လူသားတို့သည်ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးကြပါသည်။ သမိုင်းဟူသည် ခိုင်မာသော အထောက်အထား သက်သေရှိမှသာ အမှန်ဟု ယူဆရပါသည်။ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၃၅-မျိုးသော တိုင်းရင်းသားမျိုးနွယ်တို့ လက်ချင်းယှက် မှီတင်းရာအရပ်ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တို့အပြင် အခြားလူမျိုးများ ပေါင်းစုနေထိုင်ရာဒေသလည်း ဖြစ်သည်။ အမိမြန်မာနိုင်ငံတွင် နေထိုင်ကြသောလူမျိုးများအနက် ဟိန္ဒူဘာသာဝင်တို့သည် တိုင်းရင်းသားများနှင့် အေးအတူ၊ ပူအမျှ အတူတကွ နေထိုင်လျက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် လေးစား အားထားကြသည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ ရှိသေပြီး ကျရာတာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။

ဤဆောင်းပါးတွင် နိုင်ငံတော်အပေါ်သစ္စာစောင့်သိ ရှိသေခဲ့ကြသော ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများအနက် (၂)ဦး အကြောင်းကို တင်ပြလိုပါသည်။

### ရာဂျာ ဒေါက်တာ အက်(စ်)အာရ်၊ ရာမနာသာ ရဲဒ်ဒီယာရ် *(Raja Dr. S.Ramanatha Reddiar)*

အက်(စ်)အာရ်၊ ရာမနာသာ ရဲဒ်ဒီယာရ် ကို ၁၈၇၁-ခုနှစ်၊ နိုဝင်ဘာ ၂ ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း တွံတေး သူဌေးကုန်းရပ်၌ မွေးဖွားခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ရန်ကုန်မြို့ လူသာမစ်ရှင် သာသနာပြုကျောင်း၌ ပညာသင်ခဲ့သည်။ ထို့နောက် ဖခင်၏ မီးသင်္ဘောလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၈၉၁-ခုနှစ်တွင် အိမ်ထောင်ကျသည်။ ငွေကြေးဥစ္စာ ကြွယ်ဝသည့်အလျောက် အလှူအတန်းများစွာ ပြုလုပ်ခဲ့သည်။ ၁၉၁၈-ခုနှစ်တွင် ရန်ကုန်၊ ပုဇွန်တောင်၊ အထက (၁)နှင့် ဗိုလ်တထောင် အလက(၁)တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၉၂၀-ပြည့်နှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ငှက်အိမ်များကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

၁၉၂၀-ပြည့်နှစ်တွင်ပြည်သူ့ဝန်ထမ်းနှင့် ဗြိတိသျှအစိုးရအပေါ် သစ္စာစောင့်သိသူဟု အဓိပ္ပာယ်ရသည့် *Rao-Sahib (R.S)* ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ အိန္ဒိယတောင်ပိုင်းသားများကို အင်္ဂလိပ်အစိုးရက ပေးအပ်ချီးမြှင့်သည့် *Rao-Bahadur (R.B)* ဘွဲ့တံဆိပ်ကို လည်းကောင်း ချီးမြှင့်ခံရသည်။ ထို့ပြင် မြန်မာနိုင်ငံ အင်္ဂလိပ်အစိုးရက ဂုဏ်ထူးဆောင် ရာဇဝတ် တရားသူကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၂၄-ခုနှစ်တွင် ဆရီရန်ဂန်ဆေးရုံ၌ အမျိုးသမီးဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့သည်။ ၁၉၂၈-ခုနှစ် တွင် အင်္ဂလိပ်အစိုးရက အိန္ဒိယသူကောင်းမျိုးအဖြစ် ပေးအပ်သည့် 'ရာဂျာဘွဲ့' ကို ရရှိသည်။

၁၉၂၈-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဆီနိတ် (သဟာယအဖွဲ့)သည် တက္ကသိုလ် စာကြည့်တိုက်တည် ထောင်ရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကော် မတီသည် ရာဂျာ အက်(စ်)၊ အာရ်၊ ရဲဒ်ဒီယာရ်နှင့် ဆက်သွယ်ခဲ့ရာ တက္ကသိုလ်စာကြည့်တိုက် အဆောက် အဦးအတွက် တစ်ဦးတည်း အလှူရှင်အဖြစ် အိန္ဒိယ ရူပီး(၂)သိန်း လှူဒါန်းခဲ့သည်။ ၁၉၂၇-ခုနှစ် ဒီဇင်ဘာ ၇-ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို အုတ်မြစ်ချခဲ့သည်။ ထို့နောက် စာကြည့်တိုက် အတွက် စာအုပ်များဝယ်ရန် အိန္ဒိယရူပီးငွေ (၅)သောင်း ထပ်မံလှူ ဒါန်းခဲ့သည်။

ရာဂျာ ဒေါက်တာ အက်(စ်)အာရ်၊ ရဲဒ်ဒီယာရ် ပညာသင်ဆု ရွှေတံဆိပ်နှင့်စာအုပ်များကို ရန်ကုန်တက္ကသိုလ် ရူပဗေဒ ဂုဏ်ထူးတန်း ထူးချွန်ဆုနှင့် ဆေးသိပ္ပံထူးချွန်ဆုတို့အဖြစ် နှစ်စဉ်ပေးအပ်ခဲ့သည်။ သူ၏ ပညာသင်ဆုကို *The Raja Dr. S. Ramanatha Reddiar Prize Gold Medal and Books* ဟု ခေါ်သည်။ ၁၉၃၁-၃၂ တွင် ရဲဒ်ဒီယာရ်၏ ပညာသင် ဆုကြေးငွေ အိန္ဒိယရူပီး (၁၄၆၈၀) ရှိပြီး ပညာသင်ဆု (၂၁)ခုတွင် အများဆုံးဖြစ်ခဲ့သည်။ ၁၉၃၀ နိုဝင်ဘာ ၃ ၌ ဖွဲ့စည်းသော ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင် (၆၉)ဦးအနက် အမှတ်စဉ်(၉)မှာ ဒေါက်တာ ရဲဒ်ဒီယာရ် ဖြစ်သည်။

ရာဂျာရဲဒ်ဒီယာရ်၏ ကျေးဇူးတရားကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၂၇-ခုနှစ်တွင် ဂျူဗလီ ဟောခန်းမ၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်၌ ဂုဏ်ထူးဆောင် ဥပဒေ ပါရဂူဘွဲ့ *LL.D (Honoris Causa)* ကိုချီးမြှင့် အပ်နှင်းခဲ့၏။ ရာဂျာရဲဒ်ဒီယာရ် သည် ၁၉၃၂-ခုနှစ် ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

### ဆရာကြီး ဦးအာတာဆင်း *(Mr. Attar Singh)*

ဆရာကြီး ဦးအာတာဆင်း *(Mr. Attar Singh)* သည် မန္တလေးတက္ကသိုလ်တည်ထောင်စကာလတွင် သင်ကြားရေး၌ စိတ်ပါဝင်စားလွန်း၊ စာသင်အလွန်ကောင်းသော ဂေါ်ရခါးအမျိုးသားဆရာကြီးတစ်ဦးဖြစ်သည်။

“ဆရာကြီး ဦးအာတာဆင်း”သည် မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန၏ ပထမဆုံး ပါမောက္ခ ဖြစ်သည်။ ဆရာကြီး အကြောင်းကို တပည့်အတော်များများက ရေးသားဂုဏ်ပြု ခဲ့ကြသည်။ မန္တလေးယူနီဗာစီတီ ကောလိပ် နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း စာမျက်နှာ (၁၇၇)တွင် ဒေါက်တာ ချစ်မောင် (ဇီဝဓာတု)က “စစ်ပြီးခေတ် မန္တလေး ဒီဂရီ ကောလိပ်တွင် ဓာတုဗေဒ လက်ထောက် ကထိကမှာ မြန်မာလူမျိုး ဂေါ်ရခါးအနွယ်ဝင် ဆရာကြီး အာတာဆင်း ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်မှ အမ်-အက်စ်-စီ အောင်ပြီး ပါမောက္ခ *Dr.Peacock* ၏ တပည့် ဖြစ်ပါသည်။ ကျွန်တော် တို့အား ရူပဗေဒနှင့် အော်ဂင်းနစ် ဓာတုဗေဒကို သင်ပါ သည်။ စာသင်အလွန် ကောင်းသော ဆရာကြီး ဖြစ်ပ-ါသည်။ မည်သည့်စာအုပ်တွင်မှ သူရှင်းပြသလို ရှင်းအောင် ရေးမထားပါ *(No book will tell you like this)*ဟု အမြဲ ပြောတတ်ပါသည်။ ကျောင်းသား တပည့်များ မစုံလျှင် စာမသင်ဘဲ စောင့်နေတတ်ပါသည်။ နောက်ကျသည့် ကျောင်းသားလာမှ ဆီးပြီး "မင်းကို တစ်တန်းလုံးက စောင့် နေကြတယ် *(My dear; the whole class is wating for you)"* ဟု ပြောပြီးမှ စာကို စသင်ပါသည်။ သူ၏ သင်ကြားမှု ကောင်းမွန်ခြင်းကြောင့် ၁၉၅၃-ခုနှစ်၊ ဘီ-အက်စ်-စီ (ခ) တန်းတွင် ဒေါက်တာမောင်ဒီသည် ဓာတုဗေဒ ဂုဏ်ထူးရခဲ့ပါသည်။ ၁၉၅၈-ခုနှစ်တွင် မန္တလေးသီးခြား တက္ကသိုလ် ဖြစ်လာသောအခါ ဆရာကြီး အာတာဆင်းသည် ပထမဆုံး ဓာတုဗေဒပါမောက္ခ ဖြစ်လာ ပါသည်။ ဆရာကြီးလည်း ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်” ဟု ဂုဏ်ပြု မှတ်တမ်းတင်ထားပါသည်။

၎င်းစာအုပ် စာမျက်နှာ(၂၀၀)တွင် ပါမောက္ခ ဦးဝေထွန်းက “ဆရာအာတာဆင်းသည် ၁၉၅၆-ခုနှစ်တွင် ဌာနမှူးဖြစ် လာသည်။ ဆရာဆင်းသည် ရေနံကုမ္ပဏီတွင် လခကြီးကြီး ရသော်လည်း ဆရာဘဝကိုနှစ်သက်၍ လခနည်းနည်းသာ ရသော်ငြား ပြောင်းလာခြင်း ဖြစ်ပါသည်။

၁၉၅၈-ခုနှစ်တွင် ပါမောက္ခရာထူး တိုးမြှင့်ခြင်း ခံရပါသည်။ ဆရာဆင်းသည် ကျွန်တော် ဓာတုဗေဒ ပထမနှစ် ဂုဏ်ထူးတန်းမှ မဟာသိပ္ပံတန်း ရေးဖြေအောင်မြင်သည် အထိ သင်ကြားပေးခဲ့သော ဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာကြီး စာသင်လျှင် လက်နှစ်ဖက်မြှောက်၍ အားရပါးရ သင်ပြီး မေးလေ့ရှိသောမေးခွန်းမှာ *"Do you See? Do you follow me?"* ဖြစ်ပါသည်။ နားလည်ပါသလား၊ လိုက်နာ ပါသလားဟု မေးလေ့ရှိပါသည်။ လက်နှစ်ဖက်မြှောက် လိုက်လျှင် ဘောင်းဘီ ကြယ်သီးတစ်လုံး ပြုတ်နေသည်ကို





ရာဂျာ ဒေါက်တာ အက်(စ်)အာရ်၊ ရာမာနာသာ ရဲဒ်ဒီယာရ်

ပါမောက္ခ ဆရာကြီး ဦးအာတာဆင်း

တစ်ခါတလေ မြင်နိုင်ပါသည်။ ပင်မအဆောက်အအုံ တောင် ဘက်ဆင်း၍ စာကြည့်တိုက်သွားရန် ကွေ့လိုက်လျှင် ပထမဆုံးတွေ့ရသော ကုက္ကိုလ်ပင်အောက်တွင် သော့ မပါသော စက်ဘီးကို ဆရာကြီး တစ်နေ့လုံး ထောင်ထား လေ့ရှိပါသည်။ စက်ဘီးမပျောက်ခဲ့ပါ။ တစ်ခါတစ်ရံ သစ်ပင်ခွ ကြားသို့ ကျောင်းသားတစ်ဦးတလေက ထမ်းတင်ထား တတ်သည်။ သားဖြစ်သူကို ခေါ်၍ ချယူရပါသည်။

ကျွန်တော်တို့သရုပ်ပြဆရာလေးများ ဖြစ်လာတော့လည်း လူကြီးလူကောင်းလို ဆက်ဆံပါသည်။ တစ်နေ့တွင် ဆရာငယ်တစ်ဦးကိုခေါ်၍ ဘီအက်စ်စီ နောက်ဆုံးနှစ် ဓာတုဗေဒ အမှတ်စာရင်းကို ဓာတ်ခွဲခန်းတွင်ပင် တထိုင်တည်း အပြီး ပြုစုလိုက်ပါသည်။ မင်းကို ငါယုံသည် ဟု ပြောပါသည်။ ထိုဆရာငယ်လည်း ယခုတိုင် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသော ဆရာကြီး ဖြစ်နေသည်။ ၁၉၆၆-ခုနှစ်တွင် ဆရာဆင်း အသက်(၆၀) ပြည့်သဖြင့် ပင်စင်ယူသွားပါသည်”ဟု ကမ္ဗည်းထိုးထားသည်။

မြန်မာ့မြေတွင် မွေးဖွားသူတိုင်းက ငါတို့သည် မြန်မာ့ မြေပေါ်တွင် ချက်မြှုပ်ခဲ့သည်။ မြန်မာ့မြေပေါ်တွင် ကြီးပြင်း ခဲ့ပြီး မြန်မာ့မြေ၌ လဲလျောင်းကြရမည်။ မြန်မာ့မြေအဆီ၊ မြန်မာ့ရေအကြည်၊ မြန်မာလေပြည်တို့၏ ကျေးဇူးကို မဖောက်မပြန် တုံ့ပြန်ကြေးဆပ်ခြင်းသည် မွေးရာပါတာဝန် ဖြစ်၏ဟူသောအမြင် ရှိသင့်ပါသည်။ ဟိန္ဒူဘာသာဝင် များသည် ဤအမြင်များရှိပြီး နိုင်ငံတော်အပေါ်သစ္စာတရား စောင့်သိရှိသေကြကြောင်း တွေ့မြင်ရပါသည်။


စာကိုး
(၁) ချယ်ရီမြေ မောင်တင်ထွန်း၏ သမိုင်းထင်ရှား ဂေါ်ရခါး။
(၂) ဒေါက်တာနန်းလှိုင်၏

ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဘွဲ့ရ ပုဂ္ဂိုလ်ကျော်များ။

ရာဂျာ ဒေါက်တာ အက်(စ်)အာရ်၊ ရာမာနာသာ ရဲဒ်ဒီယာရ်

ပါမောက္ခ ဆရာကြီး ဦးအာတာဆင်း

# သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် နှင့် ဟိန္ဒူဘာသာဝင်များဆက်နွယ်မှု



*S.K. B Vanitha*
တွဲဘက်အတွင်းရေးမှူး *(HDSS)*

ယခုရေးသားမည့် အကြောင်းအရာသည် "သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်နှင့် ဟိန္ဒူဘာသာဝင်များ ဆက်နွယ်မှုကို ဤနေရာမှ အစပျိုးခြင်း ဖြစ်ပါသည်။ ဟိန္ဒူဘာသာတွင် အဓိကကျသော "ဝေဒ"ကျမ်းကြီး (၄)ကျမ်း ရှိပါသည်။ ထိုကျမ်း (၄)ကျမ်းအား လူတိုင်းနားလည်ရန်အတွက် ပုရာဏကျမ်း (၁၈)ကျမ်းအဖြစ်ခွဲခြမ်းစိပ်ဖြာ၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုကျမ်း (၁၈)ကျမ်းထဲက လူသားများ ဘဝအတွက် အဓိကကျသော ကျမ်းသည် "ဂရုဒ" ပုရာဏ *(Garuda Puran)* ကျမ်းဖြစ်ပါသည်။

"ဂရုဒ" ပုရာဏကျမ်းလာ "သာလွန်သော မွေးဖွားခြင်း" ဟူသော ကဏ္ဍမှ ရခဲ့လှသော လူ့ဘဝ အကြောင်းတစေ့တကြောင်းလေ့လာကြည့်ကြပါစို့။

ဤလောကဝယ် (၈၄)သိန်းကုန်သော သက်ရှိသတ္တဝါ အမျိုးမျိုးကို တွေ့ရှိနိုင်သည်။ ထိုသက်ရှိအလုံးစုံတို့ပေါက်ဖွား(မွေး)လာခြင်း ဖြစ်သော နည်းလမ်း (၄)မျိုးရှိသည်။

(၁) အန္ဍဇ (အန္ဍဂျ(မ်)) = ဥမှပေါက်ဖွားလာခြင်း။

ကြက်၊ ငှက်၊ မြွေ၊ ဖွတ်၊ လိပ်အစရှိသည့် သတ္တဝါတို့သည် ဥမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး (၂၁)သိန်းကုန်သော သက်ရှိအမျိုးအစားရှိကြသည်။

(၂) ဥဗ္ဘိဇ (ဥ(သ်)ဗီဂျ(မ်)) = မျိုးစေ့မှ ပေါက်ဖွားလာခြင်း။

နွယ်၊ မြက်၊ သစ်ပင်အစရှိသည့် အရာတို့မှာ မျိုးစေ့မှ ပေါက်ဖွားလာခြင်း ဖြစ်ပြီး (၂၁)သိန်းကုန်သော သက်ရှိအမျိုးအစား ရှိကြသည်။

(၃) ပိဏ္ဍဇ (ဇရာယုဇ/စရာယုစ(မ်)) = သားအိမ်၌ သန္ဓေတည်၍ မွေးဖွားလာခြင်း

လူနှင့် တိရစ္ဆာန် အစရှိသည့် သတ္တဝါတို့သည် သားအိမ်တွင် သန္ဓေနေ၍ မွေးဖွားလာခြင်းရှိပြီး (၂၁)သိန်းကုန်သော သက်ရှိအမျိုးအစားရှိကြသည်။

(၄) သုဝေသဇ (ဆူဝေဒသဂျ(မ်)) = ချွေးနှင့် အညစ်အကြေးတို့မှ ပေါက်ဖွားလာခြင်း။

ချွေးနှင့် အညစ်အကြေးတို့မှ ပေါက်ဖွားလာခြင်းရှိသော ခြင်၊ယင်၊ ကြမ်းပိုး၊ အစရှိသည့် ထိုကဲ့သို့သော ပိုးကောင်အမျိုးမျိုးမှာ (၂၁) သိန်းကုန်သော သက်ရှိအမျိုးအစားရှိကြသည်။

ဤလောကဝယ် စုစုပေါင်း (၈၄)သိန်းကုန်သော မွေးဖွားပေါက်ရောက်ခြင်းတည်းဟူသော မတူခြားနားသည့် ဖြစ်ပေါ်လာခြင်းများစွာ ရှိကြသည်။ အထက်ကဆိုခဲ့ပြီးသည့် မွေးဖွားခြင်း "ဗီဇ"အားလုံး၌ တခုတည်းသော အလွန်မြင့်မြတ်၍ ရခဲလှသည်မှာ "လူ့ဘဝ"ပင် ဖြစ်သည်။ အခြားသုံးမျိုးသော အမျိုးအစားမှာကား လူ့ဘဝရရှိရန် လွန်စွာ ခဲယဉ်းလှပေသည်။

သက်ရှိတို့ပြုအပ်သောကောင်းမှု ကံ၏ အခြေခံအားဖြင့်သာ ထိုသက်ရှိသတ္တဝါအားလုံးထက် လူသတ္တဝါက မြင့်မြတ်ယဉ်ကျေးနေရခြင်း၏။ အကြောင်းအရာများက အဘယ်နည်း၊ ဟူသည်ကို နားလည်သဘောပေါက်ရန်လိုအပ်ပေသည်။ အကြောင်းမူကား အခြားသော သက်ရှိများထက် လူသတ္တဝါသည် ဖြစ်ပျက်နေသည့်အလုံးစုံသော အကြောင်းအရာတို့ကို မြင်တွေ့ခံစားနိုင်ရန် - မျက်စိ၊ စိတ်၌ ပေါ်ပေါက်လာသည့် အတွေးအခေါ် စိတ်ကူးများနှင့် အခြားအကြောင်းအရာတို့ကို မျှဝေပြောဆိုနိုင်ရန် - ပါးစပ်၊ အခြားသော အာရုံဖြင့် ကြားသိခံစားနိုင်ရန် - နား၊ အစားအစာတို့၏ အရသာ (၆)ပါးကို ခံစားသိရှိနိုင်ရန် - လျှာ၊ အဘယ်ဆီက လာမှန်းမသိသော အနံ့အသက်တို့ကို ရှူရှိုက်ခံစားသိရှိနိုင်ရန် - နှာခေါင်း၊ ထိတွေ့ခြင်း (သို့) ထွေးပိုက်ခံစားသိရှိနိုင်ရန် ခန္ဓာကိုယ်၊ အကြောင်းအရာတစ်ခုကို ကောင်း၊ မကောင်း၊ ကုသိုလ်၊ အကုသိုလ်ဟူ၍ ခွဲခြားသိရှိ ဝေဖန် ပိုင်းခြားနိုင်ရန် "အသိဉာဏ်"စသည့် အရာတို့ကို "လူ"ဟူသော သက်ရှိ၌သာ ရရှိပိုင်ဆိုင်ထားခြင်း ရှိသည်။ လူ၌ရှိအပ်သော ဝေဖန်ပိုင်းခြားတတ်သည့် "အသိဉာဏ်" ဟူသည့် တန်ဖိုးရှိသော အရာသည် အခြားမည်သည့်သက်ရှိတို့၌ ရရှိခြင်း မရှိပေ။ သို့ကြောင့် လူ့ဘဝသည် အလွန်မြင့်မြတ်သော ဘဝဖြစ်သည်။

တစ်စုံတစ်ရာသော သက်ရှိ သတ္တဝါသည် ဤဘဝ၌ ပြုအပ်သော ကောင်းမှုကုသိုလ်ကို အကြောင်းပြု၍ နောင်ဘဝတွင် လူ့ဘဝကို ရရှိနိုင်သော အထောက်အပံ့ဖြစ်သည်။ လူ့ဘဝဟူသည်မှာ နတ်ပြည်၊ ဗြဟ္မာပြည်နှင့် သံသရာမှလွတ်မြောက်ရန် အလို့ငှာ ကျင့်ကြံ အားထုတ်နိုင်

စေသည့် ကိရိယာတစ်သာဖြစ်သည်။ သက်ရှိအားလုံးတို့၌ ကောင်းမှုကုသိုလ်ရှိခြင်းကြောင့် လူ့ဘဝကို ရရှိခဲ့သော "မနုဿ အတ္တဘော"ကို အကြောင်းပြု၍ နတ်ပြည် (သို့) မောက္ခ (နိဗ္ဗာန်)သို့ ရောက်ရှိရန် လိုအပ်သည်တို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ အကုသိုလ် အလုပ်တို့ကိုသာ ပြုလုပ်မိခြင်း အကြောင်းကြောင့် - အောက်ပြည်အောက်ရွာ ဖြစ်သော "ငရဲနှင့် နိမ့်ကျသေသာ တိရစ္ဆာန် ပြိတ္တာ" အစရှိသည် ဘဝတို့ကို ရရှိကြရသည်။ မွေးဖွားလာသူတိုင်းသည် မောက္ခသို့ ရောက်ရှိခဲ့ကြသည်ဟူ၍ မရှိပေ။

ယခင်ဘဝကပြုမိခဲ့သော အကုသိုလ် ကံကြောင့် အောက်ကမ္ဘာသို့သာ ရောက်ရှိကြရပြီး မိမိကိုယ်ကို မိမိလိမ်လည်လှည့်ဖြားနေကြကုန်သည်။ လူ့ဘဝ၏ ဂုဏ်နှင့် မြင့်မြတ်ခြင်းမှာ အခြားသက်ရှိတို့ထက်သာလွန်နေကြသည်ကို စိုးစဉ်းမျှနားလည် သဘောပေါက်ခြင်း မရှိဘဲ မိမိတို့ ရရှိထားသည့် လူ့ဘဝတန်ဖိုးကို နိမ့်ကျစေသည်သာ မဟုတ်အလဟဿ ကုန်လွန်စေကြသူက များပြားကြသည်။ ဘဝ၏ ဦးတည်ချက်ကို မသိရှာဘဲ အကုသိုလ်ကို အလွန်များစွာ ပြုလုပ်နေမိကြကုန်သည်။ ဘဝပေါင်းများစွာ ရရှိခဲ့ကြသော်လည်း မောက္ခသို့သွားရောက်ရန် အထောက်အပံ့ဖြစ်စေသော ဘဝမှာ လူ့ဘဝတစ်ခုတည်းသာ ဖြစ်သည်။ ဤသို့သော ထူးခြားအံ့ဩဖွယ်ကောင်းသည့် လူ့ဘဝကိုနိမ့်ကျစေသော အခြေအနေ တစ်ခုသို့ သယ်ဆောင်သွားသည့် အကြောင်းရင်းသည် လိုအင်ဆန္ဒ တည်းဟူသော "လိုလောဘ"သာ ဖြစ်သည်။ လူတို့၏ ဆန္ဒနှင့် လောဘကသာ ဒုက္ခဖြစ်စရာ အဓိကကျသော ပထမ အကြောင်းခံဖြစ်သည်။

ထိုအကြောင်းခံမှာ "မြေကြီးပေါ်၌ဖြစ်သော လိုလောဘ၊ "ဣတ္ထိယ"၌ ဖြစ်သော ကာမဂုဏ် လိုလောဘနှင့် "ပစ္စည်း၊ ဥစ္စာ"၌ ဖြစ်သော အတောမသတ်နိုင်သည့် လိုလောဘ ဟူသော လောဘ (၃)မျိုးကြောင့် လူတို့ အတိဒုက္ခ ဆင်းရဲခြင်းသို့ ရောက်ရှိကြကုန်သည်။ ဆိုအပ်သော အဓိကလောဘ (၃)မျိုးကို လူတို့ ထိန်းသိမ်းကျော်လွှားနိုင်သည်ရှိသော်၊ ထိုသူသည် မောက္ခလမ်းသို့ ဦးတည် လျှောက်လှမ်းနေသူ ဖြစ်ပေလိမ့်မည်။

ဤသို့ရခဲလှသော လူ့ဘဝကို အကျိုးရှိအောင် မည်သို့မည်ပုံအသုံးချရန်စဉ်းစားဆောင်ရွက်လမ်းပြ ပေးခဲ့သော ပုဂ္ဂိုလ်များတွင် - ဒေါက်တာ ကေရှ(ဗ်) ဗလိရာ(မ်) ဟေ(ဒ်)ဂေဝါ(ရ်)ဟူသည် စံပြပုဂ္ဂိုလ်တစ်ဦးနှင့် ဟိန္ဒူဘာသာဝင် လူသားအားလုံးကို မိတ်ဆက်ပေးပါရစေ။

ဒေါက်တာ ဟေ(ဒ်)ဂေဝါ(ရ်)သည် အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌတိုင်း၊ နာဂ်ပူရ်မြို့၌ ၁၈၈၉-ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် အလွန်ဆင်းရဲသော ဗြဟ္မဏမိသားစု၌ မွေးဖွားခဲ့သည်။ ဒေါက်တာ၏ ငယ်အမည်မှာ ကေရှဗ် ဖြစ်သည်။ ငယ်စဉ်ကျောင်းသား ဘဝကတည်းက ကျောင်းတွင်း မုန့်ဝေပေးပါရာ ယူ၍လွှင့်ပစ်လိုက်သည်။ အင်္ဂလိပ်တို့ "ဒို့တတွေကို မုန့်ဝေပြီး ကျွန်ဇာတ်သွင်းတာ၊ သူတို့၏ ပျော်ရွှင်ပွဲတွင် ဝေပေးသော မုန့်ကို ဘာကြောင့်စားရမလဲ၊ ဟု သူငယ်ချင်းများအား ပြောသည်ကို သိရှိနိုင်ပါသည်။ ဤအကြောင်းအရာ ဥပမာတစ်ခုကို ကြည့်ခြင်းဖြင့် ဒေါက်တာ ဖြစ်လာမည့် ကေရှ(ဗ်)သည် ကျွန်စိတ်ကို လက်ခံခြင်း မရှိဘဲတော်လှန်ရေး စိတ်ဓါတ်အပြည့်ရှိသူဖြစ်သည်ကို သိရှိနိုင်သည်။

ကလကတ္တားမြို့သို့ သွား၍ ဆရာဝန်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ဆရာဝန်ဖြစ်ခဲ့ပါသည်။ အထက်ပါဖြစ်ရပ်များကို စိတ်ဝင်စားစွာဖတ်မည်ဆို ထိုကာလသည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေး မရသေးသော ကာလဖြစ်သည်ကို သိနိုင်ပါသည်။ ဒေါက်တာကြီးသည် မိမိနေသုခပြည့်စုံရန် ဒေါက်တာဘွဲ့နှင့် စီးပွားမရှာပါ။ မိမိအတွက် မိသားစုတစ်ခုကိုလည်း ဖန်တီးခဲ့ခြင်းမရှိပေ။ ဒေါက်တာသည် မျိုးချစ်တော်လှန်ရေးသမားများနှင့် တွေ့ဆုံရင်းနှီးခဲ့သည်။ နိုင်ငံ၏ လွတ်လပ်ရေးအတွက် တက်တက်ကြွကြွ လှုပ်ရှားခဲ့သူဖြစ်၏။ ဒေါက်တာသည် ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက်သာ စဉ်းစားခဲ့ပါသည်။

ထို့ကြောင့် ဒေါက်တာ ကေရှ(ဗ်) ဗလိရာ(မ်) ဟေ(ဒ်)ဂေဝါ(ရ်)သည် လူ့အဖွဲ့အစည်းများစွာတို့ကို လေ့လာသုံးသတ်ပြီး ဘဝအတွေ့အကြုံကို အခြေခံပြီး (၁၉၂၅-ခုနှစ်) နာ(ဂ်)ပူရ်မြို့တွင် ဝိဂျယာဒရှ်မီနေ့၌ "ရာ(သျှ်)တြိယ ဆွယံစေဝကဆံဃ"ကို တည်ထောင်ခဲ့သည်။ ဟိန္ဒူများစည်းရုံးမှုရှိရမည်။ ကောင်းမြတ်သော ဂုဏ်အရည်အချင်းရှိသူများ ဖြစ်ရမည်။ သို့မှသာ နိုင်ငံနှင့် ဟိန္ဒူဘာသာဝင် အနွယ်စုအား ကာကွယ်စောင့်ရှောက်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မျိုးချစ်စိတ်ကို ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် "ဗလငါးတန်"က အခြေခံပြီး လှုပ်ရှားမှုများစွာ ဆောင်ရွက်ခဲ့သည်။ ဒေါက်တာတွင် ခင်မင်ရင်းနှီးသူ မိတ်ဆွေအလွန်ပေါများသည်။ သူ၏ လမ်းညွှန်မှုကို ခံယူလျှက် ဆံဃလုပ်ငန်းများကို တိုးတက်ပြန့်ပွားအောင် ပြုလုပ်ကြသည်။ ဒေါက်တာကြီးက "စည်းကမ်းသည် နိုင်ငံ၏ အသက်သွေးကြောပင် ဖြစ်သည်" ဟု အလေးထားပြောလေ့ရှိသည်။ ဒေါက်တာဂျီးသည် စိတ်တူ၊ ရည်ရွယ်ချက်တူသောသူနှင့် တွေ့ဆုံခဲ့သည်။

ဒေါက်တာ ဟေ(ဒ်)ဂေဝါ(ရ်)နှင့် ရှရီဂုရုဂျီး တွေ့ဆုံခဲ့ခြင်းကို ဆက်လက်လေ့လာကြပါစို့။

ရှရီဂုရုဂျီးသည် နာ(ဂ်)ပူ(ရ်)မြို့တွင် ဖခင် ဆဒါရှိ(ဝ်) ရာဝ်၊ မိခင်လက္ခမီဘာအီတို့မှ ၁၉၀၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ နံနက် မွေးဖွားခဲ့သည်။ ဂုရုဂျီးသည် ပညာအရာ၌ အလွန်ထက်မြက်ပြီး၊ "ကျွန်ုပ်ဟုတ်သင်သာ" ဟူသော အဆိုကို ကိုယ်တိုင်ကျင့်သုံးခဲ့သည်။ သက္ကတ ဘာသာ ဂါထာများကို အလွတ်ကျက်မှတ်နိုင်သည်။ ဥပစာတန်းကို နာဂ်ပူရ်မြို့တွင် အောင်မြင်ပြီး ၁၉၂၈-ခုနှစ် တက္ကသိုလ်ကြီး တက်ခဲ့သည်။ တက္ကသိုလ်တွင် မဟာသိပ္ပံကို ပထမအဆင့် အောင်မြင်ခဲ့သည်။ တစ်ဖန် ယင်းတက္ကသိုလ်တွင်ဆရာအဖြစ် ခန့်ထားခြင်းခံရသည်။ ဂုရုကြီး၏ ငယ်မည်မှာ မာဓဝ်ဖြစ်သည်။ တက္ကသိုလ် ဆရာဖြစ်လာသောအခါ အရာရာ ထူးချွန်ကျွမ်းကျင်မှုကြောင့် ကျောင်းသား/သူများက "ရှရီ ဂုရုဂျီး" ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုအချိန်မှစ၍ ဂုရုဂျီးဟု ကျော်ကြားလာတော့သည်။ မိခင်၏ ဆန္ဒအရ နာဂ်ပုရ်တွင် ဥပဒေပညာကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၃၅-ခုနှစ်တွင်ရှေ့နေ ဖြစ်လာသည်။

တစ်နေ့သောအခါ အရာရာကို စွန့်ပြီး ရာမကြိ(သျှ)ဏ မစ်ရှင် တရားစခန်းသို့ ဝင်သွားခဲ့သည်။ ဆွာမီဝိဝေကာနန္ဒ အရှင်၏ တပည့် ဆွာမီ အခဏ္ဍာနန္ဒဂျီးထံတွင်တပည့် ခံယူ၏။ ဆရာတော်ကြီး ပျံလွန်သောအခါ ဂုရုဂျီးသည် မစ်ရှင် တရားစခန်းတွင် ဆက်လက်မနေတော့ဘဲ နာဂ်ပူရ်မြို့သို့ ပြန်လာခဲ့သည်။ ဤတွင် ဂုရုဂျီးနှင့် ဒေါက်တာဂျီးတို့ တွေ့ဆုံရင်းနှီးခဲ့ကြသည်။ ရှရီ ဂုရုဂျီး၏ အလွန်ထက်မြက်သော ပညာ၊ ဂုဏ်သိက္ခာ၊ သီလ၊ သမာဓိရှိပုံကို သတိပြုမိသော ဒေါက်တာဂျီးသည် ဂုရုဂျီးအား ဆံဃအဖွဲ့၏ ဦးဆောင်မှုတာဝန်ကို ပေးအပ်နှင်းခဲ့သည်။ ဤသို့ဖြင့် ရှရီဂုရုဂျီးသည် ဆံဃအဖွဲ့၏ ဒုတိယမြောက် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ဂုရုဂျီးသည်လည်း ဆံဃအဖွဲ့အား စောင့်ရှောက်ရင်း အဖက်ဖက် တိုးတက်စေရန် ဆောင်ရွက်နေစဉ် ၁၉၇၃-ခုနှစ် ဇွန်လ (၅) ရက်နေ့ ည ၉:၀၅ မိနစ်တွင် လောကကြီးကိုကျောခိုင်းခဲ့သည်။ ဂုရုဂျီး မရှိသောအခါ ကျန်ရှိခဲ့သော အဖွဲ့ဝင်က ယခင်ဆရာကြီးများထားခဲ့သော ဆုံးမဩဝါဒ လမ်းညွှန်မှုကို ခံယူလျက် ထောင်သောင်းများစွာသော လူတို့သည် မိမိဘဝကို ပေးလှူပြီး လူ့အလွှာများတွင် စေတနာ့ဝန်ထမ်း *(Pracharak)*များ အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့သော စေတနာ့ဝန်ထမ်း *(Pracharak)*များထဲမှ တစ်ဦးဖြစ်သူ *Dr. Mangal Sen* ဆိုသူသည် မြန်မာနိုင်ငံ၊ မန္တလေးမြို့နေ မိဘများကိုလာရောက်တွေ့ရန် မြန်မာပြည် ရောက်ရှိလာခဲ့သည်။ *Dr. Mangal Sen* သည် မိဘများနှင့် တွေ့ပြီးနေဆဲ ကာလ မြန်မာပြည်နေ ဟိန္ဒူများအတွက် အိန္ဒိယနိုင်ငံတွင် ဖွဲ့စည်းထားသော "ရာ(ရှ်)တြီယ ဆွယံစေဝက




ဆံဃ" ကဲ့သို့သော အဖွဲ့အစည်းမျိုးလိုအပ် သည် ဟု စဉ်းစားခဲ့သည်။ ထို့ကြောင့် *Dr. Mangal Sen* သည် မြန်မာ ပြည်၊ ရန်ကုန်မြို့နေ အချို့သော ဟိန္ဒူများနှင့် တွေ့ဆုံဆွေးနွေးကာ ၁၉၅၀-ခုနှစ်၊ ဇန်နဝါရီလ ပွန်ဂလ် နေ့တွင် အထက်ပါအသင်း၏ လုပ်ထုံးလုပ်နည်းကို စံနမူနာ ယူ၍ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ယခင် ဝိ(သျှ)ဏုဘာရီ (ယခု ရှိဝဘုရားကျောင်း၊ မဟာပိန္နဲ ဘုရားကျောင်း၊ ဆိုင်းဘာဘာ ဘုရားကျောင်း) စသည်ဖြင့် ဘွဲ့တတ်ခေါ်နေကြသော ကျောင်း၌ ဆံဃလုပ်ငန်း စတင်ခဲ့သည်။ *Dr. Mangal Sen* သည် တစ်နှစ်ကြာသောအခါ ၁၉၅၁-ခုနှစ် အိန္ဒိယနိုင်ငံသို့ ပြန်ခဲ့ပါသည်။ *Dr. Mangal Sen* ပြန်သွားခဲ့သော်လည်း မြန်မာပြည်ရှိ ကိုယ်ကျိုးစွန့်၍ အမျိုးဘာသာ အကျိုးအတွက် ဘဝကိုပေးဆပ်ခဲ့သော ဟိန္ဒူဘာသာဝင်များက လက်ဆင့်ကမ်း တာဝန်ယူခဲ့မှုကြောင့် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သည် ယနေ့တိုင်အောင်ရှင်သန်လျက် ရှိပါသည်။ ဆက်လက်၍လည်း ရှင်သန်နေမည်မှာ ဧကန်မုချမလွဲပေ။

ဤသနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် (မြန်မာ) နှင့် စာရေးသူ စ၍ အဆက်သွယ်ရခဲ့ခြင်း၊ ၁၉၇၁-ခုနှစ်တွင် အထက်ပါ အဖွဲ့ချုပ်သည် ဓမ္မစာပေသင်ကြားပို့ချရေး လုပ်ငန်းကိုစတင် ခဲ့သည်။ အနယ်နယ်၊ အရပ်ရပ်ရှိ ဟိန္ဒူလူကြီးများနှင့် ဆက်သွယ် စည်းရုံးရေးဆင်းစဉ် မိဘများနှင့် တွေ့ဆုံခြင်းဖြင့် အဆက်သွယ် ရခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူ၏ မိဘများကလည်း ဘာသာ၊ သာသနာကို လေးစားလိုက်နာ တန်ဖိုးထားသောကြောင့် ဓမ္မစာပေသင်တန်းကို ပို့ဆောင်ခဲ့ပါသည်။ စာရေးသူသည် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်မှ ဖွင့်လှစ်ခဲ့သော ဟိန္ဒူ ဓမ္မသင်ကြားပို့ရေးအဖွဲ့ခွဲ သယ်န်းကျွန်းတွင် တက်ရောက်စဉ် အသက် (၁၄)နှစ်သာ ရှိခဲ့ပါသည်။ ဒီကနေ့ ဒီအဖွဲ့ချုပ် အကြောင်းကို ထောင်သောင်းများစွာသော ဟိန္ဒူများသို့ လက်ဆင့်ကမ်းပေးခြင်း ဆန္ဒသည် ရင်တွင်း နှလုံးသွင်းကာ ဖြစ်ပေါ်လာသော ခံစားချက်ကြောင့် ဖြစ်ပါသည်။ မိဘများလည်း လက်အုပ်ချီ ကန်တော့၍ ကျေးဇူးဆပ်ပါသည်။

ဟိန္ဒူ ဓမ္မစာပေ သင်ကြားပို့ချရေးသည် ၁၉၇၁-ခုနှစ်မှ ၁၉၈၁-ခုနှစ်သို့ ရောက်ရှိခဲ့သော (၁၀)နှစ်ပြည့် ညီလာခံကို အထက(၁) ဗဟန်းအစိုးရ စာသင်ကျောင်းတွင် ဗလငါးတန် (ကျား) နွေရာသီသင်တန်း (၁၀) ရက်တွင် နောက်ဆုံး (၃) ရက်ကို မြန်မာပြည်အနှံ့ တစ်ပြည်လုံးနီးပါ ဟိန္ဒူ ဓမ္မ သင်ကြားပို့ချရေး ကော်မတီခွဲမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။ ဟိန္ဒူဓမ္မ မိတ်ဆွေများ နှင့် စာပေ အတွေ့အကြုံ၊ ဗဟုသုတနှင့် ကောင်းမွန်သော လမ်းညွှန်မှု တွေကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ စာရေးသူ၏ ဘဝမှာလည်း ဆက်လက်လေ့လာ သင်ယူရပါဦး မည်ဟု သိရှိခဲ့ရပါသည်။

ဆက်လက်၍ စာရေးသူ၏ အလွန်ရှိသေလေးစားထိုက် သော မြင်ဆရာတယောက်အကြောင်းကို ပြောပြလိုပါသည်။ ဆရာကြီး၏ အမည်မှာ *Shri Ram Prakash Dhir @* အနာဂါရိကာ ဉပါသကာ ဦးစိန်တင်ဖြစ်ပါသည်။ ဆရာကြီး အနေဖြင့် မိမိဘဝနှင့် ခန္ဓာကိုယ်ကို ဟိန္ဒူလူမျိုးနှင့် ဘာသာ အတွက် အကျိုးရှိသော အလုပ်ကို အကောင်ထည်ဖော် ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများမှာ ပြောပြ၍ မကုန် နိုင်ပါ။ ၁၉၅၆-ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံသော ဗုဒ္ဓဝင်ပြခန်းကို ဆရာကြီး ဦးစိန်တင် ဦးဆောင်မှုဖြင့် ကမ္ဘာအေးကုန်တော်၌ ခင်းကျင်းပြသခဲ့သည်။ ဆရာကြီး သည် ဗုဒ္ဓဝင်ပြပွဲကို မြန်မာပြည်တွင်သာမက အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ခင်းကျင်းပြသခဲ့သည်။ ထို့အပြင် ၁၉၈၁-ခုနှစ် ဗုဒ္ဓဝင်ပြပွဲ (၂၅)နှစ်ပြည့် ငွေရတု အခမ်းအနားကိုလည်း ကမ္ဘာအေးကုန်းတော်တွင် ကြီးကျယ် ခမ်းနားစွာ ပြသခဲ့ပါသည်။ တဖန် ဆရာကြီး ဦးစိန်တင် အကြံပေးဦးဆောင်မှုဖြင့် ကျောက်တံခါးမြို့နယ်တွင် သက္ကတ ဘာသာ စာသင်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ အသင်း၏ လုပ်ငန်းနှင့် တာဝန် စာအုပ်နှင့် "ဆံယဂီသာ" စာအုပ်တို့ ကို စာရေးဆရာ ရွှေဘိုဦးသန်းထွန်းနှင့်ပူးပေါင်း၍ အင်္ဂလိပ် မြန်မာ ဘာသာပြန်ဆို ရေးသားခဲ့ကြသည်။ ဆရာကြီး လက်ထက်တွင် *Shri Shri Bhagwan, Shri Aniruddha Prasad Yadav @* ဦးယာဒဝ၊ *Shri Subhash Chandra Ahuja @* ဦးမောင်စိန်၊ *Shri Shankh Lal* ကဲ့သို့သော သာသနာပြု ဆရာကြီးများ ပေါ်ထွန်းခဲ့ပါသည်။ ဆရာကြီး ဦးစိန်တင် ကွယ်လွန်သည့်ကာလတွင် သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်ကို အသင်းတာဝန်ရှိသူများ သာသနာပြု ဆရာများနှင့် နောင်လာနောက်သားတို့နှင့်အတူ ပူးပေါင်းပြီး ဆက်လက်ထိန်းသိမ်းလျက်ရှိပါသည်။ ယခုလက်ရှိမှာ *Shri Subhash Chandra Ahuja @* ဦးမောင်စိန် အသက် (၈၂)နှစ်သည် လူသားအကျိုးပြုသော ယောဂပညာရပ် တစ်ခုကိုလည်း လက်ဆင့်ကမ်း သင်ကြားပေးနေပါသည်။ သက္ကတဘာသာကျောင်းနှင့် ကျောင်းအိပ်၊ ကျောင်းစား ကလေး သူငယ်များကိုလည်း အနီးကပ်စောင့်ရှောက်လျက် ရှိနေပါသည်။

ယခုလက်ရှိသာသနာပြုဆရာများမှာ -

(၁) *Shri Subhash Chandra Ahuja @* ဦးစိန်မောင်

(၂) *Dr. Ram Niwas @* ဒေါက်တာ လုထွန်း

(၃) *Shri Ram Lal @* ဦးတင်ဝင်း

(၄) *Shri Ashok Kumar Verma*

(၅) *Shri Kiran Paal @* ဦးကျော်မင်းဦး

(၆) *Shri Rishi Shankar* နှင့်

(၇) *Shri Laxman Bharadwaj @* ဦးအောင်မျိုးထွန်းတို့ ဖြစ်ပါသည်။

ဤကဲ့သို့ မိမိဘဝအချိန်နှင့် ခန္ဓာကိုယ်ကို လူမျိုးနှင့် ဘာသာအတွက် လှူထားနေကြသူများကို ဟိန္ဒူဘာသာဝင် များ သိထားသင့်ပါသည်။ ထိုသူများထဲမှ *Dr. Ram Niwas @* ဒေါက်တာ လုထွန်း အကြောင်းကို ဟိန္ဒူလူငယ်များ အဓိက သိထားသင့်တယ်လို့ စာရေးသူထင်ပါသည်။ ဒေါက်တာလုထွန်းသည် ဆရာကြီး ဦးစိန်တင်၏ တပည့် တစ်ယောက်ဖြစ်သည်။ ဒေါက်တာ၏ ကြိုးစားမှု ရလဒ်များကို အနည်းငယ် ပြောပြလိုပါသည်။ ဒေါက်တာသည် ကြွားဝါလိုစိတ်မရှိ၊ ရိုးသားကြိုးစား၍ ဝိရိယကောင်းသော ဆရာတစ်ယောက်ဖြစ်သောကြောင့် လူငယ်များအတွက် အတုယူဖွယ်ကောင်းသော ရှေ့ဆောင်ပုဂ္ဂိုလ် တစ်ဦးဖြစ် သည်။ ဒေါက်တာ လုထွန်းသည် ယခုလက်ရှိတွင်လည်း သာသနာပြု/အကျိုးတော်ဆောင် သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် မြန်မာနိုင်ငံ၊ တာဝန်ခံ - ဟိန္ဒူ-ဗုဒ္ဓဘာသာ ပေါင်းသင်းဆက်ဆံရေး၊ ပါမောက္ခ ပိဋကဆိုင်ရာ ပါဠိ စာပေဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ တက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခ (အချိန်ပိုင်း) အရှေ့တိုင်းပညာဌာန - ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခ (အချိန်ပိုင်း) သက္ကတ ပါဠိ စာပေဌာန - မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ် - မှော်ဘီ တို့တွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ဤကဲ့သို့ အရည်အချင်းများ ပိုင်ဆိုင်ထားသော ပုဂ္ဂိုလ်တစ်ဦး ရှိနေခြင်းမှာ သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်နှင့် ဟိန္ဒူဘာသာများအတွက် များစွာအကျိုးဖြစ်ထွန်း စေပါသည်။

သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်မှ လက်ရှိ ဆက်စပ်ဖွဲ့စည်းထားသော အဖွဲ့အစည်း (၆) ဖွဲ့ ရှိနေပါသည်။

၎င်းတို့မှာ -

(၁) ၁၉၅၆-ခုနှစ်တွင် ဗုဒ္ဓဝင်ပြပွဲ ကျင်းပရေးကော်မတီ

(၂) ၁၉၇၁-ခုနှစ်တွင် ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေး ဗဟို ကော်မတီ

(၃) ၁၉၇၂-ခုနှစ်တွင် ဇနကလျာဏ အသင်း

(၄) ၁၉၈၅-ခုနှစ်တွင် ဟိန္ဒူ စေဝိကာ ဆမိသိ (ဟိန္ဒူ အမျိုးသမီးများ အဖွဲ့)

(၅) ၂၀၀၅- ခုနှစ်တွင် *Hindu youth Society (HYS)* (ဟိန္ဒူ လူငယ်များအဖွဲ့)

(၆) ၂၀၂၀ -ခုနှစ်တွင် ဟိန္ဒူ မိသားစုများ ကူညီ ထောက်ပံ့ရေး အဖွဲ့တို့ဖြစ်ပါသည်။

(၁) ဆရာကြီး ဦးစိန်တင်လက်ထက် ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကို အထက်မှာဖော်ပြပြီး ဖြစ်ပါသည်။

(၂) ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေး ဗဟိုကော်မတီတွင် ဟိန္ဒူ ဓမ္မစာပေများကို ပြဌာန်းပြီး ထိုစာအုပ်များကို မြန်မာ၊ တမိလ်၊ ဟိန္ဒီ၊ တေလုဂူ၊ နေပါလီ ဘာသာရပ် (၅) ခုဖြင့် သင်ကြားပို့ချပြီး စာမေးပွဲများ စစ်သည်။ ပြီးလျှင် ထူးချွန်သူများ၊ အောင်မြင်သူများကို ဆုများနှင့် အောင်လက်မှတ်များ ချီးမြှင့်ပွဲကို ခမ်းနားစွာ ကျင်းပလေ့ရှိပါသည်။ ဓမ္မစာပေ ပြဌာန်းစာအုပ်များကို ပထမဦးစွာ ဆရာကြီး ဦးမောင်စိန် @ *Shri Subhash* မှ စီစဉ်ဆောင်ရွက်ခဲ့သည်။

(၃) ဇနကလျာဏအသင်းသည် ၁၉၇၁ - ခုနှစ်တွင် ကျောက်တံခါး မြို့၌ ဖွင့်လှစ်ခဲ့သော သနာတန ဓမ္မရိပ်သာ၊ တစ်ဖန်သန်လျင်မြို့နယ် ကျိုက်အင်းတွင် မင်္ဂလာဓမ္မရိပ်သာ၊ ပြည်မြို့တွင် ဟိန္ဒူ ဓမ္မသာလနှင့် ပြင်ဦးလွင်၊ နောင်ခမ်းကြီး ကျေးရွာတွင် ပဥ္စဝတီယောဂရိပ်သာတို့ကို စီမံခန့်ခွဲ လမ်းညွှန်နေသည့် တာဝန်ကို ဆောင်ရွက် နေပါသည်။

(၄) ဟိန္ဒူ စေဝိကာ ဆမိသိ - ဟိန္ဒူ အမျိုးသမီးများ စုစည်းတွေ့ဆုံနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် တစ်ပတ်သင်တန်းများ၊ (၃) ရက်သင်တန်းများဖြင့် ယောဂ တရားစခန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပါသည်။ ထို့အပြင် အမျိုးသားများနည်းတူ အမျိုးသမီးများအတွက်လည်း ဗလငါးတန်းသင်တန်းများကို မြို့နယ်အလိုက်အပတ်စဉ်၊ လစဉ် ဖွင့်လှစ်လျက် ရှိပါသည်။

(၅) ဟိန္ဒူ လူငယ်များ အဖွဲ့စည်း၏ ရည်ရွယ်ရွယ်ချက်သည် အသက် (၁၈)နှစ်မှ (၃၅)နှစ်အတွင်းရှိ ဟိန္ဒူလူငယ်များ လမ်းအမှားမရောက်ဘဲ ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်း နှင့် ရှင်သန်ရန် လမ်းညွှန်ပေးသော အဖွဲ့အစည်းဖြစ်သည်။ (ဥပမာ - အတန်းပညာနိမ့်သူ လူငယ်များ၊ တက္ကသိုလ် ကျောင်းသားများနှင့် တက္ကသိုလ်ဆက်၍ မတက်နိုင်သော ကျောင်းသားလူငယ်များကို စိတ်လေလွှင့်မှုမဖြစ်စေရန်၊ လူမှုဘဝ ဖွံ့ဖြိုးရေးပြုလုပ်ပေးခြင်း၊ လူငယ်အချင်းချင်း ပေါင်းသင်း ဆက်ဆံရေးကောင်းမွန်စေခြင်း၊ အကောင်းအဆိုး အား ခွဲခြားစိတ်ဖြာသိရှိနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်း ထားခြင်း ဖြစ်ပါသည်။ (၆)ဟိန္ဒူ မိသားစုများ ကူညီ ထောက်ပံ့ရေးအဖွဲ့ - ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားရာ ကာလ ဖြစ်ခဲ့သော ၂၀၁၉-၂၀၂၂ ခုနှစ် ဝန်းကျင်တွင် လိုအပ်သော ဆေးဝါး၊ အောက်စီဂျင်များ ထောက်ပံ့ပေးခဲ့ခြင်း၊ သဘာဝ ဘေးအန္တရာယ် ကျရောက်သော ဒေသများသို့ သွားရောက်၍ ကူညီထောက်ပံ့ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၅-ခုနှစ် မတ်လတွင် ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင် ကြောင့် ဘေးအန္တရာယ်ကျရောက်ပြီး ခိုကိုးရာမဲ့ မိသားစုဝင် များကို အစားအသောက်၊ အဝတ်အထည်၊ နေထိုင်ရန် အဆောက်အဦး ဆောက်လုပ်ရန် ငွေသား၊ သေဆုံးသူများ အား ကုသိုလ်ကောင်းမှုပြုရန်၊ ဒဏ်ရာရရှိသူများကြီး/သေး အလိုက် ငွေသားများ အထောက်ပံ့ပြုခြင်း လုပ်ငန်းစဉ်များကို တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ပါသည်။

ဤသနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏သက်တမ်းမှာ ၁၉၅၀-၂၀၂၅ ခုနှစ်အထိ (၇၅)နှစ်ပြည့်ခဲ့ပြီး ၂၀၂၆-ခုနှစ် သို့ပင် ရောက်ရှိခဲ့ပါသည်။

ဟိန္ဒူများအတွက် အဖက်ဖက်မှ တန်ဖိုးမဖြတ်နိုင်သော လုပ်ငန်းနှင့် တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေသည့် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်နှင့် ဟိန္ဒူ ဘာသာဝင်များ ဆက်နွယ်မှုသည် အစဉ်အမြဲ ဆက်လက် တည်မြဲနေမည်မှာ ကေန်မုချ ဖြစ်ပါသည်။

❖ ❖ ❖

# ပညာရွှေအိုး လူမခိုး

**ဝိဇ္ဇား ဒဒါသိ ဝိနယ(မ်)၊**
**ဝိနယာ(သ်) ယာသိ ပါတြသာ(မ်)၊**
**ပါတြတ္တာ(သ်) ဓနမာပ္နိုသိ၊**
**ဓနာ(သ်) ဓ(ရ်)မ သသ(ဟ်) ဆုခ(မ်)။**

အနက်အဓိပ္ပါယ် - ပညာသည် လူတစ်ဦးကို နှိမ့်ချ၊ ရိုကျိုး၊ နူးညံ့၊ ယဉ်ကျေးသိမ်မွေ့ လာစေပါသည်။ နူးညံ့သိမ်မွေ့မှုသည် လူတစ်ဦးကို အမျိုးမျိုးသော အရည်အချင်းကောင်းများ ဖွံ့ဖြိုးပြည့်နက် လာစေပါသည်။ ဘက်စုံ အရည်အချင်းနှင့် ပြည့်စုံသူများသည် ကြွယ်ဝချမ်းသာမှုကို မလွဲမသွေ ရရှိနိုင်ပေသည်။ ချမ်းသာကြွယ်ဝသူသည် တရားဓမ္မ၏ အဆုံးအမနှင့်အညီ လျှောက်လှမ်း၍ နောက်ဆုံးတွင် စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်ပေသည်။

တစ်ဖန် ရပ်ဝေးမြေခြားသို့ ရောက်လျှင်လည်း အသိပညာ ဗဟုသုတသည်သာ အားကိုးရာ မိတ်ဆွေစစ် ဖြစ်လေသည်။ လူတိုင်းလူတိုင်း မွေးရာမှကွယ်လွန်ချိန်အထိ ဘဝကို ဖြတ်သန်းကြရာဝယ် ပညာဗဟုသုတနှင့် ပြည့်စုံသူသည် ဘဝကို လွယ်ကူချောမောစွာ၊ သက်တောင့်သက်သာ ဖြတ်သန်းနိုင်ကြပြီး၊ ပညာမတတ်သူများမှာကား ဘဝကို ခက်ခဲကြမ်းတမ်းစွာ ပင်ပင်ပန်းပန်း ဖြတ်သန်းကြရပေသည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအား စကားလက်ဆောင်ပါးလိုသည်မှာ အရွယ်ရှိခိုက်၊ အချိန်ရှိခိုက် လုံ့လစိုက်၍ ပညာကို ကြိုးစားသင်ယူပြီး၊ ဘဝတစ်လျှောက်လုံး စစ်မှန်သော ချမ်းသာသုခကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။








*Panch Dev Singh*
@ စိုးသိန်း

# ခေါင်းဆောင်ကောင်း

ခေါင်းဆောင်ကောင်းဆိုသည်မှာ - လက်အောက်ငယ်သားများကို အကြောင်းစုံ စုစည်းပြီး ရှိသမျှခွန်အားများကို အသုံးချကာ အောင်မြင်မှု ပန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်သူ၊ အကောင်းဆုံးလမ်းပြပေးနိုင်သူ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသူ၊ လက်အောက်ငယ်သားများကို လူမှန်နေရာမှန် အသုံးချတတ်သူ၊ နောက်လိုက်ငယ်သားများကို အကောင်းဆုံးဆွဲခေါ်ပြီး သူထက်တော်သော ခေါင်းဆောင်များအဖြစ်ပြန်လည် မွေးထုတ်ပေးနိုင်သူ ဖြစ်ပေသည်။ "ခေါင်းဆောင်"များစွာ ရှိနေနိုင်သော်လည်း "ခေါင်းဆောင်ကောင်း" များစွာ မရှိနိုင်ပေ။

ခေါင်းဆောင်ကောင်း ဖြစ်ကြောင်း သိမြင်နိုင်မည့်အချက်အချို့မှာ သူ၏ ဦးဆောင်မှုပုံစံနှင့် ခံယူချက်အချို့တို့မှ လေ့လာ သိရှိနိုင်ပေသည်။

အဖွဲ့အစည်းတစ်ခု၏ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်နိုင်စေရန်မှာ ခေါင်းဆောင်တစ်ယောက်တည်းကြောင့် မဖြစ်နိုင်ဘဲ လက်အောက်ငယ်သားများ၏ စည်းလုံးညီညွတ်စွာဖြင့် ကိုယ်ကျိုးစွန့်၍ ရည်မှန်းချက်ပန်းတိုင်အပေါ်အာရုံစိုက်ကာ စုပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်နိုင်ပေသည်။ ထို့ကြောင့် လက်အောက်ငယ်သားများသည် အလွန်အရေးပါ အရာရောက်သူများ ဖြစ်ကြပေသည်။

ခေါင်းဆောင်းမရှိသော အဖွဲ့အစည်းနှင့် လက်အောက်ငယ်သားကောင်းမရှိသော အဖွဲ့အစည်းများသည် ဖရိုဖရဲဖြစ်နေပြီး၊ အောင်မြင်မှုနှင့် ဝေးကွာနေမည်သာ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# တန်ဖိုးရှိသော အုတ်တစ်ချပ်၊ သဲတစ်ပွင့်များ



ကနိုက်ယာလာလ် (ခ) ဦးထွန်းလင်း

အိမ်တစ်လုံးဆောက်လုပ်ပြီးသွားရင် လာကြည့်သူများက အလွန်အမင်း နှစ်သက် ပီတိဖြစ်ကြသည်မှာ ထုံးစံပါပဲ။ သို့သော်ငင်းအိမ်ကို မတ်မတ်ရပ်ရပ် ခိုင်ခိုင်ခန့်ခန့်၊ လှလှပပ ဖြစ်လာအောင် ပြုလုပ်နေသည့် မမြင်ရသော အခြေခံ အုတ်မြစ်၊ မမြင်ရဘဲ မြေအောက်အတွင်း၌ ရှိနေကြသည့် တန်ဖိုးရှိ ကျောက်များ၊ အုတ်များကို သတိမထားမိကြပါ။ တစ်ခါတရံ လုံးဝ မေ့ပျောက်သွားတတ်သည်အထိ ရှိတတ်ပါသည်။

ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံ၌ "ဆံဃ"လုပ်ငန်းကို ၁၉၅၀-ခုနှစ်တွင် ဆွယံစေဝကတစ်ဦး ဖြစ်သည့် ဒေါက်တာ မံဂ(လ်)ဆေ(န်)မှ စတင်တည်ထောင်လာခဲ့ပါသည်။ ၁၉၅၆-ခုနှစ်တွင် *Pracharak* (သာသနာပြုဆရာ) *Shri Ram Prakash Dhir @* ဆရာကြီး ဦးစိန်တင်မှ တာဝန်ပြောင်းထမ်းဆောင်လာခဲ့ရာ ၂၀၁၄ - ခုနှစ်အထိပင် ဖြစ်ပါသည်။

အပင်တစ်ပင်သည် မျိုးစေ့တစ်စေ့မှ ပေါက်ဖွားလာကြောင်းကို လူတိုင်းသိကြ၏။ သို့သော်ငင်းမျိုးစေ့ကို ဘီဒိုထဲ၌ သို့မဟုတ် *Aircon* အခန်းထဲ၌ သိမ်းဆည်းထားခြင်းအားဖြင့် အပင်တစ်ပင် ဖြစ်မလာနိုင်ပါ။ ငင်းအစေ့ကို မြေထဲ၌နှစ်အောင် စိုက်ပေးရပါသည်။ ငင်းမျိုးစေ့ထဲမှ အပင်စတင် ပေါက်ဖွားလာပြီးသည့်အခါ ငင်းမျိုးစေ့ကို မမြင်ရတော့ဘဲ အပင်သာ တစ်နေ့တစ်ခြား ကြီးထွားလာသည်ကို မြင်ရတတ်ပါသည်။ ငင်းမျိုးစေ့သာ မိမိဘဝကို အနစ်နာ အဆုံးခံခြင်း မရှိပါက သို့မဟုတ် အများရှေ့၌ မျိုးစေ့ အဖြစ်သာ မြင်နေရစေရန်၊ "မျိုးစေ့လေးက အရမ်းလှတာပဲ၊ ချစ်စရာလေးပါ" စသည်ဖြင့် အများပြည်သူ တင်စားလောက်စေရန် နေခဲ့မည်ဆိုက အပင်ကြီးကို မြင်တွေ့ရမည် မဟုတ်ပေ။

ဤကဲ့သို့ပင် ဆရာကြီး ဦးစိန်တင်သည် မိမိဘဝ၊ မိမိပညာ၊ မိမိအစွမ်းအစ၊ မိမိ ခန္ဓာကိုယ်၊ မိမိမိဘ၊ မိမိဆွေမျိုး စသည်တို့အားစွန့်၍ မိမိဘဝတစ်ခုလုံးကို ဆံဃလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ပုံအပ်ခဲ့သူ ပုဂ္ဂိုလ်ထူး တစ်ဦး ဖြစ်ပါသည်။

ဆရာကြီး ဦးစိန်တင် ၏ အနစ်နာခံမှု၊ စေတနာ မေတ္တာထားရှိမှု၊ ရင်းရင်း နှီးနှီး ချစ်ချစ်ခင်ခင် ဖော်ဖော်ရွေရွေ ပြောဆို ဆက်ဆံမှုတို့ကြောင့်သာ ငင်းကဲ့သို့ပင် အနစ်အနာ ခံနိုင်သူ *Pracharak* (သာသနာပြုဆရာ) ပေါင်းများစွာတို့ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

အဆိုပါ *Pracharak* များတွင် မိမိဘဝ တစ်ခုလုံးကို ပုံအပ်လျက် သာသနာပြုလုပ်ငန်း လုပ်ကိုင်ခဲ့ကြသူများ ရှိသလို မိမိဘဝ၏၂-နှစ်၊ ၃နှစ်၊ ၅-နှစ် သို့မဟုတ် ၁၀-နှစ် စသည်ဖြင့် အချိန်များကို ပေးအပ်လျက် ဆံဃလုပ်ငန်း လုပ်ကိုင်ခဲ့ကြသူများလည်း ရှိပါသည်။ မှတ်မိသမျှကို ဖော်ပြရမည်ဆိုပါက

(၁) *Shri Subhash Chandra Ahuja* - မိုးကုတ်

(၂) *Shri Aniruddha Prasad Yadav* - ဇေယျဝတီ

(၃) *Shri Rameshwar Prasad* - ကျောက်တံခါး

(၄) *Shri Shri Bhagwan* - ဇေယျဝတီ တို့သည်လည်း *Shri Ram Prakash Dhir* အား စံနမူနာထားရှိခဲ့ပြီး၊ ဆံဃလုပ်ငန်း လုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြ၏။ ငင်းတို့ထဲမှ *Shri Subhash Chandra Ahuja* သာ ယနေ့ထိ အသက်ရှင်လျက် ရှိနေပါသည်။ ငင်းကဲ့သို့ ဒုတိယ မျိုးဆက်အနေဖြင့် လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိနေသူများလည်း ရှိပေ၏။ ငင်းတို့မှာ

(၁) *Dr. Ram Niwas @* ဒေါက်တာလှထွန်း -ကျောက်တံခါး

(၂) *Shri Ram Lal @* ဦးတင်ဝင်း - ဇေယျဝတီ၊

(၃) *Shri Ashok Kumar Verma* - ဇေယျဝတီ၊

(၄) *Shri Kiran Paal @* ဦးကျော်မင်းဦး - သရက်

(၆) *Shri Rishi Shankar* - ဖြူး

(၇) *Shri Laxman Bharadwaj @* ဦးအောင်မျိုးထွန်း - ပုသိမ်တို့ ဖြစ်ကြပေသည်။

ဆံဃလုပ်ငန်း၌ မိမိဘဝ၏ အချိန်ပိုင်းကို ပုံအပ်ခဲ့ကြသူများကိုလည်း ကျွန်ုပ်တို့အနေဖြင့် မမေ့ပျောက်သင့်ပေ။ ငင်းတို့သည်လည်း အချိန်ပိုင်းတစ်ခုအထိ မိမိတို့ဘဝ၏ တန်ဖိုးရှိသော အချိန်၊ ပညာ၊ ငွေလုံ့လ ဝီရိယများ စိုက်ထုတ်ကာ ဆံဃလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်ကို ကျွန်ုပ်တို့ ဂုဏ်ပြုမှတ်တမ်း တင်အပ်ပေသည်။ သိရှိခဲ့သမျှ တင်ပြရမည်ဆိုကာ -

၁ - *Shri Gajadhar Rai* - ဧေယျဝတီ၊
၂ - *Shri Ganga Prasad* - တမူး၊
၃ - *Shri Shankh Lal* ဧေယျဝတီ၊
၄ - *Shri Kanhaiya Lal* ကျောက်တံခါးသည် (၁၁)နှစ်၊
၅ - *Shri Shantosh Sharma* တောင်ကြီးသည် (၁၂) နှစ်၊
၆ - *Shri Kamal Kishor @ Ramapati* ဧေယျဝတီ၊
၇ - *Shri Madiyalagan* - ရန်ကုန်သည် (၃)နှစ်၊
၈ - *Shri Harinandan Paal* - သရက်သည် (၃)နှစ်။

အထက်ပါ ပုဂ္ဂိုလ်တို့သည်လည်း *Alpakalin Pracharak* (အချိန်ပိုင်း သာသနာပြုဆရာ) တာဝန် အသီးသီးကို ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ အားသွန် ခွန်စိုက်၊ ဇွဲလုံ့လ ဝီရိယများ ကြောင့်လည်း ဆံဃဟူ သည့်အပင်ကြီးမှာ အသီးအပွင့် များဖြင့် ဝေဝေဆာဆာ စိမ်းလန်း စိုပြေကြီးထွားလာခြင်း ဖြစ်ပါ၏။

ထို့အပြင် မိမိ မိသားစုဘဝ၊ မိမိ စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်း ဆောင်ရွက်ရင်း ဆံဃလုပ်ငန်းအတွက် နေ့စဉ် မိမိ၏အချိန်၊ မိမိ၏ပညာများဖြင့် ယနေ့အထိ ဆက်လက်တာဝန်ထမ်းဆောင်သူများလည်း ရှိကြပေ၏။ ၎င်းတို့၏ဘဝ၊ ၎င်းတို့၏လုပ်အားများကိုလည်း မေ့ပျောက်၍ မရနိုင်ပေ။ ၎င်းတို့သည်လည်း အများပြည်သူ တို့အတွက် ဂုဏ်ယူဖွယ်ရာ၊ လေးစားဖွယ်ရာ ပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ အမည်များ ရေးသား ထုတ်ပြခြင်း မရှိသည့်တိုင် ၎င်းတို့သည်လည်း ဆံဃ လုပ်ငန်းတွင် အုတ်တစ်ချပ် သဲတစ်ပွင့်များအဖြစ် ဆောင်ရွက်လျက်ရှိကြသော အမှုဆောင်များ ဖြစ်ကြပါ၏။

ဆံဃလုပ်ငန်းများ (၇၅)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ဆက်လက် ဖွံ့ဖြိုးတိုးတက်နေစေရန် အထက်ပါ ပုဂ္ဂိုလ်များကဲ့သို့ မိမိတို့ဘဝ တစ်သက်လုံး ပုံအပ် လှူဒါန်းကြမည့် သာသနာပြုဆရာများ၊ *Vistarak* (အချိန်ပိုင်း သာသနာပြုဆရာ)များ၊ အမှုဆောင်ပေါင်းများစွာ ပေါ်ထွက်လာပါစေကြောင်း ဘုရားရှင်ထံ ဆုတောင်း ပတ္ထနာပြုရင်း နိဂုံးချုပ်အပ်ပါသည်။



# ဂုဏ်ယူဝမ်းမြောက် ပီတိစကား

သျှီဝသျှရီ ဂုရု *U.V.P.* ပရမစီဝန် သျှိဝါးချားရီးယား၏ (ခ)
သီရိပုံချီ ဦးမောင်မြင့်

မြန်မာနိုင်ငံရှိ ဟိန္ဒူအသင်းအဖွဲ့များတွင် ဂုဏ်ပြုထိုက်သော အဖွဲ့ကြီးတစ်ခုအဖြစ် သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်ကို မှတ်ယူနိုင်ပါသည်။ ဤအဖွဲ့ကြီးသည် ၁၉၅၀-ခုနှစ်မှ စတင်ခဲ့ရာ ၂၀၂၅-ခုနှစ်တွင် (၇၅)နှစ်ပြည့် ပြီဟုသိရှိရပါသည်။ ဤအဖွဲ့ကြီးသည် မြန်မာနိုင်ငံတွင် ဟိန္ဒူဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ပညာရေးဆိုင် ရာနှင့် လူမှုကူညီမှု (ပရဟိတ)ဆိုင်ရာ လုပ်ငန်းများကို တက်တက်ကြွကြွ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပြီး၊ လူမှု အသိုင်းအဝိုင်း အတွက်လည်း များစွာ ဆောင်ရွက် နိုင်ခဲ့သည်မှာ အထူးလေးစားဖွယ်ဖြစ်ပါသည်။

ဤအဖွဲ့အစည်း၏ အောင်မြင်မှုအစဉ် အလာကောင်းများ၊ စည်းလုံးညီညွတ်မှုနှင့် ခေါင်းဆောင်မှုကောင်းများကြောင့် လာမည့် အနာဂတ်တွင်လည်း ပိုမိုတိုးတက်ကြီးပွား လာမည်ဟု ယုံကြည်ပါသည်။ သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သည် ဤစိန်ရတုပြည့်မှသည် နောင်နှစ်ပေါင်းများစွာ လူသားမျိုးနွယ်စုတစ်ခုလုံးအတွက် အလင်းရောင် တစ်ရပ်အဖြစ် တည်တံ့တောက်ပ နိုင်ပါစေကြောင်း ကျွန်တော်များ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအသိမှတ်ပြု မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူ ဘုန်းတော် ကြီးများအဖွဲ့ချုပ်(ဗဟို)မှ ဆုမွန်ကောင်းတောင်း အပ်ပါသည်။



# ဆံဃ - ရှာခါး၏ အကျိုးကျေးဇူး

ကျော်မင်းဦး

ဆနာသ(န်) ဓ(ရ်)မ ဆွယံစေဝက ဆံဃ (သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ )ကို ၁၉၅၀-ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဆံဃ၏ အဓိကရည်မှန်းချက်မှာ ဟိန္ဒူလူ့အဖွဲ့အစည်းတစ်ခုလုံးကို စုစည်းပြီး၊ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း အင်အားတောင့်တင်းခိုင်မာလာစေရန်နှင့် မှန်ကန်သော လမ်းညွှန်မှုပေးနိုင်ရန် ဆံဃသည် လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးတွင် လုပ်ငန်းများ လုပ်ဆောင်ပြီး၊ တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာများကိုပါ ပြုပြင်တည်ဆောက်ပေးလျက်ရှိပါသည်။ ဆံဃသည် ရှာခါးမှတစ်ဆင့် ၎င်း၏ ကာ(ရ်)ယကရ်သာ (အမှုဆောင်)များကို ဖွံ့ဖြိုးတိုးတက် လာစေရန် မွေးထုတ်ပေးလျက်ရှိပါသည်။ ရှာခါးဆိုသည်မှာ နေ့စဉ်(သို့) အပတ်စဉ် သတ်မှတ်ထားသည့်အချိန်တွင် သတ်မှတ်ထားသောနေရာသို့ စုရုံးရောက်ရှိလာကြပြီးနောက် ကိုယ်ကာယပိုင်းဆိုင်ရာ ဆူ(ရ်)ယ-နမ(ဆ်)ကာရ်နှင့် ယောဂအစရှိသော ကျန်းမာရေး လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ အရှေ့တိုင်း ရိုးရာအားကစားနည်းများ လေ့ကျင့်သင်ကြား ပေးခြင်းနှင့် ဉာဏ်ရည်ဉာဏ်သွေး တိုးတက်လာကြစေရန် ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ သုဘာသိတနှင့် အမြိုက်ဝစနများ ဖတ်ကြားစေခြင်း၊ အနှစ်သာရပြည့်ဝသော ဆံဃဂီ(သ်) (အမျိုးဂုဏ်၊ ဇာတိဂုဏ် ချစ်ခင်မြတ်နိုး လာစေသည့် တေးသီချင်း)များ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ငါးပါးသီလ ခံယူခြင်း ပတ္ထနာ ရွတ်ဆိုခြင်းများကို ချစ်ချစ်ခင်ခင် ပျော်ရွှင်စွာ စုပေါင်းလုပ်ဆောင် ကြသောဌာန (နေရာ) တစ်ခု ဖြစ်ပါသည်။ ထိုကဲ့သို့သော ရှာခါးကို ရောက်လာကြသူ (အဖွဲ့သား)များကို ဆွယံစေဝက *(Swayamsevak)* ဟုခေါ်ပါသည်။ ရှာခါး *(Shakha)*ကို ဆံဃ*(Sangh)*၏ အခြေခံ အကျဆုံးနှင့် အရေးကြီးဆုံး အပိုင်းအဖြစ် သတ်မှတ်ပါသည်။ ၎င်းရှာခါးသည် ဆွယံစေဝက *(Swayamsevak)*များ နေ့စဉ် တွေ့ဆုံသည့်နေရာ၊ ကာယပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူမှုရေးဆိုင်ရာ လုပ်ရှားမှုများတွင် ကိုယ်ကျိုးမဖက်ဘဲ ပါဝင်လာစေသည့်နေရာနှင့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူ့တန်ဖိုးမြင့်မား ခိုင်မာလာစေသည့် နေရာတစ်ခု သာမက လူ့ပတ်ဝန်းကျင်ကို သိရှိနားလည် လာစေသည့်ဌာန တစ်ခုလည်း ဖြစ်ပါသည်။

ဆွယံစေဝကများသည် ရှာခါးသို့ ပုံမှန်လာရောက်ခြင်းမှ တဆင့် ၎င်းတို့၏ ကာယပိုင်းနှင့် ဉာဏပိုင်းဆိုင်ရာ ပင်ကိုယ်စွမ်းရည်များကို တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ဆောင်နိုင်ကြပေသည်။

နေ့စဉ်ရှာခါးသည် (၁း၀၀)နာရီကြာပြီး၊ အပတ်စဉ် ရှာခါးသည်ကား (၁း၁၅)နာရီ ကြာမြင့်ပါသည်။ ဆံဃ၏ လက်ရှိ ပူဇနိယ ဆရ်ဆံဃကျာလ(က်) *(Sarsanghchalak)* (ဥက္ကဋ္ဌ)က "ဆံဃကို နားလည်သိရှိလိုပါက ရှာခါးသို့ လာခဲ့ပါ၊ ထိုအခါမှသာ သင်နားလည်နိုင်မည်" ဟု ပြောလေ့ရှိပါသည်။ ရှာခါးတွင် ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဆူ(ရ်)ယ-နမ(ဆ်)ကာ(ရ်)၊ အရှေ့တိုင်း ရိုးရာအားကစား၊ လေ့ကျင့်ခန်း၊ ယောဂ၊ ဒဏ္ဍ (တုတ်) စသည်တို့မှတဆင့် ဖြစ်ပေါ်စေပြီး၊ ဆံဃဂီ(သ်) (သီချင်း)များ၊ ဆွေးနွေးမှုများ၊ ဟောပြောခြင်း၊ ဇာတကထာ၊ အမြိုက်ဝစန၊ သုဘာသိတ ဖတ်ကြားခြင်းနှင့် ဉာဏပိုင်းဆိုင်ရာ အစီအစဉ်များ ပြုလုပ်ခြင်းမှသည် စိတ်ပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်လာစေပါသည်။

ရှာခါးသည် ဆွယံစေဝကများအား အချိန်၊ စည်းကမ်း၊ တာဝန်နှင့်ဝတ္တရား၏ အရေးပါပုံ (တန်ဖိုး)ကို နားလည် သိရှိလာစေရန် လေ့ကျင့်ပေးပါသည်။ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းအပေါ် အနစ်နာခံ ကူညီစောင့်ရှောက်ရမည်ဟူသည့် (စေတနာ့ဝန်ထမ်း) စိတ်ဓာတ် ဖွံ့ဖြိုးလာစေပြီး၊ ၎င်းသည် ဘာသာရေးနှင့် မေတ္တာတရားထားရှိရမည့် အယူအဆများကို ခိုင်မာလာစေပါသည်။ ရှာခါးသို့ အယုတ်၊ အလတ်၊ အမြတ်မရွေး မည်သူမဆို လာရောက်နိုင်ပြီး၊ တန်းတူညီမျှစွာ ပြုမူတတ်ရန် သင်ယူကြရပါသည်။

တာဝန်များ ပေးအပ်ခြင်းဖြင့် ဆွယံစေဝကများတွင် ခေါင်းဆောင်နိုင်မှု၊ စနစ်တကျ စီစဉ် ဆောင်ရွက်နိုင်မှု စွမ်းရည်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်များလည်း ဖွံ့ဖြိုးလာစေပါသည်။ ဆွယံစေဝကများသည် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ သဘာဝ ဘေးအန္တရာယ် ကြုံတွေ့ရချိန်များ၌ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးကဏ္ဍ စသည် တို့တွင် ကိုယ်ကျိုး မဖက်ဘဲ ပြည်သူလူထုနှင့် လက်တွဲလျက် တက်တက်ကြွကြွ ပါဝင်ကြလေ့ရှိပါသည်။

ထို့သို့ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် -

၁။ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှု၊
၂။ စည်းကမ်းရှိမှုနှင့် အချိန်ကို တန်ဖိုးထားတတ်လာမှု၊
၃။ မိမိဘာသာအပေါ် ယုံကြည်လျက် သစ္စာစောင့်သိလာမှုနှင့် ဂုဏ်ယူတတ်လာမှု၊
၄။ လူမှုပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်လာစေရန် နေထိုင်တတ်လာမှု၊
၅။ ခေါင်းဆောင်နိုင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာမှု၊
၆။ အဖွဲ့လိုက် လုပ်ဆောင်တတ်လာခြင်း အလေ့အထကို ဖွံ့ဖြိုးတိုးတက်လာစေမှု၊
၇။ ကိုယ်ကျိုးမငဲ့ဘဲ အများအကျိုး ထမ်းရွက် သယ်ပိုးလိုသည့် စိတ်ဓာတ် ပေါ်ပေါက်လာစေရန် စသည်တို့ကို လှုံ့ဆော်ပေးပါသည်။

ရှာခါးတွင် လေ့ကျင့်သင်ကြားပေးသော ဒဏ္ဍ(တုတ်)၊ ယောဂနှင့် အရှေ့တိုင်းရိုးရာ အားကစားနည်း အမျိုးမျိုးမှသည် ဆွယ်စေဝကများ မိမိကိုယ်မိမိ ယုံကြည်မှုကို ပိုမိုခိုင်မာလာစေပြီး၊ အချင်းချင်းဖေးမ ကူညီတတ်လာကြပါသည်။ ဤမှုမက ရည်မှန်းချက်တစ်ခုအတွက် စုပေါင်းကြိုးပမ်းအားထုတ် တတ်လာကြစေရန်ကိုလည်း ရေးရှုသင်ကြားပေးပါသည်။ ကာယလေ့ကျင့်ခန်းနှင့် ယောဂပြုလုပ်ခြင်းသည် စိတ်ကို တည်ငြိမ်စေပြီး၊ အာရုံစူးစိုက်တတ်လာစေပါသည်။ ၎င်းတို့ကို ပြုလုပ်ခြင်းဖြင့် ပညာရေးနှင့် အခြားလူမှုရေးဆိုင်ရာ လုပ်ရှားမှုများတွင် အကျိုးဖြစ်ထွန်းစေပါသည်။ ကာယပိုင်းဆိုင်ရာလေ့ကျင့်မှုများသည် ခက်ခဲသော အခြေအနေများ ကြုံတွေ့ရသည့်အခါ ရင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ပေးပြီး၊ ဘေးအန္တရာယ်ကျရောက်လာလျှင်လည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာစေပါသည်။

ဤနည်းတူ ဉာဏပိုင်းဆိုင်ရာအစီအစဉ်များဖြစ်သော ဆွေးနွေးခြင်းများ၊ သုဘာသိတများ၊ အမြိုက်ဝစနများ၊ ပုံပြင်များ၊ ဟောပြောခြင်း စသည်တို့သည်လည်း သတင်းအချက်အလက် ဝေမျှတတ်လာစေရန် သာမက အတွေးအခေါ်များကိုပါ ဖွံ့ဖြိုးတိုးတက်စေပြီး၊ သုစရိုက်လက္ခဏာများ တည်ဆောက်ပေးရန် ရည်ရွယ်ပါသည်။

ရိုးရှင်းသော လူနေမှုဘဝကို နေထိုင်တတ်လာရန်နှင့် အတူ လူအများနှင့် ဆက်ဆံပြောဆိုရာတွင်လည်း စကားပြော စွမ်းရည်ကိုပါ တိုးတက်လာစေပါသည်။ ဆံဃ၏ ရှာခါးသည် သာမန် ကာယပိုင်းနှင့် ဉာဏပိုင်းဆိုင်ရာ လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ ဆွေးနွေးခြင်း၊ အစည်းအဝေးများ ပြုလုပ်၍ တိုင်ပင်ခြင်းများ သာမက ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပေါင်းကူး တံတားတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်ပင် ရှာခါးကို ဆံဃလုပ်ငန်း၏ "အသက်သွေးကြော" ဟုခေါ်ဝေါ်ရခြင်း ဖြစ်ပါသည်။ ■



# ဟိန္ဒူဘာသာနှင့် ကမ္ဘာ့တရားဓမ္မဘာသာများ



စံပါယ် (ရွှေကျွန်း)

ဟိန္ဒူဘာသာသည်တရား ဓမ္မကိုအခြေခံသော ဘာသာကြီး တစ်ရပ်ဖြစ်သည်။ အလုံးစုံသောကိုးကွယ်မှု ဆိုင်ရာ တရားဓမ္မဘာသာများ၏ မြစ်ဖျားခံရာရင်းမြစ် ဖြစ်သည်။ ဟိန္ဒူဘာသာသည် မည်သည့်အချိန်၊ မည်သည့် ခေတ်၊ မည်သူ့လက်ထက်၌ စတင်ပေါ်ပေါက်ခဲ့သည်ကို မည်သို့သော သုတေသနပညာရှင်တို့ကမှ အတိအကျ ခန့်မှန်းနိုင်ခြင်း မရှိသေးသည့် သက်တမ်းအရင့်ဆုံးဘာသာ သာသနာဖြစ်သည်။ အချို့သော ပညာရှင်တို့သည် ရှေး နှစ်ပေါင်း သုံးထောင့်/ငါးထောင်ကျော်ဟု ဆိုကြသော်လည်း ရှေးစာပေ ကျမ်းဂန်တို့ကို လေ့လာကြည့်ခြင်းအားဖြင့် သည့်ထက်ပို၍ စောကာ ရှေးကျနေသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ဟိန္ဒူဘာသာသည် ရှေးပဝေသဏီကတည်းကပင် လူတို့၏ ကိုးကွယ် မှုဆိုင်ရာ ကဏ္ဍတွင်နေရာယူခဲ့ပြီး ဖြစ်ပါသည်။ ဟိန္ဒူဘာသာသည် အသက်မသတ်ခြင်း၊ မပေးသောပစ္စည်းကို ခိုးမယူခြင်း၊ အကျိုးမဲ့စေသော စကားကို မပြောဆိုခြင်း၊ မူးယစ်စေတတ်သော သေရည် သေရက်ကို မသောက်ခြင်း၊ သူတစ်ပါးသမီး/မယားကို မပြစ်မှားခြင်းအစရှိသည့် လူ့ကျင့်ဝတ် သီလတရားဖြစ်သော အချက် (၅)ချက်ကို ကောင်းစွာ အခြေခံထားခြင်း ဖြစ်သည်။ အကယ်စင်စစ်၍ မူကား ဤအခြေခံမူငါးချက်တို့သည် ကမ္ဘာ့ ရှေးဦးဘာသာ ဖြစ်သည့် ဟိန္ဒူဘာသာ၏ တရားဓမ္မ နိယာမ ဥပဒေ သတရားများသာ ဖြစ်သည်။ ဟိန္ဒူဘာသာတရားကို အခြေခံ သော အိန္ဒိယနိုင်ငံသည် အာရှတိုက်တွင် ပါဝင် နေသည့် နိုင်ငံကြီးတစ်ခု ဖြစ်သည့်အားလျော်စွာ အိန္ဒိယ နိုင်ငံမှ ဘာသာ သာသနာတရားဓမ္မများသည် အာရှတိုက် တစ်ခွင်သို့ ပျံ့နှံ့ခဲ့ခြင်းရှိပြီး၊ ယနေ့ အာရှတိုက်နှင့် အရှေ့တောင်အာရှ နိုင်ငံများစွာ၏ ကိုးကွယ်မှုဆိုင်ရာ ဘာသာ သာသနာ တရားဓမ္မများသည် အစဉ်အလာ၊ ဓလေ့ ယဉ်ကျေးမှု၊ ပူဇော်ပသမှုနှင့် ရိုးရာပွဲတော်များ အစရှိသည်တို့မှာ ဟိန္ဒူ ဘာသာနှင့် တစ်နည်းနည်းဆက်နွယ်နေသည်ကို တွေ့ရှိ ရသည်။ ဟိန္ဒူဘာသာတွင် ရှဲဝ *(Shaiva)*၊ ဝဲ(ိသျှ)ဏဝ *(Vaishnava)* ကိုးကွယ်မှုသည် အဓိကကျ၍ ဂျိမ်း *(Jainism)*၊ ဗုဒ္ဓ *(Buddhism)*၊ ဆစ်(ခ်) *(Sikhism)*၊ အ(ယ်)ယားဝဇီ *(Ayavazhi)*နှင့် ထွန်းသစ်စ ဘာသာ တရားများပါဝင်ပြီး အချိန်နှင့်အမျှ ကမ္ဘာအနှံ့ ပြန့်နှံ့သွားခဲ့ခြင်းရှိသည်။ ဤဘာသာတရားများ အားလုံးသည် ၎င်းတို့၏ဘုံဇာတိနှင့် အချို့သောအပြန်အလှန် လွှမ်းမိုးမှုကြောင့် အခြေခံယုံကြည်ချက်များ ကိုးကွယ် သက်ဝင်မှုများနှင့် ဘာသာရေးဆိုင်ရာ ထုံးထမ်းစဉ်လာများတွင် တူညီမှုများစွာ ရှိကြပါသည်။ မကြာခဏဆိုသလို သုတေသနပညာရှင်များက ၎င်းဘာသာအားလုံးကို ဘာသာတရားများစွာနှင့် ဂိုဏ်းပေါင်းစုံ၏ ဘာသာတရားဟု ယူဆလက်ခံခြင်းရှိပြီး၊ ၎င်းတို့ အားလုံးကို ဟိန္ဒူဟုခေါ်ဆိုကြပါသည်။ ဟိန္ဒူဟူသော ဘာသာတရားနှင့် စပ်လျဉ်းဆက်စပ်နေသော ဘာသာ တရားအားလုံးကို အရှေ့တိုင်းဘာသာတရားအဖြစ် သတ်မှတ်ခြင်း ခံရသည်။

အိန္ဒိယသမိုင်းတွင် ဘာသာတရားများရောယှက်နေသော်လည်း ၎င်းတို့သည် ကျယ်ပြန့်သော အသိုက်အဝန်းများ ဖွဲ့စည်းကာ အိန္ဒိယတိုက်တွင် ကန့်သတ်ထားခြင်းမရှိပေ။ အခြားအိန္ဒိယဘာသာတရားများ၏ နောက်လိုက်များ ကျင့်သုံးနေသော အယူဝါဒများ၊ ပေါင်းစည်းမှုနှင့် လူမှုရေး စည်းလုံးညီညွတ်မှု တို့ကြောင့် ဤယုံကြည်ချက်များကို ကျယ်ပြန့်သော ဟိန္ဒူဘာသာ၏ အပိုင်းခွဲများ သို့မဟုတ် ဇာတ်ခွဲများအဖြစ်လည်း ယူဆကြသည်။ အကြောင်းမူကား ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဝတ်ပြုကိုးကွယ်ရာနေရာများ၊ ပွဲတော်များ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ရိုးရာအစဉ်အလာများ၊ ဇာတ်စနစ်များ၊ စကြာ်ဝဠာဗေဒနှင့် ဓမ္မပညာများ စာပေနှင့် ပြက္ခဒိန် စသည့် အရာအားလုံးတွင် ဤဘာသာ တရားများသည် တူညီမှုရှိသော အရာတစ်ခုဖြစ်သည်။ ဟိန္ဒူဘာသာသည် အာရှတိုက်တွင် အကြီးဆုံးသော တရားဓမ္မဘာသာဖြစ်ပြီး ရှေးအကျဆုံးဘာသာ လည်းဖြစ်သည်။ ကိုးကွယ်သူ ကုဋေ (၁၀၀) ကျော်ရှိသည်ဟု ကမ္ဘာ့စစ်တမ်းများအရ အနီးစပ်ဆုံးသိရလေသည်။ လူဦးရေအရ အိန္ဒိယ၊ နီပေါနှင့် ဘာလီကျွန်းများတွင် အများဆုံး ကိုးကွယ်ကြသည့် ဘာသာဖြစ်ပြီး ဘူတန်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ကာရေဘီယံ၊ မလေးရှား ၊ စင်ကာပူနှင့် သီရိလင်္ကာ တို့တွင် ဟိန္ဒူဘာ သာဝင်အများအပြား နေထိုင်ကြသည်။ ဤတွင် ဟိန္ဒူပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုများလည်း ရှိကြလေသည်။ ထိုသို့သော အခါ၌ ဘာသာ တရားအသစ်များအဖြစ် မှတ်ယူကြခြင်းရှိသည်။ သို့သော် ထိုအရာအားလုံးသည်လည်း ဟိန္ဒူဘဝပုံစံကိုသာ သင်ကြားပေးခြင်းရှိပြီး ဟိန္ဒူဘာသာကို လိုက်နာကြသည်။

အိန္ဒိယနိုင်ငံတွင် လက်ခံကျင့်သုံးနေကြသော အစ္စလာမ် ဘာသာနှင့် ခရစ်ယာန်ဘာသာမှလွဲ၍အခြားသော ဘာသာ တရားများသည် တရားဓမ္မ၏ အဓိက သဘောတရားနှင့် ဆက်နွယ်နေခြင်းကြောင့် ဓမ္မဘာသာတရားများဟု အသိ အမှတ်ပြုခြင်းရှိသည်။ ဓမ္မသည် အကြောင်းအရာပေါ် မူတည်၍အဓိပ္ပါယ် ဖွင့်ဆိုချက် အမျိုးမျိုးရှိသော်လည်း ယေဘုယျအားဖြင့် သီလ တာဝန် တရားမျှတမှု(နီတိ) နာမ်တရား အစရှိသည်တို့ကို အခြေခံထားခြင်းဖြစ်သည်။ ဟိန္ဒူဘာသာသည် ဘုရားရှင်၏ ခြေတော်ရင်းသို့ ဝပ်ဆင်းရသည့် မောက္ခသို့ ဝင်ခြင်းဖြစ်သော ဘဝ သံသရာ လွတ်မြောက်ခြင်းနှင့် မွေးဖွားခြင်းဆိုင်ရာ သံသရာအယူအဆတို့ကို ဦးတည်ခြင်းရှိသည်။ ဗုဒ္ဓဘာသာ ဂျိမ်းဘာသာနှင့် ဆစ်(ခ်)ဘာသာတို့သည်လည်း ထို့အတူ အယူအဆခြင်းတူညီကြပြီး ထုံးတမ်းစဉ်လာတို့လည်း တူညီသော လက္ခဏာများကိုတွေ့ရှိနိုင်သည်။ ယနေ့ကမ္ဘာ့ လူဦးရေ၏ တရားဓမ္မဘာသာဝင်များတွင် ဟိန္ဒူဘာသာဝင် ၁၅%၊ ဗုဒ္ဓဘာသာဝင် ၇.၁% ၊ ဆစ်(ခ)ဘာသာဝင် ၀.၃၅% ၊ ဂျိမ်းဘာသာဝင်များ ၀.၀၆% နှင့် အခြားတို့မှာ ၇၇.၄၉% ဖြစ်ကြသည်။ ထိုဘာသာတရားများ၏ နောက်လိုက်အများစုမှာ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့မှ ဖြစ်ကြသည်။ အစ္စလာမ် မထွန်းကားမီ အရှေ့အလယ်ပိုင်း မလေးရှားနှင့် အင်ဒိုနီးရှား တို့သည် သမိုင်းကြောင်းအရ ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာဝင်အများစု ဖြစ်ကြသည်။

တရားဓမ္မ အောက်တွင် ကျရောက်သည်။ တောင်အာရှ ရှိရာ ဘာသာတရားအားလုံးသည် ရှေးရှေးက လူတို့သည် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင် ရှင်သန်ကြရသည့် အလေ့ရှိသည် ဖြစ်ရာ နောင်အခါတွင် အခြားအရပ်ဒေသ အသီးသီးမှ လူတို့သယ်ဆောင်ခဲ့ကြသည့် ရိုးရာဓလေ့ နှင့် အစဉ်အလာအစရှိသည့် ကိုးကွယ်မှုဆိုင် ရာတို့နှင့် ရောပြွမ်းရှုပ်ထွေး၍ မတူခြားနားသော ဘာသာရေး အလေ့အထနှင့် ဂိုဏ်းဂဏများ ပေါ်ပေါက် လာခဲ့ခြင်းများမှာ ခေတ်အဆက်ဆက်၌ ရှိနေခဲ့သော်လည်း ဟိန္ဒူဘာသာ မှာကား သူ၏အခြေခံ မူမပျက် ယနေ့တိုင် တည်နေ ခဲ့လေသည်။ သို့ကြောင့် ဟိန္ဒူဘာသာသည် သမုဒ္ဒရာ ပင်လယ်ပြင်ကြီးနှင့် ပမာတူလေသည်။ ပင်လယ် သမုဒ္ဒရာ ကြီးမှနေ၍ မြစ်ချောင်း အင်းအိုင် မြောင်းအစရှိသည်တို့ဖြင့် ခွဲထွက်စီးဆင်းသွားသည်ရှိသော်လည်း၊ ပင်လယ် ရေပြင် ကြီးမှာ လျော့နည်းသွားခြင်းမရှိပဲ နေမြဲအတိုင်းသာရှိနေတတ် သည်။ ထို့အတူပင် အနယ်နယ် အရပ်ရပ်မှနေ၍ မြစ်လက် တက်များ အင်းအိုင် မြစ်ချောင်း အစရှိသည်တို့မှ ရေများ ထိုရေများနှင့်အတူ မှော်၊ ဒိုက်၊အမှိုက်သရိုက် အညစ်အကြေး များသည် ပင်လယ် သမုဒ္ဒရာကြီးထဲသို့ ပြန်လည်စီးဝင် ပေါင်းစည်းကြသည်ရှိသော်လည်း ရေပြင်မှာ မို့မောက်မြင့် တက်လာခြင်း ညစ်ညမ်းသွားခြင်းမရှိပဲ နေမြဲသာရှိတတ်သည်။ ထိုကဲ့သို့ပင် အချို့သော ဟိန္ဒူ ဘာသာဝင်တို့ သည် မိမိ၏ မိရိုးဖလာ ဘာသာတရားကို စွန့်၍ အခြားဘာသာများသို့ ဝင်ရောက်သွားခြင်းရှိသော်လည်း ဟိန္ဒူဘာသာမှာ မေးမှိန် ဆုတ်ယုတ် သွားခြင်းမရှိဘဲ တည်မြဲမြံနေခြင်းရှိသည်။ အခြား ဘာသာဝင်များ ဟိန္ဒူဘာသာကို သက်ဝင်ယုံကြည်စွာ ဝင်ရောက် လာခဲ့ခြင်း ရှိသည်တွင်လည်း ပင်လယ်သမုဒ္ဒရာ ကြီးသို့နှယ် တည်နေမြဲ သာ ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် ဟိန္ဒူဘာသာသည် တရားဓမ္မ ဘာသာကြီးတစ်ရပ် ဖြစ်ပြီး၊ အရှေ့တောင်အာရှ အရှေ့အာရှ စသည်တို့၌လည်း လက်ခံကျင့်သုံးကြကုန်သော တရားဓမ္မကို အခြေခံသော ဘာသာတရားအားလုံး၏ မိခင် သို့တည်းမဟုတ် ပေါက်ဖွား လာရာ အခြေခံရင်းမြစ်ဖြစ်သည်ကို ကောင်းစွာ မြင်တွေ့နိုင် လေသည်။ ဟိန္ဒူ ဘာသာသည် အာရှတိုက်တွင်မက ဥရောပ တိုက်ကြီး ဟူသော အနောက်နိုင်ငံကြီးများတွင်လည်း ပြန့်ပွား ကျယ်ပြန့်သည်ကို မြင်တွေ့ရခြင်းအားဖြင့် ဟိန္ဒူဘာသာကို တစ်စုံတစ်ယောက်မှ ဖျက်စီးလိုခြင်းရှိခဲ့ပါမူ ဘယ်သော အခါမှ ယိုယွင်းပျက်စီးသွားခြင်းဟူ၍ မရှိဘဲ အစဉ်တည်မြဲ နေမည်မှာ ဧကန်မလွဲဖြစ်ပေသည်။



# ဟိန္ဒူ့တစ်မျိုးသားလုံးအတွက် 'ဆံဃ'



*Santosh Sharma, Taunggyi*

**"ဆံဃေ ရှက်သိ ကလော် ယုဂေ"** (Sanghe Shakti Kalauyuge) - အဓိပ္ပါယ်မှာ "ဤကလိယုဂ်ကာလတွင် စည်းလုံးညီညွတ်မှု ရှိခြင်းသည်သာ ခိုင်မာသော အင်အားတစ်ခုဖြစ်သည်" ဟူ၏။ ကျွန်ုပ်တို့ ဟိန္ဒူဘာသာသည်၊ ရှေးပဝေသဏီကတည်းကစ၍ ရသေ့၊ ရဟန်း၊ သူတော်စင်၊ သူတော်မြတ်တို့၏ လမ်းညွှန်မှုဖြင့် ကွဲပြားခြားနားမှုပေါင်းစုံ ရှိနေသော်လည်း တစ်စုတစည်းတည်း ယဉ်တွဲလျက် လက်တွဲနေထိုင်နိုင်သည်ကို အားလုံး သိကြပြီးဖြစ်ပါသည်။

**"ဝဆုဓဲဝ ကုဋုမ္ဗက(မ်)"** *(Vasudhaiva Kutumbakam)* "ဤပထဝီမြေပေါ်၌ နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့သည် ကျွန်ုပ်တို့၏ မိသားစုပမာဖြစ်သည်" ကို ကမ္ဘာဦး အစကတည်းက ဟိန္ဒူဘာသာတွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ကြသော ရှေးရသေ့၊ ရဟန်း သူတော်စင်များက ကြွေးကြော်ခဲ့ကြပါသည်။ မိမိကိုယ်ကျိုး မမျှော်ကိုးဘဲ အများအကျိုး သယ်ပိုးခဲ့သည်ကို စံပြသာဓကများအဖြစ်လည်း လေ့လာ တွေ့ရှိနိုင်ပါသည်။ တိုင်းတစ်ပါးသားတို့၏ နယ်ချဲ့ကျူးကျော်မှုများကို ကာကွယ်တိုက်ခိုက်ရန်အတွက် ခေတ်အဆက်ဆက်၌ သူရဲကောင်း၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များလည်း ဟိန္ဒူဘာသာမှ အကြိမ်ကြိမ် ထွန်းကားခဲ့ပါသည်။

မဂိုအင်ပါယာများဆုတ်ခွာပြီးနောက်ပိုင်း အင်္ဂလိပ်နယ်ချဲ့သမားများ လက်အောက်သို့ ဘာရတနိုင်ငံကြီး ကျရောက်သွားခဲ့ပါသည်။ ထိုအချိန်တွင် ဘာရတ နိုင်ငံကြီးလွတ်မြောက်လာစေရန် သူရဲကောင်း၊ ပုဂ္ဂိုလ်ထူးများ ဝိုင်းဝန်းကြိုးစားခဲ့ကြပါသည်။ မည်သို့ပင် ဝိုင်းဝန်းကြိုးစားကြသော်လည်း အကြောင်းရင်း မြောက်များစွာတို့ကြောင့် အောင်မြင်မှုမရနိုင်ခဲ့ပေ။ ထိုအချိန်တွင် ဟိန္ဒူများ ပြန်လည်၍ စည်းလုံးညီညွတ်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန်အတွက် ဘုရားရှင်၏ အလိုအရ *Dr. Keshav Baliram Hedgewarji* မှ ၁၉၂၅-ခုနှစ်တွင် မည်သည့်အဖွဲ့စည်းနှင့်မျှမတူသည့် မွန်မြတ်သော "ဆံဃ"အဖွဲ့ကို စတင်တည်ထောင်ခဲ့ပါသည်။ "ဆံဃအဖွဲ့ကြီးသည် နေ့စဉ်ရှာခါးစနစ်ကို ကျင့်သုံးခြင်းဖြင့် အပြောင်းအလဲ ဖြစ်လာမည်ကို အပြည့်အဝ ယုံကြည်ခဲ့ပါသည်။ ကာရ်ယကရ်သာ (အမှုဆောင်)များ၊ (ပ်)ရကျာရ(က်) (သာသနာပြုဆရာ)များ၊ ဆွယံစေဝကများ၏ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်မှုကြောင့် မိသားစုတစ်ခုသဖွယ် အောင်မြင်စွာဖြင့် စည်းလုံးညီညွတ်မှုလမ်းကြောင်းပေါ်သို့ တဖြည်းဖြည်း ခြေလှမ်း လှမ်းနိုင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကို စံနမူနာယူလျက် မြန်မာပြည်တွင်လည်း (၁၉၅၀)ခုနှစ် မက(ရ်)ဆံကရာ(န်)သီ (ပွန်ဂဲလ်) ပွဲတော်၏ နေ့ထူးနေ့မြတ်တွင် "ဆံဃအဖွဲ့ကြီးကို *Dr. Mangal Sen* မှ စတင်တည် ထောင်ခဲ့ပါသည်။ စတင် တည်ထောင်ပြီး (၆)နှစ်အကြာ ဆရာကြီး ဦးစိန်တင်သည် "ဆံဃ"လုပ်ငန်းကို ကိုယ်ကျိုး မငဲ့ကွက်ဘဲ မိမိ၏ကိုယ်ပိုင်စွမ်းရည်ဖြင့် ရှာခါးလုပ်ငန်းအပြင် အခြားသော "ဆံဃ"အဖွဲ့၏ ဆက်စပ်အဖွဲ့ အစည်းများကိုလည်း စတင်တည်ထောင်ပြီး၊ မြန်မာပြည်တွင်နေထိုင် ကြသော ဟိန္ဒူမိသားစုများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ဟိန္ဒူဓမ္မသင်ကြားပို့ချရေးကော်မတီ၊ ဇနကလျာဏအသင်း၊ သစ္စာရောင်ခြည်/ ဉာဏရောင်ခြည် မဂ္ဂဇင်းပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ဗုဒ္ဓဝင်ပြပွဲကျင်းပရေး ကော်မတီ စသည်တို့ကို ကာရ်ယကရ်သာ (အမှုဆောင်) များနှင့် ဆွယံစေဝကများ၏ ပံ့ပိုးကူညီမှုဖြင့် အောင်မြင်စွာ ဆောင်ရွက် လာနိုင်သည်ကိုလည်း ကျွန်ုပ်တို့ အားလုံး သိရှိပြီးဖြစ်ပါသည်။ ဆရာကြီး ဦးစိန်တင်သည် "ဆံဃအဖွဲ့" အတွက် အချိန်ပြည့် အကျိုးပြုနိုင်ရန် *Pracharak* (သာသနာပြုဆရာ) များကိုလည်း သံလိုက်ပမာ စည်းရုံးလျက် စဉ်ဆက်မပြတ် မွေးထုတ်ပေးခဲ့ပါသည်။ ထိုအထဲမှ အချို့မှာ ကွယ်လွန်အနိစ္စ ရောက်ပြီး၊ ယခုအချိန်ထိ အချို့သော သာသာနာပြု ဆရာများသာ ဆံဃလုပ်ငန်းစဉ်နှင့် အညီ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်၊

လေးစားအပ်သော ရှရီ ဆုဘာသျှ ကျွန်ြ အာပတ္ထဂျာ သည် ဆံဃတွင် အသက်ကြီးဆုံးဖြစ်ပြီး၊ ယနေ့တိုင်အောင် ဇနကလျာဏ အသင်း၏ စီမံခန့်ခွဲမှုအောက်ရှိ ကျောက်တံခါး မြို့ သနာတနဓမ္မရိပ်သာ စာသင်ကျောင်း ဘက်စုံဖွံ့ဖြိုး လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်ကို ဦးချဂါရဝပြု ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဆရာကြီးဦးစိန်တင်သည် ကျွန်တော့်အားလည်း သာသနာပြု ဆရာတစ်ဦးအဖြစ် ပြုစုပျိုးထောင်ပေးခဲ့ပြီး၊ ဆရာကြီးနှင့်အတူ *Dr. Ram Niwas* (ခ) ဒေါက်တာ လုထွန်းမှ စဉ်ဆက်မပြတ် လမ်းညွှန်မှုပေးခဲ့သဖြင့် (၁၂)နှစ် တိုင်အောင် သာသနာပြုဆရာတာဝန်ကို ထမ်းဆောင် နိုင်ခဲ့သည့်အတွက်လည်း အဆိုပါ ဆရာနှစ်ဆူတို့အား ဦးညွှတ်ဂါရဝပြုအပ်ပါသည်။ မိသားစု တစ်ခုတွင်ကျန်းမာရေး ချို့တဲ့လာသည့်အခါသမယတွင် ဆေးပေါင်းစုံလိုအပ်သကဲ့သို့ ဟိန္ဒူအမျိုးသားစုကြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် "ဆံဃ"လုပ်ငန်းလည်ပတ် နေရေးသည်လည်း မရှိမဖြစ် လိုအပ်နေပါသည်။ ခန္ဓာကိုယ် တစ်ခုတွင် သွေးကြော လည်ပတ်မှုသည် လွန်စွာအရေးပါသကဲ့သို့ ဟိန္ဒူ ယဉ်ကျေးမှုနှင့် အများအကျိုး သယ်ပိုးနိုင်ရန် ကမ္ဘာ့ လူသား အကျိုးပြု ကျမ်းစာများ၊ ရသေ့ရဟန်း သူတော်စင်များ၏ အမွေအနှစ်များအား ထွန်းကားပြန့်ပွားစေရေး အစဉ်ထာဝရ ရပ်တည်နိုင်စေရန် သွေးကြောပမာ အမျိုးသားစုအတွင်း "ဆံဃရှာခါး" လုပ်ငန်းသည်လည်း လွန်စွာအရေးကြီး ပါသည်။ မွန်မြတ်သော "ဆံဃ" အဖွဲ့ကြီးသည် ဟိန္ဒူ အမျိုးသားစုကြီးအတွင်းရှိ မတူကွဲပြားမှု အားလုံးကို တစ်စု တစည်းတည်း ဖြစ်လာစေရန် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါသည်။ ယခု အချိန်အခါသည် ကမ္ဘာပေါ်တွင် မျိုးစုံသော အပြောင်းအလဲ ဖြစ်နေသည့် အတွက် အားလုံးသည်လည်း *"Sarve Bhavantu Sukhinah"* **(ဆရ်ဝေ ဘဝန္တု ဆုခိနဟ်)** ဂါထာကို အမြဲတစေ ရွတ်ဆို ပတ္တနာပြု ဆုတောင်းလျက် ရှိကြောင်းကို ကျွန်တော်တို့ အားလုံး သိရှိပြီး ဖြစ်ပါသည်။

"ဆံဃ"အဖွဲ့ကြီး၏ ဟိန္ဒူ ဆမာ(ဂျ်) ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နိုင်စေရန် ဆက်စပ်အဖွဲ့ အစည်းများဖွဲ့ကာ ဘက်ပေါင်းစုံမှ အားကြိုးမာန်တက် လုပ်ဆောင်နေသည်မှာ ယခုဆို (၇၅)နှစ် စိန်ရတုသဘင်သို့ အောင်မြင်စွာ ခရီးဆက်လာနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခု ဆောင်းပါးရေးခွင့်ရသည့်အတွက်လည်း များစွာ ပီတိ ဖြစ်မိပါသည်။ "သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့" တာဝန် ထမ်းဆောင်နေသော ဂုဏ်သရေရှိ အမိကာရီများ၊ ကာရ်ယကရ်သာ၊ ဆွယံစေဝက အမှုဆောင်များ မိမိဘဝ တစ်ခုလုံးကို "ဆံဃ" အဖွဲ့အတွက် ပေးအပ်လှူဒါန်းကာ တာဝန်ထမ်းဆောင်လျက်ရှိသော သာသနာပြုဆရာများ အားလုံး ဘုရားရှင်၏ ဘုန်းတန်ခိုး အာနုဘော်တို့ကြောင့် ကျန်းမာ၍ ချမ်းသာပြီး၊ ဟိန္ဒူ အမျိုးသားစုကြီးအကျိုး ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်း မေတ္တာပို့သလျက်

* * * *



# ဘုရားပေါ်များသည့်မြေမှ ကုသိုလ်မြေ၏ အနွယ်များ



မောင်သုတလ - ရန်ကုန်

သနာတန ဓမ္မပါကလ အဖွဲ့ချုပ်ရထားကြီး (လှုပ်ရှားဆောင်ရွက်မှုများ) တစ်ဘူတာဝင် တစ်ဘူတာထွက်နှင့် ခရီးနှင်လာခဲ့ရာ ယခုဆိုလျှင် ၇၅-နှစ် တိုင်ပြီ ဖြစ်ပါသည်။ မူလကတည်းက သန္ဓေမှန်ပြီး၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များသည် သဘာဝဓမ္မ၊ လူသားဝါဒအပေါ် ကောင်းကျိုးအခြေခံများကြောင့် ခုလိုတည်တံ့ခဲ့ရခြင်းဖြစ်ရာ ထူးဆန်းအံ့သြဘွယ်ဟု မဆိုနိုင်ချေ။

သနာတန ဆိုသော (ရှေးအတိတ် ကာလကတည်းက ဖြစ်ထွန်းပေါ်ထွက်ခဲ့သော) နှင့် ဓမ္မဟုဆိုသော (ဘာသာ၊ သာသနာ တရားမြတ်များ) ပေါင်းစပ်စည်းရာမှ ပေါ်ထွက်လာပြီး၊ မဇ္ဈိမဒေသ၊ ဘာရတနိုင်ငံတော်မှ စတင်ဖြစ်ထွန်းခဲ့ကြသည့် ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိမ်း၊ ဆစ်ခ်၊ အစရှိသော ဘာသာသာသနာတို့ကို သနာတနဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် သနာတန ဓမ္မပါလက ဆွယံစေဝက (အဖွဲ့ဝင်)များ ဖြစ်ကြရာ၊ အထက်ဖော်ပြပါ ဘာသာ၊ သာသနာများ ကာကွယ်စောင့်ရှောက်ရမည်မှာ ကျွန်တော်တို့၏ မူလပထမ တာဝန်သာ ဖြစ်ပါသည်။

သာမန်လူတစ်ယောက်၏ အတွေးအမြင်နှင့် စဉ်းစားလျှင် သနာတန ဓမ္မဟူသည် ဟိန္ဒူ ဘာသာနှင့်သာ သက်ဆိုင်သည်ဟု ထင်ကောင်းထင်မြင်နိုင်သည်။ ရှင်းလင်းတင်ပြပါမည်။ ဘဂဝါအရောင်ကို အမြတ်တနိုး တန်ဘိုးထားကြသော အရှေ့တိုင်း ဓမ္မများတွင် ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိမ်းနှင့် ဆစ်ခ်များ တူညီသော သဘောရှိကြသည်။ အသွင်ဆန်းသော အရုဏ်ဦး ကာလ၊ ဘဂဝါ အရောင်တော် သည် ဟိန္ဒူသာမက ဗုဒ္ဓဘာသာ၊ ဂျိမ်းဘာသာ၊ ဆစ်ခ် ဘာသာဝင်တိုင်း၏ အထွတ်အမြတ် ဖြစ်ပြီး၊ တန်ဘိုးထား မြတ်နိုးကြသည်။ ဂျပန်လူမျိုးတို့ကလည်း အရုဏ်တက် ပေါ်ထွန်းလာသည့် အရောင်၊ နေမင်းကို ပူဇော်ကြသည်။ အလေးအမြတ် ပြုကြသည်ကို သတိပြုမိသည်။ အထွတ်အမြတ်ထားသည်။

လူမဆိုထားနှင့် အဟိတ် တိရစ္ဆာန်ဖြစ်သော၊ သူစိမ်းကို ရန်လိုတတ်သော ခွေးသတ္တဝါများသည်ပင် ဘဂဝါအရောင် သင်္ကန်းအရောင်မြင်သည်နှင့် ငြိမ်ဝပ်သွားကြသည်။

ဓမ္မပါလက အဖွဲ့ အနေဖြင့် အဓိကဆောင်ရွက်သည်မှာ လူငယ်၊ လူရွယ်များအတွက် ဗလငါးတန်ဖွံ့ဖြိုးရေး ဖြစ်သည်။ တနေ့တစ်နာရီ ပြုလုပ်သည့်ရှာခါးများမှတဆင့် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးခြင်း ဆောင်ရွက်ပါသည်။ နှစ်စဉ် ဗလငါးတန် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာမှ ကာ(ရ်)ယက(ရ်)သား(အမှုဆောင်)များ ပေါ်ထွက် လာကြသည်။ နေ့စဉ် ရှာခါး မှန်မှန်လာသူများမှလည်း ကာ(ရ်)ယက(ရ်)သာခေါ် အမှုဆောင် လူကောင်းလူတော်များကို ဖော်ထုတ် ပေးပါသည်။

ကျွန်ုပ်တို့နိုင်ငံတော်တွင် စုစုပေါင်း လူဦးရေ ၅၂ သန်းရှိရာ ဟိန္ဒူဘာသာဝင် ဦးရေ ၂သန်းဟု ခန့်မှန်းရသည်။ ဓမ္မပါလက အဖွဲ့တွင် ဟိန္ဒူဘာသာရှိ မျိုးနွယ်စုများ ယခုထက် ပိုမို ဆက်သွယ်ပါဝင်ရန် လိုပါသည်။ ဓမ္မပါလကသည် မျိုးနွယ်စု (၁၀)ခုလုံးမှ လူငယ်၊ လူရွယ်များကို ဘက်စုံဖွံ့ဖြိုးရေး အခန်းကဏ္ဍကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဓမ္မပါလက သင်တန်းဆင်း ဟိန္ဒူလူငယ်များသည် ပရဟိတအကျိုး ပိုမိုဆောင်ရွက်ကြသည်။ ဇာတ်စနစ်ခွဲခြားမှု ပပျောက်စေလိုသည်။ ရိုင်းပင်း ကူညီလိုစိတ် တိုးတက် လာတတ် သည်။ အနာဂတ် ဟိန္ဒူမျိုးနွယ်စု အဖွဲ့အစည်းများသည် ဤသို့သော ဓမ္မပါလက သင်တန်းဆင်း မိမိမျိုးနွယ်စု ဆွယံစေဝကများကို ပို၍ အားကိုး အားထားပြုလာနိုင်သည်။

မျိုးနွယ်စု (၁၀)ခုစလုံးမှ ဓမ္မပါလက သင်တန်းဆင်း ပုဂ္ဂိုလ်များသည် မိမိမျိုးနွယ်စု အခြေပြုသော ဘုရားကျောင်း၊ လူမှုရေး၊ ပရဟိတ၊ သာရေး နာရေးများတွင် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက် တာဝန်ယူလာကြရန် လိုသည်။

ဟိန္ဒူအဖွဲ့အစည်း အသီးသီး၏ ဦးစီးဦးဆောင် ပုဂ္ဂိုလ်များသည် မိမိတို့၏ အနာဂတ် တာဝန်ကို ပုခုံးပြောင်းလွှဲယူကြမည့်သူများကို ယခုကတည်းက စနစ်တကျပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ပါသည်။ အနာဂတ်၏ ကြယ်ပွင့်ဖြစ်သည့် ဟိန္ဒူလူငယ်များကို စနစ်တကျ အချိန်ယူလေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်ပါသည်။

ဤတွင် ဆွာမီဝိဝေကာ နန္ဒနှင့် ပညာရှင်ဆိုကရေးတီး ဆိုခဲ့သည့် စကားရပ်တင်ပြရသော် "ငွေကြေး တစ်စုံတရာ ဆုံးရှုံးခြင်းက တကယ်တော့ ဘာမျှမဆုံးရှုံးပါ။ သင်သည် ကျန်းမာရေး တစ်စုံတရာ ချို့ယွင်းပါက အနည်းငယ် ဆုံးရှုံးသည်။ အကယ်၍ စာရိတ္တ တစ်စုံတရာ ဆုံးရှုံးခဲ့သည်

ဆိုသော် အရာအားလုံး ဆုံးရှုံးသွားပြီဟု မှတ်ယူနိုင်ပါသည် " ဟု ဟောပြောမိန့်ကြားထားခဲ့သည်ကို မှတ်သားမိပါသည်။

သို့အတွက် လူသားရပ်တည်မှု ပတ်ဝန်းကျင်တွင် "စာရိတ္တ" မည်မျှအရေးပါကြောင်း တွေ့မြင်နိုင်သည်။ ဗလငါးတန် ဖွံ့ဖြိုးရေး သာမက လူငယ်တို့၏ စာရိတ္တ မဏ္ဍိုင်ကိုပါ မြှင့်တင်ပေးသော ဓမ္မပါလကအဖွဲ့သည် အဖွဲ့အစည်း တစ်ခုသက်သက်မဟုတ် အမှန်စင်စစ် အမှုဆောင် (ခ) ကာ(ရ်)ယက(ရ်)သားများ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနေသော မိသားစုရင်းသဖွယ် ဘာသာရေးနှင့် လူမှုအဖွဲ့အစည်း တစ်ရပ်သာ ဖြစ်ပါသည်။ လူငယ်များသည် ရိုးသားသည်၊ ဖြူစင်သည်၊ ဖြစ်လိုစိတ် များသည်၊ စွန့်လွှတ်စွန့်စားနိုင်သည်၊ ပေးဆပ် နိုင်သည် လူငယ်များ၏ စိတ်ကို နားလည် သဘောပေါက်ရန် လိုသည်။ အနာဂတ်တာဝန်ကို ပုခုံးပြောင်း ထမ်းဆောင်နိုင်သည်။ သို့ဖြစ်၍ လူငယ်များနှင့် ကင်းကွာ၍မရ၊ လူကြီး များသည် အနာဂတ်တွင် မိမိတို့ အဖွဲ့အစည်း ရေရှည် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လူငယ်လူရွယ်များကို စနစ်တကျ နေရာပေး တာဝန်ချထားရမည် ဖြစ်သည်။

ပုခုံးပြောင်း ထမ်းရွက် တာဝန်ယူကြမည့် မျိုးဆက်သစ် လူငယ်များသည် လူ့အဖွဲ့အစည်း၏ အနာဂတ် သားကောင်းရတနာများ ဖြစ်သည်။ ၎င်းတို့ကို စနစ်တကျ ပြုစုပျိုးထောင် ပေးကြရမည်။ လေ့ကျင့် သင်ကြားပေးရမည်။ ယုံကြည် စိတ်ချစွာ တာဝန်အပ်နှင်း ပေးကြရမည်။

ဘာသာရေးနှင့် လူမှုအဖွဲ့အစည်း၏ လူကြီးအချို့က မျိုးဆက်သစ်များသည် ငယ်ရွယ် နုနယ်သေး၍ တာဝန်အပ်ရာတွင် စိတ်မချမှု ဖြစ်နေကြသည်။ အချို့က တာဝန်ပေးအပ်ထားရာမှ မှားယွင်းမည်ဆိုပြီး၊ တာဝန်ကို ဝင်ရောက်စွက်ဖက်တတ်ကြသည်။ အများထဲမှ အမှန်ကို ပြုပြင်ရယူရမည့် သီအိုရီ မေ့ထားတတ်ကြသည်။ အသက်အရွယ်ငယ်သောကြောင့် "သူဘာမှ မသိပါဘူး"ဟု ဆိုပြီး၊ ဂရုတစိုက် နားထောင်ပေးခြင်း မရှိတတ်ကြသည် လည်းရှိသည်။ မိမိတို့ ထိုအသက် အရွယ်က မှားယွင်းမှုမှ သင်ယူတတ်မြောက်လာကြ သည်ကိုလည်း မေ့သွားတတ်ကြသည်။ စင်စစ် ကျွန်ုပ်တို့ ဝါရင့်လူကြီးများက စိတ်ရှည်စွာဖြင့် လက်တွဲ သင်ယူ ပေးကြရန် လိုအပ်သည် မဟုတ်ပါလော -

"အခုခေတ်လူငယ်တွေက စကား နားမထောင်တတ်ပါဘူး"ဟု ဆင်ခြေပေးတတ်ကြသည်။ အဖေထက် သားတော်မှ၊ တတ်မှ၊ ဆရာထက်တပည့် ထူးချွန်မှ တိုင်းပြည်တိုးတက်မည်။ လူ့အဖွဲ့အစည်း ရှေ့သို့ ရောက်မည်။ မျိုးဆက်သစ်များကို အထင်သေး အမြင်သေး လျှော့တွက်ခြင်းမျိုး သတိပြုရှောင်ကြဉ်ရမည် မဟုတ်လော-

ကမ္ဘာ့ လူမျိုးများစုထဲမှ ထောင်ပေါင်းများစွာသော ဘာသာစကားများ တဖြည်းဖြည်း ကွယ်ပျောက်သွားကြ ကမ္ဘာ့တစ်ဝှမ်းရှိ ရှေးကျသော ဘာသာစကားများ ပြောဆိုသုံးစွဲမှု ကျဆင်းလာနေသည်ကို တွေ့မြင်ကြရသည်။ မျိုးနွယ်စု တစ်ခုတွင် ပြောဆိုသော ဘာသာစကား၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာအစားအသောက်များသည် အထူးအရေးပါသည်ကို တွေ့မြင်ရပေသည်။ မိခင်ဘာသာစကား သင်ကြားပြောဆိုမှု လျော့နည်းလာရာမှ တစတစ ပျောက်ကွယ်ပြီး၊ ထိုမှတစ်ဖန် ရိုးရာအစား အသောက်အစား နိုင်ငံတကာ အစားအစာများ စားသုံးရာမှ မိမိတို့ ရိုးရာအစားအသောက်များ လျော့နည်းပျောက်ကွယ် သွားတတ်ကြသည်။ နောက်ဆုံး ဝတ်စားဆင်ယင်မှုများပါ တစတစ လျော့နည်းပျောက်ကွယ်သည်နှင့် ယင်းလူမျိုးနွယ်စု ဆိုင်ရာ ပြသစရာ ပြယုဂ် နိဂုံးချုပ်သွားချိန် ဖြစ်သည်ကို မှတ်သားထားကြရမည် ဖြစ်သည်။

လူ့လောက သဘာဝအရ မွေးရာမှ ကြီး၊ ကြီးရာမှ အိုမင်းရင့်ရော်လာမည်။ မိမိတို့သည် အနာဂတ် ပုခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များကို အားကိုးမျှော်လင့် စိတ်ဖြင့်ပျိုးထောင်ကြရမည်။ လေ့ကျင့် သင်ကြားပေးရမည်၊ ပုခုံးပြောင်း တာဝန်လွှဲအပ်ပေးရသည်မှာ လောက နိယာမ တရားများ မဟုတ်ပါလော။

နိုင်ငံတော်အစိုးရမှ ဘာသာရေး အခြေခံ ရုံးပိတ်ရက်အဖြစ် ဟိန္ဒူဘာသာဝင် များအတွက် ဒီပါဝလီရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားပါသည်။ မြန်မာနိုင်ငံ အတွင်းနေ ဟိန္ဒူဘာသာဝင်များသည် ဘာသာရေး ရုံးပိတ်ရက် အခွင့်အရေး ရရှိသည့်အတွက် နိုင်ငံတော် အစိုးရကို ကျေးဇူးဥပကာရ တင်ရှိရမည် ဖြစ်သည်။ ယင်းအတွက် မိမိတို့သည် မိမိလူမျိုးနွယ်စု တစ်စုအတွက် ရည်ရွယ်လုပ်ဆောင်မှုထက် စည်းလုံးညီညွတ်သော ဟိန္ဒူ ဘာသာဝင် အားလုံး အကျိုးအတွက် ဆောင်ရွက်မှုကို ပိုမိုပြုလုပ်ကြမည်ဟု လေ့လာမှတ်သားရပါသည်။

ဘုရားကျောင်းများတွင် ရှိခိုးပူဇော်ပသကြရာတွင် သက္ကတ ဘာသာကိုအခြေခံသော ရွတ်ဆိုပူဇော်ကြခြင်း၊ မည်သည့် ဘုရားကျောင်းတွင်မဆို လွတ်လပ်စွာ ရှိခိုးပူဇော် တရားဘာဝနာများ ပွားများနိုင်ခြင်း၊ ထီးတော်တင်ခြင်း၊ မီးနင်းပွဲတော်ကျင်းပခြင်း၊ အလံတင်ခြင်း၊ စီတန်း လှည့်လည်ကြရာတွင် ရိုးရာ ဝတ်စုံဆင်မြန်း၍ မိမိတို့၏ ဟိန္ဒူဘာသာ ရိုးရာဝတ်စုံ ဆင်မြန်း၍ မိမိတို့၏ ဟိန္ဒူ



ဘာသာ အထိမ်းအမှတ်များကို ဖော်ထုတ်ပြသခြင်းဖြင့် ပိုမိုစည်းလုံး ညီညွတ်သော မျိုးနွယ်စု (၁၀)ခုလုံး၏ ညီညွတ်မှုသရုပ်ကို မလွဲကေန် ဖော်ဆောင်ကြရမည် ဖြစ်ပေ-သည်။ ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မိခင်ဘာသာ-စကားများကို လေးစားနားလည် သုံးစွဲမှု ပြုကြရမည် ဖြစ်သည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံကို ယုံကြည်ခြင်း၊ ရှေးဘဝ နောက်ဘဝ ဖြစ်တည်မှုကို လက်ခံခြင်း၊ ကံ၊ ကံ၏ အကျိုးကို လက်ခံယုံကြည်ခြင်း၊ ရှုံခ (ခရုသင်း) အသုံးပြုခြင်း၊ မြေသန့် မင်္ဂလာပြုလုပ်ဆောင်ရွက်ခြင်းစသော ဗုဒ္ဓဘာသာ နှင့် ဟိန္ဒူဘာသာတို့၏ တူညီသော အလေ့အထများကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်-ကြရင်း မြန်မာနိုင်ငံတွင် မွေးဖွားကြီးပြင်းလာကြသော ဟိန္ဒူ မိသားစုများသည် သဘာဝတရားက ပေးအပ်သော ကောင်းကျိုးများကို စောင့်ရှောက် ထိန်းသိမ်းကြရပေမည်။ ကျွန်ုပ်တို့အနေဖြင့် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု ထွန်းကားသော မြန်မာနိုင်ငံတွင် လူသားအဖြစ် ဘဝရရှိမှုသည် အဘိုးမဖြတ်နိုင်သော ကုသိုလ် အကျိုးကျေးဇူးများ ဖြစ်သည် မဟုတ်လော ။

# ဘာသာတရားနှင့် ယဉ်ကျေးမှု

ဘာသာတရားနှင့် ယဉ်ကျေးမှုဟူသည်သက်ဆိုင်ရာ လူမှုပတ်ဝန်းကျင်၏ အသက်ဖြစ်ပါသည်။ ယင်းတို့သည် ကျွန်ုပ်တို့၏ ဝိသေသလက္ခဏာ၊ အစဉ်အလာနှင့် တန်ဖိုးများကို လူအများ သိရှိလာစေရန် မီးမောင်းထိုး ဖော်ပြပေးပါသည်။

မျက်မှောက်ခေတ်တွင် လူသားတိုင်း မိမိတို့၏ ဘာသာတရားနှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် အလွန်အရေးကြီးပါသည်။ ပထမဦးစွာ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ ဘာသာတရားနှင့် ယဉ်ကျေးမှု၏ အခြေခံ သဘောတရားများကို နားလည်ပြီး၊ ကျွန်ုပ်တို့၏ဘဝတွင် ၎င်းတို့ကို လက်ခံကျင့်သုံးရမည် ဖြစ်ပါသည်။ တတ်မြောက်သင်ယူထားသည့် ပညာသာမက အကျင့်စာရိတ္တသည်လည်း တန်းတူ အရေးကြီးပါသည်။

ဒုတိယအချက်မှာ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ ဘာသာစကား၊စာပေ၊ ရိုးရာဝတ်စုံ၊ ကျင်းပကြသော ဘာသာရေးပွဲတော်များနှင့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို တန်ဖိုးထား လေးစားရပါမည်။ နောင်လာနောက်သား မျိုးဆက်သစ်များ ၎င်းတို့၏ မူလရင်းမြစ်များနှင့် ဆက်နွယ်နေစေရန် မိမိအိမ်နှင့် လူ့အဖွဲ့အစည်းရှိ ၎င်းတို့၏ တန်ဖိုးများကို ကလေးများအား ပညာပေး ပြောကြားရန် လိုအပ်ပါသည်။

တတိယအချက်မှာ သည်းခံခွင့်လွှတ်ခြင်း ဖြစ်ပါသည်။ ယင်းသည်ကား စစ်မှန်သော ဘာသာတရား၏ အမှတ်အသား ဖြစ်ခြင်းကြောင့် အရေးပါလှပေသည်။ မိမိဘာသာတရားနှင့်ယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုးထားသကဲ့သို့ အခြားသူများ၏ ဘာသာတရားနှင့် ယဉ်ကျေးမှုကိုလည်း လေးစားသင့်ပါသည်။ ယင်းအချက်သည် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပေးပါသည်

နိဂုံးချုပ်အနေဖြင့် ကျွန်ုပ်တို့သည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော လူ့ဘောင်လောကနှင့် ဟန်ချက်ညီညီလုပ်ဆောင်ရမည် ဖြစ်ပါသည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်၍ အေးချမ်းတည်ငြိမ် သာယာဝပြောသည့် ချစ်စရာလူ့ဘောင်လောကကြီးကို ဖန်တီး တည်ဆောက်နိုင်မည် ဖြစ်သည့်အတွက် လူသားတိုင်း မိမိတို့၏ ဘာသာတရားအဆုံးအမနှင့် ယဉ်ကျေးမှု အမွေအနှစ်ကောင်းများကို ကာကွယ်စောင့်ရှောက်ကြပါဟု အကြံပြု တိုက်တွန်း လိုက်ရပေသည်။



သန္တီ (သစ္စာရှင်)

# SDSS မှ ဟိန္ဒူမြိသားစုများ၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မှတ်တမ်းဓါတ်ပုံများ
























# SDSS ဆက်စပ်အဖွဲ့အစည်း မှတ်တမ်းဓါတ်ပုံများ



Buddha Exhibition



ဗုဒ္ဓဝင်ပြပွဲ ကျောက်တန်းမြို့နယ်တွင် Shri Bhagaiah & Shri Saumitra Gokhale တို့အား ကြည့်ရှုနေပုံ



ကိုင်းနိုင်ငံတွင် ဗုဒ္ဓဝင်ပြပွဲ ပြသနေပုံ



ဗုဒ္ဓဝင်ပြပွဲ ပြသနေပုံ



ဟိန္ဒူ ဓမ္မ သင်ကြားပို့ချရေး ကော်မတီ၏ လှုပ်ရှားပုံ



ဟိန္ဒူ ဓမ္မ စာမေးပွဲ ဖြေဆိုနေပုံ



ဟိန္ဒူ ဓမ္မ ဆုပေးပွဲအခမ်းအနား



ဟိန္ဒူ ဓမ္မ ဆုပေးပွဲအခမ်းအနား

# SDSS ဆက်စပ်အဖွဲ့အစည်း မှတ်တမ်းဓါတ်ပုံများ


ဓနကလျာဏအသင်း
သနန္တန ဓမ္မရိပ်သာ – ကျောက်တံခါး


ဓနကလျာဏအသင်း
ဓဝ်လာ ဓမ္မရိပ်သာ – သန်လျင်


ဓနကလျာဏအသင်း
ပဉ္စဝတီ ယောဂရိပ်သာ – ပြင်ဦးလွင်


ဓနကလျာဏအသင်း
ဟိန္ဒူဓမ္မသာလာ – ပြည်


ဟိန္ဒူအမျိုးသမီးများ အဖွဲ့ မှ ယဉ်ကျေးမှုသင်တန်း


ဟိန္ဒူအမျိုးသမီးများ အဖွဲ့ မှ မိန်းကလေးငယ်များကို ကာယသင်ကြားပေးပုံ


ဟိန္ဒူအမျိုးသမီးများ အဖွဲ့ မှ လူငယ်များနှင့် တွေ့ဆုံခြင်း (မော်လမြိုင်)မှတ်တမ်းပုံ


ဟိန္ဒူအမျိုးသမီးများ အဖွဲ့မှ လက္ခမီးပူဇာ ပြုလုပ်နေပုံ

# SDSS ဆက်စပ်အဖွဲ့အစည်း မှတ်တမ်းဓါတ်ပုံများ



**HYS**
လူငယ်အသင်းသားများ



**HYS**
လူငယ်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ



**HYS**
လူငယ်များမှ အခမဲ့ ကျူရှင် သင်ကြားပေးခြင်း



**HYS** မှ တက္ကသိုလ် ဝင်တန်းအောင်
ကျောင်းသား/သူများအား ဆုချီးမြှင့်ခြင်း အမျိုးသားဇာတ်ရုံ၊ ရန်ကုန်



**HFRG** မှ
မန္တလေး လျောင်ဘေး ကူညီထောက်ပံ့နေပုံ



**HFRG** မှ
မန္တလေး လျောင်ဘေး ကူညီထောက်ပံ့နေပုံ



**HFRG** မှ
မန္တလေး လျောင်ဘေး ကူညီထောက်ပံ့နေပုံ



**HFRG** မှ
မန္တလေး လျောင်ဘေး ကူညီထောက်ပံ့နေပုံ (စစ်ကိုင်း)

# HFRG ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG မှ ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး ခရိုင်၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့နေပုံ


HFRG မှ ရခိုင်ဒုက္ခသည်များကို ကူညီထောက်ပံ့နေပုံ

# HFRG ဆေဝါး လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ



HFRG မှ မန္တလေး ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ
စတင်ရန် အစည်းအဝေးပြုလုပ်နေပုံ (ရန်ကုန်)



HFRG မှ မန္တလေး ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ
စတင်ရန် အစည်းအဝေးပြုလုပ်နေပုံ (ရန်ကုန်)



HFRG မှ ငလျင်ဘေးကျရောက်ချိန်တွင်
ကူညီကယ်ဆယ်ရေးလုပ်ငန်းအတွက် အလှူငွေ ကောက်ခံနေပုံ




HFRG မှ ငလျင်ဘေးကျရောက်ချိန်တွင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သို့ လှူဒါန်းနေပုံ



HFRG မှ သန္တိသုခ လူမှုကူညီရေးအသင်း (ပြင်ဦးလွင်) အား
အောက်ဆီဂျင်စက်လှူဒါန်းနေပုံ



HFRG မှ မန္တလေး ငလျင်ဘေးကျရောက်ချိန်တွင်
စစ်ကိုင်းမြို့တွင် ထောက်ပံ့ရန် ဆွေးနွေးနေပုံ




HFRG မှ ငလျင်ဘေးကျရောက်ချိန်တွင်
မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်တို့တွင် ကူညီထောက်ပံ့ရေးအတွက်
*Morya Group* မှ ပစ္စည်းများ လာရောက်လှူဒါန်းနေပုံ



HFRG မှ အနိုင်းမဲ့ မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းအား
အောက်ဆီဂျင်စက်နှင့် အိုးများ လှူဒါန်းနေပုံ (သထုံ)

# HFRG ဆေဝါး လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ



HFRG မှ ရန်ကုန် အရှေ့ပိုင်းဆေးရုံတွင် ဆေးဝါးများ ကူညီထောက်ပံ့နေပုံ



HFRG မှ ကိုဗစ် –၁၉ အချိန်တွင် ဖြည်သူများကို အောက်စီဂျင် ပေးဝေနေပုံ



HFRG မှ ကိုဗစ် –၁၉ အချိန်တွင် ကျေးရွာများတွင် ဆေးဝါးများ ကူညီထောက်ပံ့နေပုံ



HFRG မှ ကိုဗစ် –၁၉ အချိန်တွင် ထမင်းဘူးများ ပေးဝေနေပုံ




HFRG မှ ကိုဗစ် –၁၉ အချိန်တွင် ထမင်းဘူးများ ပေးပို့နေပုံ



SDSS မှ ကျောက်တံတားမြို့နယ် ကြက်ခြေနီ အသင်းသို့
လူနာတင်ယာဉ် လှူဒါန်းနေပုံ



HFRG မှ ကိုဗစ် –၁၉ အချိန်တွင် စားနပ်ရိက္ခာများ ထောက်ပံ့နေပုံ



HFRG မှ ကိုဗစ် –၁၉ အချိန်တွင် ထမင်းဘူးများ ပေးပို့နေပုံ

# SDSS ဆေဝါးလုပ်ငန်းများ၏ မှတ်တမ်းဓါတ်ပုံများ



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဆေးရုံသန့်ရှင်းရေး ပြုလုပ်နေပုံ(ရန်ကုန်)



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဆေးရုံသန့်ရှင်းရေး ပြုလုပ်နေပုံ(ရန်ကုန်)



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဆေးရုံသန့်ရှင်းရေး ပြုလုပ်နေပုံ (မော်လမြိုင်)



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဘုရားကျောင်း သန့်ရှင်းရေး ပြုလုပ်နေပုံ (ပုသိမ်)



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဆေးရုံ နှင့် ဘုရားအင်ကုတ် သန့်ရှင်းရေး ပြုလုပ်နေပုံ (မော်လမြိုင်၊ ပြင်ဦးလွင်)



SDSS ဆေဝါးနေ့ အထိမ်းအမှတ်တွင်
ဆေးရုံတွင် ထမင်းဗူးများ ဝေငှနေပုံ (မန္တလေး)



SDSS ဒီပါဝလီ အခါသမယတွင် မုန့်ပစ္စည်းများ ဝေငှရန် ပြင်ဆင်နေပုံ
(ရန်ကုန်)



SDSS ဒီပါဝလီ အခါသမယတွင် မုန့်ပစ္စည်းများ ဝေငှရန် ပြင်ဆင်နေပုံ
(ရန်ကုန်)

# SDSS လုပ်ငန်းစဉ်များ၏ မှတ်တမ်းဓါတ်ပုံများ



SDSS မှ
အိမ်တိုင်းရာရောက် ရာခီကြိုးချည်နှောင်းပေးနေပုံ



SDSS မှ
အိမ်တိုင်းရာရောက် ရာခီကြိုးချည်နှောင်းပေးနေပုံ



SDSS မှ
အိမ်တိုင်းရာရောက် ရာခီကြိုးချည်နှောင်းပေးနေပုံ



SDSS မှ
အိမ်တိုင်းရာရောက် ရာခီကြိုးချည်နှောင်းပေးနေပုံ



SDSS မှ
မကာ(ရ်) ဆံကရာန္တီ အခါသမယ တွင် ပွန်ဂယ်အိုး တည်နေပုံ



SDSS မှ
ရ(န်)ဂိုလိ (ကော်လ(မ်) ) ဆွဲပြိုင်ပွဲ ကျင်းပနေပုံ (ကော့ကျိုက်၊ ဘားအံ)



SDSS မှ
ရ(န်)ဂိုလိ (ကော်လ(မ်) ) ဆွဲပြိုင်ပွဲ ကျင်းပနေပုံ (သထုံ)



SDSS မှ
မကာ(ရ်) ဆံကရာန္တီ အခါသမယ တွင် ပွန်ဂယ်အိုး တည်နေပုံ



# ခေတ်သစ်လူငယ်နှင့် ပညာရေး



*Dr. Preeti Narula Kochar* @
ဒေါက်တာနှင်းဟေမာန်အောင်

မျက်မှောက်ကာလ ကမ္ဘာ့အခြေအနေသည် စီးပွားရေး အရှိန် အဟုန်မြန်ဆန်လာသည်နှင့်အမျှ လူသားတို့၏ အတွေးအခေါ်တွင် ငွေကြေးမှနေ နောက်သို့ အပြေးအလွှား လိုက်ပါရင်း "ငွေသည်သာ ဗဓန" ဟု မှားယွင်းစွာ ယူဆလာကြသည်ကို တွေ့ရပါသည်။ အချို့သော ပတ်ဝန်းကျင်များတွင် ပညာဖြင့် အသက်မွေးသူတို့၏ ဝင်ငွေနည်းပါးမှုကို လှောင်ပြောင်ပျက်ရယ်ပြုကြသည်များလည်း ရှိနေပါသည်။ ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသည့် တက်သစ်စလူငယ်တို့၏ စိတ်အစဉ်၌ 'ငွေသည်သာ အရှင်သခင်၊ ငွေသည်သာ ကိုးကွယ်ရာ' ဟု အယူအဆ လွဲမှားကာ ပညာရေးကို လျစ်လျူရှုလာကြသည်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုပင် ဖြစ်ပါသည်။

ယနေ့ခေတ်တွင် *Ai (Artificial Intelligence)* နည်းပညာများ ထွန်းကားလာခြင်းကြောင့် ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန် တွဲလျက်ရှိပါသည်။ ယခင်ခေတ်များက ကျောင်းသားတစ်ဦးသည် စာတမ်းတစ်စောင် ပြုစုရန်အတွက် စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများစွာကို ရှာဖွေဖတ်ရှု၍ ကိုးကားပြီး စာတမ်းများ ပြုစုခဲ့ကြသဖြင့် စာဖတ် စွမ်းရည် *(Reading skill)*၊ မှတ်ဉာဏ်နှင့် အတွေးအမြင်များ အလွန်ကောင်းမွန်ခဲ့ကြပါသည်။ ယခုအခါတွင်မူ *ChatGPT* ကဲ့သို့သော *AI Tools* များကို အသုံးပြု၍ စာတမ်းများကို အလွယ်တကူ ရေးသားလာနိုင်ကြသောကြောင့် လူငယ်အများစုတွင် ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ် (*Critical Thinking*) နှင့် နက်နက်ရှိုင်းရှိုင်း သုတေသနပြုလိုစိတ် (*Deeper level of Research*) များ လျော့နည်းလာနိုင်သည်။ *AI* များကို အလွန်အမင်း အားကိုး၍ လွယ်လင့်တကူ အဖြေများ ရယူနိုင်လာခြင်းကြောင့် သင်ယူမှု၏ ရည်ရွယ်ချက်ကို မေ့သွားနိုင်ပါသည်။

သို့သော် *"Study Hard"* အစား *"Study Smart"* *"Work hard* အစား *Work smart* ဖြစ်ရန် လိုအပ်သော ယနေ့ခေတ်တွင် နည်းပညာကို လျော့တွက်၍လည်း မရပြန်ပါ။ *AI* ကို အသုံးချတတ်ရန်ဖြစ်သော်လည်း မိမိသင်ယူနေသည့် ဘာသာရပ်တွင် အခြေခံ ဗဟုသုတ ခိုင်မာနေရန် ပို၍အရေးကြီးပါသည်။ အခြေခံဗဟုသုတရှိပြီး နေ့စဉ်လေ့လာနေသူတစ်ဦး၏ *AI* အသုံးပြုမှု စွမ်းရည်နှင့် ဘာမျှမသိဘဲ *AI* ကိုသာ ပုံအပ်ထားသူတို့၏ ရလဒ်ချင်းမှာ အချိန်ကြာလာသည်နှင့် ပိုမို ကွာခြားလာမည်ဖြစ်သည်။ မိမိ၏ အသိပညာမြင့်မားလေလေ *AI* ထံမှရရှိလာသော အချက်အလက်များ၏ အရည်အသွေး *(Quality)* မှာလည်း ပိုမိုကောင်းမွန်လာလေ ဖြစ်သဖြင့် ခေတ်နှင့်အညီ ပညာရပ်များကို ပါးပါးနပ်နပ် အသုံးချတတ်ရန် လိုအပ်ပါသည်။

ပညာရပ်တစ်ခုကို တတ်မြောက်ရန်မှာ တစ်နေ့တည်းဖြင့် ပြီးမြောက်နိုင်သောအရာ မဟုတ်ပါ။ ရေတစ်စက်စီ စုစည်းကာ မြစ်ဖြစ်သကဲ့သို့၊ မျိုးစေ့တစ်စေ့ကို စိုက်ပျိုး၍ ရေလောင်း၊ မြေဩဇာထည့်ကာ ကြီးထွားလာစေသကဲ့သို့၊ ပညာရပ်တစ်ခုကိုလည်း အချိန်၊ အားထုတ်မှုနှင့် စိတ်ရှည်မှုတို့ဖြင့်သာ ရရှိနိုင်သည်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ သုံးပါးတွင် အနည်းဆုံး တစ်ခုခု အားကောင်းမှ ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ပစ္စည်းဥစ္စာဟူသည်မှာ ငွေရှိလျှင် ဝယ်ယူ၍ ရနိုင်သော်လည်း ဘေးဒုက္ခနှင့် ကြုံတွေ့ရချိန်တွင် ပျက်စီးပျောက်ဆုံးသွားနိုင်ပါသည်။ ပညာသည် ခိုးယူ၍မရ၊ မိမိသွားလေရာ တစ်ပါတည်း ပါရှိနေမည့်အပြင် မိမိကသာ ကျင့်ဝတ် *(Professional Ethics)* ကို စောင့်ထိန်းနေသရွေ့ မည်သည့်အခါမျှ ပျက်စီးမသွားနိုင်သည့် တန်ဖိုးရှိသော အရာတစ်ခု ဖြစ်သည်။ (ပညာရပ်ဟုဆိုရာတွင် ကျောင်းပညာရပ်မှ တဆင့် မှန်ကန်သော အသက်မွေးဝမ်းပြုပညာရပ်အဖုံဖုံကို ဆိုလိုပါသည်။)

သို့ဖြစ်၍ မိသားစုအခြေအနေကြောင့် အလုပ်လုပ်ရင်း ဘဝကို တည်ဆောက်နေရသော လူငယ်များအနေဖြင့်လည်း ယနေ့ခေတ်၏ အားသာချက်ဖြစ်သော *online platform* များကို အသုံးချ၍ မိမိအတွက် အသင့်တော်ဆုံးသော ပညာရပ်တစ်ခုကို နေ့စဉ် အနည်းဆုံး အချိန်တစ်ခု ချန်ထားကာ လေ့လာသင့်သည်။ နိုင်ငံတကာ ဘာသာစကားများ၊ *IT* နှင့် *digital skills* များ၊ သို့မဟုတ် မိမိ၏ ဝင်ငွေ (သို့မဟုတ်) ရာထူးတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများ *(hard skill or soft skill)* ကို ဖြည့်ဆည်းလေ့လာခြင်းဖြင့် မိမိ၏ အနာဂတ် ပိုမိုတောက်ပစေနိုင်သည်။

*Opportunity favors the prepared mind* ဟူသည့် စကားအတိုင်း လေ့လာထားသော ပညာတစ်ခုသည် မထင်မှတ်ထားဘဲ အခွင့်အရေးကောင်းများ ရောက်ရှိလာသောအခါ အမိအရ ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။ ဒါကြောင့် လူငယ်များနေဖြင့် ခေတ်နဲ့အညီ နည်းပညာကို အသုံးချဖို့လိုအပ်သလို အသိပညာ၊ အတတ်ပညာများ တိုးပွါးစေရန် မပေါ့လျော့ဘဲ လေးလေးစားစား စဉ်ဆက်မပြတ် ကြိုးစားလေ့လာကြရန် တိုက်တွန်းချင်ပါတယ်ရှင်။



# လူငယ်များအနေဖြင့် AI ကို အသုံးပြု၍ ဟိန္ဒူ လူ့အဖွဲ့အစည်းကို ဘယ်လို ဖွံ့ဖြိုးတိုးတက်စေမလဲ



*Nitesh Verma @ ဒေါက်တာဝေဇာဟိန်း*

ယနေ့ခေတ်သည် *Artificial Intelligence (AI)* ခေတ်ဖြစ်ပါသည်။ *AI* ကြောင့် ကျွန်တော်တို့ အလုပ်လုပ်ပုံ၊ သင်ယူပုံ၊ ဆက်သွယ်ပုံနှင့် စီးပွားရေးလုပ်ကိုင်ကြပုံများ ပြောင်းလဲနေပါသည်။ ယနေ့ လူငယ်များ၏ လက်ထဲတွင် အလွန်အင်အားကြီးသော ကိရိယာတစ်ခု ရှိနေပါသည်။ ၎င်းမှာ *AI* ဖြစ်ပါသည်။

မေးခွန်းမှာ *AI* ကောင်းလား၊ မကောင်းလား မဟုတ်ပါ။ မေးခွန်းအမှန်မှာ *AI* ကို ဘယ်လို အသုံးပြုမလဲ ဆိုတာ ဖြစ်ပါသည်။ လူငယ်များသည် *AI* ကို အပျော်အပါး၊ *Social Media* နှင့် အချိန်ဖြုန်းရန်အတွက်သာ အသုံးပြုပါက အကျိုးမရှိပါ။ သို့သော် ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုဖွံ့ဖြိုးရေးအတွက် အသုံးပြုကြမည်ဆိုပါက *AI* သည် လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်စေနိုင်သော အင်အားကြီးသော ကိရိယာတစ်ခု ဖြစ်လာနိုင်ပါသည်။

## ၁။ ဟိန္ဒူ ယဉ်ကျေးမှုအကြောင်း အသိပညာများ ဖြန့်ဝေရန် *AI* ကို အသုံးပြုခြင်း

လူငယ်များအနက် အချို့သည် ဟိန္ဒူ ယဉ်ကျေးမှု၊ သမိုင်း၊ *Vedas, Upanishads, Ramayana, Mahabharata* နှင့် *Bhagavadgita* အကြောင်းကို အပြည့်အဝ မသိကြပါ။ *AI* ကို အသုံးပြု၍ သင်ယူနိုင်သလို အခြားသူများကိုလည်း မျှဝေပေးနိုင်ပါသည်။

*AI* ကို အသုံးပြု၍ "

* ဟိန္ဒူ ဓမ္မအကြောင်း ဆောင်းပါးများ ရေးနိုင်ပါသည်။
* *Bhagavad Gita* ကို ရိုးရှင်းသော ဘာသာဖြင့် ရှင်းပြနိုင်သည်။
* ဘာသာစကားအမျိုးမျိုးသို့ ဘာသာပြန်နိုင်သည်။
* *Presentation* များ ပြုလုပ်နိုင်သည်။
* *Quiz* (ဉာဏ်စမ်း) မေးခွန်းများ ဖန်တီးနိုင်သည်။
* ကျောင်းသားများအတွက် သင်ခန်းစာများ ပြုလုပ်နိုင်သည်။
* *Social Media* ကို အပျော်အပါး နေရာမဟုတ်ဘဲ အသိပညာ ဖြန့်ဝေရာနေရာအဖြစ် ပြောင်းလဲနိုင်ပါသည်။

## ၂။ ဘာသာရေး၊ ပညာရေးအတွက် *AI* ကို အသုံးပြုခြင်း

*AI* သည် ဘာသာရေးဆိုင်ရာ ယူဆချက်များကို ရိုးရှင်းစွာ နားလည်အောင် ရှင်းပြပေးနိုင်ပါသည်။

ဥပမာ -

* *Dharma* (တာဝန်နှင့် မှန်ကန်သော လုပ်ရပ်)
* *Karma* (လုပ်ရပ်နှင့် အကျိုးဆက်)
* *Seva* (လူသားအကျိုးပြုလုပ်ငန်း)
* *Ahimsa* (သူတစ်ပါးကိုမထိခိုက်စေရန်)
* *Yoga* နှင့် *Meditation*
* *Ramayana* နှင့် *Mahabharata* မှ ပုံပြင်များ

### *AI* ကို အသုံးပြု၍

* ကလေးများအတွက် *Dharma* စာအုပ်များ
* *Moral story* စာအုပ်များ
* *Video* ပုံပြင်များ
* သင်ခန်းစာများ ဖန်တီးနိုင်ပါသည်။

## ၃။ ကောင်းသော *Media Content* များ ဖန်တီးရန် *AI* ကို အသုံးပြုခြင်း

ယနေ့ *Media* နှင့် *Social Media* များသည် လူ့အဖွဲ့အစည်းအပေါ် အလွန်သက်ရောက်မှု ရှိပါသည်။ လူငယ်များသည် *AI* ကို အသုံးပြု၍ ကောင်းသော *Content* များ ဖန်တီးနိုင်ပါသည်။

ဥပမာ -

* *YouTube Video* (ဟိန္ဒူ သမိုင်း)
* *TikTok Video (Moral stories)*
* *Facebook Post* (ဟိန္ဒူ သင်ခန်းစာများ)
* *Podcast* (ဟိန္ဒူ ဒဿန)
* *AI Voice* ဖြင့် စာအုပ်ဖတ်ခြင်း
* *Poster* နှင့် *Infographic* များ *Content* ဖန်တီးသူများသည် လူ့အဖွဲ့အစည်းကို တည်ဆောက်သူများ ဖြစ်သည်။ *Content* ကြည့်သူများသည် ကြည့်ရှုသူများသာ ဖြစ်သည်။

## ၄။ လူမှုဝန်ဆောင်မှု *(Seva)* အတွက် *AI* ကို အသုံးပြုခြင်း

ဟိန္ဒူဒဿနတွင် *Seva* (လူသားအကျိုးပြုလုပ်ငန်း)ကို အလွန်အရေးကြီးသည်ဟု သင်ကြားပေးပါသည်။ *AI* ကို အသုံးပြု၍ လူသားအကျိုးပြုလုပ်ငန်းများကို စီမံနိုင်ပါသည်။

### *AI* ကို အသုံးပြု၍

* *Donation program* များ စီစဉ်နိုင်သည်။
* *Temple event* များ စီမံနိုင်သည်။
* ဆင်းရဲသော ကလေးများအတွက် ပညာရေးအစီအစဉ်များ ပြုလုပ်နိုင်သည်။
* *Health awareness campaign* များ ပြုလုပ်နိုင်သည်။
* *Environment protection campaign* များ ပြုလုပ်နိုင်သည်။
* *Fundraising campaign* များ ပြုလုပ်နိုင်သည့်

*AI* သည် *Proposal* ရေးရန်၊ *Poster* ဖန်တီးရန်၊ *Plan* စီမံရန် ကူညီနိုင်ပါသည်။

### ၅။ ကျွမ်းကျင်မှုများ သင်ယူပြီး စီးပွားရေးအင်အားကြီးလာရန် *AI* ကို အသုံးပြုခြင်း

လူ့အဖွဲ့အစည်းတစ်ခု အင်အားကြီးရန် စီးပွားရေး အင်အားလည်း လိုအပ်ပါသည်။ လူငယ်များသည် အောင်မြင်ပြီး ငွေရှာနိုင်ပါက လူမှုအဖွဲ့အစည်းကို ကူညီနိုင်ပါသည်။

### *AI* ကို အသုံးပြု၍ သင်ယူနိုင်သောအရာများ

* *Business*
* *Digital Marketing*
* *Graphic Design*
* *Programming*
* *Video Editing*
* *Communication skills*
* *Financial Management*
* *Entrepreneurship*



### လူငယ်များ စီးပွားရေးအောင်မြင်ပါက

* *Temple* များကို ကူညီနိုင်ပါသည်။
* *Charity* လုပ်နိုင်သည်။
* *School* များ တည်ဆောက်နိုင်သည်။
* *Poor people* ကို ကူညီနိုင်သည်။

### ၆။ *AI* ကို တာဝန်ယူမှုနှင့် အသုံးပြုရန်

*AI* သည် အင်အားကြီးသော ကိရိယာဖြစ်သောကြောင့် တာဝန်ယူမှုနှင့် အသုံးပြုရပါမည်။ ဟိန္ဒူ၊ ဒဿနတွင် *Dharma* (မှန်ကန်သော လုပ်ရပ်)ကို အရေးကြီးသည်ဟု သင်ကြားပေးပါသည်။

### *AI* ကို မသုံးသင့်သောအရာများ

* *Hate speech*
* သတင်းအမှားများ ဖြန့်ဝေခြင်း၊
* လိမ်လည်ခြင်း၊
* *Copy* ကူးပြီး မလေ့လာခြင်း၊
* အချိန်ဖြုန်းခြင်း၊



### *AI*ကို သုံးသင့်သောအရာများ

* *Learning*
* *Teaching*
* *Creating*
* *Helping society*
* *Preserving culture*
* *Building knowledge*

တန်ဖိုးမရှိသော နည်းပညာသည် အန္တရာယ်ရှိသည်။ တန်ဖိုးနှင့် တွဲဖက်သော နည်းပညာသည် အင်အားဖြစ်သည်။

### နိဂုံးချုပ်အားဖြင့်

*AI* သည် ကိရိယာတစ်ခုသာ ဖြစ်ပါသည်။ ၎င်းကို အသုံးပြုသူပေါ်မူတည်ပြီး လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်သလို ဖျက်ဆီးပစ်နိုင်ပါသည်။ ယနေ့ လူငယ်များ၏ လက်ထဲတွင် အလွန်ကြီးမားသော တာဝန်ရှိပါသည်။

*AI* ကို မှန်ကန်စွာ အသုံးပြုပါက

* အသိပညာ ဖြန့်ဝေနိုင်သည်။
* ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်သည်။
* လူမှုဝန်ဆောင်မှုလုပ်နိုင်သည်။
* *Dharma* ကို ဖြန့်ဝေနိုင်သည်။
* လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုး တိုးတက်စေနိုင်သည်။

ဟိန္ဒူ၊ လူ့အဖွဲ့အစည်း၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင် ရှိပါသည်။ လူငယ်များ၏ လက်ထဲတွင် အင်အားအကြီးဆုံး ကိရိယာမှာ *AI* ဖြစ်ပါသည်။

ထို့ကြောင့် လူငယ်များအတွက် အရေးကြီးဆုံး သတင်းလွှာပါးလိုသည်မှာ *AI* ကို ပညာရှိဖြစ်ရန်သာ မသုံးပါနှင့်၊ *AI* ကို လူ့အဖွဲ့အစည်း အကျိုးဖြစ်ထွန်းစေရန်အတွက် အသုံးပြုရန် အလွန်အရေးကြီးလှပါကြောင်း။

❋ ❋ ❋

# ဂုဏ်ယူစွာပြောပါ ကျွန်ုပ်ဟိန္ဒူပါ
# (Proud to be Hindu)

*Dr.V.Krishna*
@ ဒေါက်တာသော်တာလင်း
သထုံမြို့ မွန်ပြည်နယ်။



ဂုဏ်ယူခြင်းဆိုသည်မှာ လူသား၏ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာတို့နှင့်အတူ စိတ်၏ ပေါ်ပေါက်လာသော ခံစားချက်တစ်မျိုးပင်ဖြစ်သည်။

လူသားသည် မိမိ၏ ပတ်ဝန်းကျင်၊ မိမိ၏လူမျိုးများအတွက် ဂုဏ်ယူသည်။

မိမိ၏ သား/သမီးများ အောင်မြင်မှုအတွက် မိဘသည် ဂုဏ်ယူသည်။ မိမိစီးပွား ဥစ္စာ တိုးတက်လာခြင်း အတွက် မိမိကိုယ်ကို ဂုဏ်ယူသည် စသည့် အချက်များကပင် ကျွန်ုပ်တို့၏ ဘဝရထားကြီးကို ရှေ့ဆက်နိုင်ရန် ခွန်အားပေးနေသော လောင်စာဖြစ်သည်။

ကျွန်ုပ်အတွက်မူ ဟိန္ဒူ တစ်ယောက်ဖြစ်ရခြင်းမှာ မနောမယ ပတ္တမြားကို ပိုင်ဆိုင်ရသည့်အလား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ထိုသို့ ဂုဏ်ယူခြင်းမှာလည်း အခြားသူများထက် သာလွန်သည်ဟူသော အတွေး မဟုတ်ပါ။ ဟိန္ဒူဘာသာ၏ နက်ရှိုင်းသော တွေးခေါ်မှုဆိုင်ရာ လွတ်လပ်ခြင်းနှင့် စကြာဝဠာ တစ်ခုလုံး၏ ဖြစ်တည်မှုအား လွှမ်းခြုံနိုင်စွမ်းတို့ကြောင့်ဖြစ်သည်။ အောက်တွင် ကျွန်ုပ် ထပ်မံ၍ ရှင်းပြခွင့်ပြုပါမည်။

ဟိန္ဒူဟူသော စကားလုံးမှာ *Sanskrit* သက္ကတဘာသာ ခေါ် *Sindhu* စီးဆင်းနေသော ရေပြင်ကျယ်ဟူသော အသုံးအနှုန်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ယခု အခေါ် အိန္ဒိယမြစ်၏ တစ်ဖက်ကမ်း *Sindhu* ဒေသတွင်း နေထိုင်သူ လူမျိုးစုပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ ပါဝင်သော လူ့အဖွဲ့ အစည်းကို ပါရှန်း ယခု *Iran* ဒေသမှ မျိုးနွယ်စုများ၏ အသံထွက် စကားလုံးဖြင့် ခေါ်ဆိုရာမှ *Hindu* ဟူ၍လည်းကောင်း၊ ဂရိတို့၏ ဝေါဟာရ အသံထွက်ဖြင့်ခေါ်ဆိုရာမှ *Indos* ဟူ၍လည်းကောင်း၊ ရောမလူမျိုးတို့၏အခေါ် *Indus* တို့မှ အခေါ်အဝေါ် သုံးမျိုးပေါင်းစပ်၍ *India* ဟူ၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ပါရှန်းနိုင်ငံ၏ အရှေ့ဘက်တွင် ရှိသော အိန္ဒိယမြစ် တစ်ဖက်ကမ်းရှိ လူမျိုးစုပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ပူးပေါင်းနေထိုင်ရာ တိုးတက်သည့် နယ်မြေဟူ၍ ဆိုလိုရင်း ဖြစ်သည်။ *Hinduism* ခေါ် ဟိန္ဒူ ဘာသာဖြစ်ပေါ်လာခြင်း မှာထိုဒေသကို ဗြိတိသျှတို့၏ အုပ်ချုပ်မှု သက်ရောက်ချိန် မှစတင်၍ ခေါ်ဆိုခြင်း ဖြစ်သည်။ လောကကြီး ဖြစ်တည်မှုကို လေ့လာချဉ်းကပ်ပုံ အမျိုးမျိုးနှင့် ယဉ်ကျေးမှုထုံးထမ်းစဉ်လာကွဲပြားသောဟိန္ဒူများ၏ကိုးကွယ်ယုံကြည်မှုမှာ *Sanatan Dharma* (သနာတနဓမ္မ) အဆုံးအစမရှိ၊ ထာဝရတည်သော ဓမ္မ၊ မှန်ကန်သောကျင့်ကြံနေထိုင်မှုဟူ၍ ဖြစ်သည်။ အကျယ်ဖွင့်ဆိုရမည်ဆိုသော် ဟိန္ဒူဓမ္မသည် တည်ထောင်သူ ပရောဟိတ် တစ်စုံတစ်ယောက်တည်း၏ ညွှန်ကြားချက်၊ စာအုပ်တစ်အုပ်၊ လမ်းညွှန်ချက် ဘောင်တစ်ခုမှ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ အတွေးအခေါ် ယူဆချက်ဆိုင်ရာ ကျမ်းများ၊ ဘာသာရေးဆိုင်ရာ ကျင့်စဉ်များ၊ ထုံးတမ်းစဉ်လာများမှ နှစ်ထောင်ပေါင်းများစွာ တိုးတက်ဖြစ်တည်လာသော သာသနာတရား ဖြစ်ပါသည်။

ဟိန္ဒူ ဘာသာသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဖြစ်ပြီး၊ ကမ္ဘာလောက၏ အဆုံးအစမဲ့ခြင်း၊ သံသရာ၏ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြား အဖန်တလဲလဲ ဖြစ်တည်မှုကို လက်ခံသော ဘာသာတစ်ခုပင်ဖြစ်သည်။ သုတေသီတို့ လက်ခံ ထားသည်မှာ အခြား ဘာသာတရားများသည် ဟိန္ဒူဘာသာအား အခြေခံ၍ ပေါ်ထွက်လာခြင်းဟူ၍ပင် ဖြစ်ပေသည်။

ဟိန္ဒူဘာသာ၏ အဓိက မဏ္ဍိုင်(၄)ခုမှာ -

(၁) *Dharma* (ဓမ္မ) မှန်ကန်သင့်မြတ်သော လမ်းစဉ်ကို ကျင့်သုံးနေထိုင်ရမည်။ ထိုသို့ မှန်ကန်သော လမ်းစဉ်ကို သိရှိနိုင်ရန် ကျမ်းဂန်စာပေများနှင့် ကျမ်းစာများကို သိနားလည်သော ပုရောဟိတ်များထံမှ တစ်ဆင့်သင်ယူနိုင်သည်။ သို့မှသာ ကျွန်ုပ်တို့သည် လောကတွင် မိမိဖြစ်တည်မှုနှင့် မိမိကောင်းကျိုး လောက ကောင်းကျိုးများကို ဓမ္မနှင့် ရှင်သန်နေထိုင်ရင်း တာဝန်ကျေပွန်စွာ သယ်ပိုးနိုင်သူများ ဖြစ်လာကြပေမည်။

(၂) *Artha* (အတ္ထ) လူသည် အတ္ထ နှင့် ရှင်သန်သောသူဖြစ်သည်။ သို့ရာတွင် အတ္ထကို ဓမ္မနှင့် ထိန်းချုပ်၍ မိမိစီးပွား ဥစ္စာလိုအပ်ချက်၊ ရုပ်ဝတ္ထုဆိုင်ရာပစ္စည်းချမ်းသာကို မှန်ကန်သောနည်းဖြင့် ရိုးသားစွာ ရှာဖွေ၍ လောဘဇောမကပ်ပဲ မိမိဘဝ၊ မိသားစု ဘဝကို ထောက်ပံ့နိုင်ရမည်။

(၃) *Karma* (ကာမ) ဘဝကို နှစ်သက်ခြင်း၊ ပျော်ရွှင်မှု၊ စိတ်ချမ်းသာခြင်း နှင့် ချစ်ခင်ကြင်နာမှု၊ စွဲလန်းမှုဆိုင်ရာ အလိုရမ္မက်ပြည့်စုံမှုတို့ကို အာရုံငါးပါးနှင့် ခံစားရာတွင်လည်း ဓမ္မဘောင်အတွင်းမှသာ မလွန်ကြူးစေဘဲ ခံစားစံစားရမည်။

(၄) *Moksha / Liberation* (လွတ်မြောက်ခြင်း/ အဆုံးစွန် လွတ်ငြိမ်းမှု) - ဟိန္ဒူများ၏ အမြင့်ဆုံး ပန်းတိုင်မှာ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၏ မပြတ်လည်ပတ် နေသော သံသရာ ဂုဏ်ယူရခြင်း အကြောင်းတရား၊

အထက်ပါအကြောင်းတရားများကို ကြည့်လျှင်ပင် ဟိန္ဒူဘာသာသည် ဤလမ်း၊ ဤကျင့်စဉ်မှ မှန်သည် ဟူ၍လည်းကောင်း၊ ငါကိုးကွယ်သည့် ဘုရားမှသာ အစစ်အမှန်ဟူ၍လည်းကောင်း၊ ငါမှန်သည်၊ ငါနည်းလမ်းကသာ အစစ်အမှန်ဟူသော တစ်ဖက်စွန်းရောက်ခြင်းမရှိချေ။ လူသား၏ ဖြစ်တည်မှုနှင့် တစ်ဦးခြင်း၏ ယုံကြည်မှုကို လေးစားပြီး၊ မတူကွဲပြားသော လူသားတစ်ဦးချင်းစီအတွက် ဘဝ နေထိုင်နည်း မှသည် လွတ်မြောက်ရာထိ လမ်းညွှန်ပေးသော တရားဖြစ်သည်။ ဟိန္ဒူဘာသာ၊ သနန္တနဓမ္မသည် ကြောက်စိတ်ကို ဖြစ်စေရန် မသင်ကြား။ ကြီးခြင်းငယ်ခြင်း ခွဲခြားမှုမထားဘဲ လူသားနှင့် လောကအတွက်သာ အကျိုးပြုရန် ရေးရှုသော ဘာသာအယူဝါဒ (ဝါ) ဘဝနေထိုင်နည်းပင်ဖြစ်သည်။

ဟိန္ဒူဘာသာသည် ဘုရားတစ်ဆူ၊ ကျမ်းတစ်စောင်၊ ပရောဟိတ်တစ်ပါး စသည်ဖြင့် တစ်စုံတစ်ခုတည်းကို ဗဟိုပြုသော အတ္တသဘောဆောင်သည့် ဘာသာမဟုတ်ပါ။ ဟိန္ဒူဘာသာ၊ သနန္တနဓမ္မသည် (၁) လူသား၏ မတူကွဲပြားမှုကို လက်ခံတတ်ရန် သင်ကြားပေးရုံမက၊ တစ်ပါးသူ၏ ယုံကြည်ရာ၊ ကျင့်ကြံရာကို လေးစားတတ် ရန်လည်း လမ်း-ပြပေးသည်။

(၂) အမိန့်မပေး၊ လမ်းပြပေးသော ဘာသာ ကြားဖူး နားဝ ပုံပြင်များဖြစ်လည်းကောင်း၊ တစ်စုံ တစ်ယောက်တည်း၏ ဟောပြောပို့ချချက်ဖြင့် လည်းကောင်း၊ အမှန်/အမှား၊ လုပ်သင့်/မလုပ်သင့်ကို ဆုံးဖြတ်ပေး ထားခြင်းမဟုတ်။ ယဉ်ကျေးမှုမျိုးစုံ၊ ကျမ်းဂန်များနှင့် ရှရီမဒ်ဘဂဝဒ်ဂီတာကျမ်းကဲ့သို့သော လူနေမှုကို ဖော်ညွှန်းသည့် စာပေများစွာ ဖြင့် ခေတ်အလိုက် လိုက်လျောညီထွေ ကျင့်ကြံနိုင်သော စည်းမျဉ်းများဖြင့် လမ်းပြပေးသော ဘာသာဖြစ်သည်။

(၃) လူသားမျိုးနွယ်စုတို့၏ ခိုလှုံရာ ဟိန္ဒူဘာသာသည် လူမျိုးစွဲ ဘာသာစွဲ မရှိ၊ ကမ္ဘာ့နိုင်ငံတို့၏ ဘာသာရေးခွဲခြားမှုနှင့် အတိုက်အခိုက်ခံရမှုတို့ကြောင့် တိမ်းရှောင် ထွက်ပြေးလာရသည့် ပါရှန်းလူမျိုးများသည် ဂူဂျာရတ်ပြည်နယ်တွင်စတင်အခြေချ၍ လည်းကောင်း၊ ဂျူးလူမျိုးများသည် ကေရဲလား အစရှိသော ပြည်နယ်တို့တွင် စတင်အခြေချ၍ လည်းကောင်း၊ ကိုယ်စိတ်လုံခြုံစွာဖြင့်နေထိုင်နိုင်ရုံမက မိမိတို့သက်ဆိုင်ရာ ဘာသာတရားကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကိုပါ ယနေ့ထိ ဆက်လက် လုပ်ဆောင် ကျင့်ကြံနေကြသည်မှာ ထင်ရှားသော သာဓက ပင်ဖြစ်ပါသည်။

(၄) ဘုရားရှင်နှင့် ကျမ်းဂန်များကိုပင် ပြန်လည် မေးခွန်းထုတ် နိုင်သော ဘာသာ - ဟိန္ဒူ၏ အရေးပါသော သမိုင်းဖြစ်စဉ်ဖြစ်သည့် ရာမယဏကျမ်းတွင် ရာမမင်းသည် ပြည်သူတို့၏ မေးခွန်းများကို ဖြေကြားရသည်။

ရှရီမဒ်ဘဂဝဒ်ဂီတာကျမ်းတွင်လည်း ကြိ(သျှ)ဏသည် အရ်ဂျုနနှင့်အတူ အခြားပြည်သူများ၏ မေးခွန်းထုတ် ဆွေးနွေးခြင်းကို ဖြေရှင်းရသည်။

ဘုရား နှစ်ပါးသည် လောက၏ တရားစီရင်မှုကို လိုက်နာကြရသည်။

(၅)မသိခြင်းကိုမြင်စေပြီး၊သိနားလည်မှုကို ရှာဖွေစေသော ဘာသာဖြစ်ပါသည်။

သံသရာ၏ အစဆုံးအစမဲ့ခြင်းနှင့် လူသား၏ ဉာဏ်ဖြင့် မတွေးခေါ်နိုင်ခြင်းကိုချပြသည်။ ဖန်ဆင်းရှင်ဝါဒကဲ့သို့ ပုံသေကားချပ်ဖြင့် အထောက်အထားမရှိ ပြောကြားခြင်းမပြုပေ။ *Rig veda*တွင် ရေးထားသည်မှာ လောက ကို တစ်စုံတစ်ယောက်က ဖန်တီးခဲ့သလော (သို့မဟုတ်) မဖန်တီးခဲ့သလော။ အမြင့်ဆုံးသော ကောင်းကင်ယံမှာ ကြီးကြပ်ကြည့်ရှုနေသူသည်သာလျှင် ဤအဖြေကို သိကောင်းသိပေလိမ့်မည်။ သို့မဟုတ်လျှင် .... သူပင်လျှင် မသိနိုင်ပေဟူ၏။

(၆) နှစ် ၅၀၀၀ကျော်ကပင် ဝိညာဉ်ရေးရာကို သိပ္ပံနည်းကျ ချဉ်းကပ်သည့် ဘာသာ။ ဟိန္ဒူဓမ္မ ဝိညာဉ်ရေးရာနှင့် သိပ္ပံဆိုင်ရာစပ်ဆက်မှုကို မြင်ရသည်။ ဥပမာအားဖြင့် ဝေဒကျမ်းဂန်လာ ယောဂကျင့်စဉ်များ၊ တရားရှုမှတ်သော နည်းလမ်းကျင့်စဉ်များ၊ သတိပဌာန် ကျင့်စဉ် *(awareness/-mindfullness)* စသော ကျင့်စဉ်များသည် ယနေ့ ၂၁-ရာစုခေတ်တိုင် လူသားတို့အား အကျိုးပြုလျက်ရှိသည်။

ဥပနိသျှဒ်ကျမ်းနှင့် ရှရီမဒ်ဘဂဝဒ်ဂီတာကျမ်းတို့သည်လည်း ခေါင်းဆောင်မှုဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အတွက် လေ့လာ၍ မကုန်နိုင်သော စာပေများဖြစ်သည်။

(၇) လူသားတိုင်း အတွက် သာသနာ တစ်စုံတစ်ယောက်သည် သနန္တနဓမ္မ လမ်းစဉ်များကိုလိုက်နာရန် မိမိမွေးဖွားရာ ဘာသာကို စွန့်လွှတ်ရန်မလိုပေ။ ဟိန္ဒူ၌ ဘာသာကူးပြောင်းပွဲ၊ ဘာသာခံယူပွဲ မရှိပေ။

ဟိန္ဒူဝါဒသည် ဖန်ဆင်းရှင်ရှိခြင်း၊ မရှိခြင်းကို မေးခွန်းထုတ် ရင်းပင် သင်သည် ရိုးသားသော ဟိန္ဒူ တစ်ယောက်ဖြစ်နိုင် ပေသည်။

နိဂုံးချုပ်အားဖြင့် ကျွန်ုပ်သည် ဆွာမိဝိဝေကာနန္ဒ၏ စကားဖြင့် နိဂုံးချုပ်ချင်ပါသည်။

ကမ္ဘာလောကကြီးကို သည်းခံနိုင်မှုနှင့် လူသားမျိုးနွယ်စု၊ အယူဝါဒမျိုးစုံကို နားလည်လက်ခံနိုင်မှု ဆိုသော *(Universal Tolerance + Universal acceptance)* ကို ပြသပေးသော ဘာသာရေး အယူအဆ၊ ပွင့်လင်းပြီး ပြန်လည် မေးခွန်း ထုတ်၍ ဝေဖန်ဆန်းစစ်ခြင်းကို လက်ခံနိုင်သော ဓမ္မတရားအောက်တွင် မွေးဖွား ရှင်သန်လာရခြင်းဆိုသော အချက်ကြောင့် ကျွန်ုပ်သည် ဟိန္ဒူဖြစ်ရခြင်းကို ဂုဏ်ယူမိပါသည်။ ❖

# ကျွန်တော်နှင့် ဆံဃသက်တမ်း (အာယု) နှစ် (၄၀)



ပညာနန္ဒ

၁၉၇၄-ခုနှစ် ကျွန်တော် သတ္တမတန်းတုန်းက ဖြစ်ပါသည်။ ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မတီမှ ကျွန်တော်နေထိုင်ရာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ မဟာမြတ်မုနိဘုရား ကုန်းပေါ်တွင် ဗုဒ္ဓဝင်ပြပွဲ လာရောက်ကျင်းပမည်ဟု ကြားသိရသဖြင့် တစ်မြို့နယ်လုံး အုံးအုံးကျွက်ကျွက်ဖြစ်နေကြပါသည်။ ပွဲတော်ကျင်းပရေး ကော်မတီဝင်များရောက်ရှိ လာချိန်တွင် ဆရာကြီး ဦးစိန်တင် (ခ) *Shri Ram Prakash Dhir* ဦးဆောင်သော သနာတန ဓမ္မပါလက ဟိန္ဒူ အဖွဲ့ချုပ်မှကျင်းပသော ပွဲဖြစ်သည်ဟု သိရသဖြင့် ကျွန်တော်တို့ ဟိန္ဒူမိသားစုဝင်များ အလွန်ဂုဏ်ယူဝမ်းမြောက်မိခဲ့ရပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဟိန္ဒူအမျိုးသမီးများမှ သက္ကတဘာသာဖြင့် မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ရမည်ဖြစ်ပါသည်။ ဆရာကြီး ကိုယ်တိုင် မင်္ဂလသုတ်ကိုအသံထွက် မှန်မှန်ကန်ကန်နှင့် ပီသစွာ ရွတ်ဖတ်နိုင်ရန်သင်ကြားပေးပါသည်။ ကျွန်တော်လည်း အစ်မများနှင့်လိုက်ပါ၍ သင်ယူခဲ့ရာ ယနေ့ထက်တိုင်မင်္ဂလသုတ်ကိုအာဂုံဆောင်နိုင်ဆဲဖြစ်ပါသည်။

တစ်နှစ်အကြာ၁၉၇၅-ခုနှစ်တွင် သနာတန ဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်၏ ဗလငါးတန်ဖွံ့ဖြိုးရေး နွေရာသီသင်တန်းကို ကျောက်တံခါးမြို့တွင် ကျင်းပပြုလုပ်မည်ဟု သိရသဖြင့် နမ့်ဆန်မြို့မှ ကျွန်တော်၊ အစ်ကိုဖြစ်သူ ဒူလာဆီလ်းနှင့် အတူ ကိုရူနလ်ကြီးတို့ ၃ ဦး တက်ရောက်ဖြစ်ခဲ့ပါသည်။

၎င်းသင်တန်းတွင် ဟိန္ဒူလူငယ်များစွာနှင့်ဆုံတွေ့ ရခြင်း၊ ဆွေးနွေးပွဲများတွင်ပါဝင်ခွင့်ရခြင်း၊ အားကစား ပြုလုပ်ခြင်း၊ ကဗဒ္ဒီးကစားခြင်းနှင့် ထမင်းစားချိန်တွင် ဆေဝါးလုပ်ရခြင်းတို့သည် ဘဝတစ်သက်သာ မမေ့နိုင်စရာများပင်ဖြစ်ပါသည်။

ထိုနှစ်မှစ၍ ဟိန္ဒူလူဦးရေ အလွန်နည်းပါးသော ကျနော်တို့နမ့်ဆန်မြို့တွင် ရှာခါးကိုစတင်ပြုလုပ်နိုင်ခဲ့ပါသည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျွန်တော်တို့ညီအစ်ကိုများ၊ တစ်ဝမ်းကွဲညီအစ်ကိုများ ကိုရူနလ်ကြီးတို့ အိမ်အောက်ထပ်တွင် ရှာခါးပြုလုပ်ကြပါသည်။ ကိုရူနလ်ကြီးမှာ နွေရာသီရက်တို သင်တန်း၂ - ကြိမ်တက်ရောက်ဖူးခြင်း၊ မန္တလေးမြို့တွင်နေထိုင်စဉ်ကလည်း မြို့မဝင်းရှာခါးသို့ သွားရောက်လေ့ရှိခဲ့ခြင်းကြောင့် ကျွန်တော်တို့အား ကောင်းမွန်စွာ သင်ကြားပြသပေးနိုင်ပါသည်။

တဆက်တည်းမှာပင် ဟိန္ဒူဓမ္မ သင်ကြားပို့ချရေးကော်မတီမှ ပြုလုပ်ကျင်းပသော နွေရာသီသင်တန်းကိုလည်း တက်ရောက်ကာ ဟိန္ဒူဓမ္မ စာမေးပွဲကို မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါသည်။နောင်နှစ်များတွင်လည်း ဆက်လက်ဖြေဆိုခဲ့ရာ ဟိန္ဒူဓမ္မ အပိုင်း (၃) ထိ ထူးချွန်စွာ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ တစ်နိုင်ငံလုံးအဆင့် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့၍ ဆုပေးပွဲ အခမ်းအနားကိုလည်း ကျင်းပဖြစ်ခဲ့ကြပါသည်။ (၂၀၁၂-ခုနှစ်နမ့်ဆန် မီးဘေးတွင် မှတ်တမ်း ဓါတ်ပုံများ၊ ဆုတံဆိပ်များ အားလုံးဆုံးရှုံး သွားခဲ့ပါသည်)။

၁၉၇၇-ခုနှစ်၊ ကျွန်တော် ဆယ်တန်းအောင်မြင်ခဲ့ချိန်တွင် ကျွန်တော်တို့မြို့၌ ရှာခါးပြုလုပ်နိုင်ခြင်းမရှိတော့ပါ။ လူငယ်များ အခြားမြို့များသို့ ပြောင်းရွှေ့သွားကြခြင်း၊ လုပ်ငန်းခွင်တို့ ဝင်ရောက်သွားကြခြင်းတို့ကြောင့် ဖြစ်မည်ထင်ပါသည်။

၁၉၇၁-ခုနှစ်တွင်ရူပဗေဒအထူးပြု ပထမနှစ် ကျောင်းသားအဖြစ် ကျွန်တော် လားရှိုးကောလိပ်တွင် တက်ရောက်ခဲ့ရပါသည်။ ကောလိပ်တွင် ဟိန္ဒူ ကျောင်းသားဦးရေနည်းပါးသော်လည်း စန္ဒီမယ်တော်ပူဇော်ပွဲကို ၉-ရက်တိုင်တိုင်ကျင်းပချိန်တွင်ညစဉ် ဘုရားကျောင်းသို့ သွားရောက်၍ အာရတီးပြုလုပ်ခြင်း၊ ဗုံတီးခြင်းများကို ပြုလုပ်ရသဖြင့် အလွန် ပျော်ရွှင်ခဲ့ရပါသည်။

ဆေဝါးပြုလုပ်ရသည်ကို ကြိုက်နှစ်သက်သောကျွန်ုပ်သည် ရှန်ခိုက်ပွဲတော် အချိန်တွင်လည်း သွားရောက် လုပ်အားပေးခဲ့ပါသည်။

လားရှိုးကောလိပ်တွင် ၂-နှစ်တာပညာသင်ကြားပြီးနောက်၊ မန္တလေးတက္ကသိုလ်သို့ ၁၉၇၃-တွင်ပ-နှစ် ဂုဏ်ထူးတန်းကျောင်းသားအဖြစ် စတင်ရောက်ရှိလာပါသည်။ *Hindu Students Society* ၏ဖိတ်ကြားခြင်းကြောင့် အသင်းကိစ္စများကို တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ရာ ဒု-ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပါသည်။ ထိုအချိန်ထိ *Sangh* နှင့် အဆက်အသွယ် လုံးဝမရှိခဲ့ပါ။

ကျွန်တော်၏ အစ်ကိုဖြစ်သူ ဦးဆူဘတ်ချန္ဒရာဆီလ်းသည် ၂၀၂၀-မတိုင်မီ ကာလများ၌ မန္တလေး ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေးကော်မတီ၏ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ဟိန္ဒူဓမ္မ စာမေးပွဲဖြေဆိုချိန်တွင်လည်းကောင်း၊ ဆုပေးပွဲအခမ်းအနား ကျင်းပရာအချိန်ကာလများ၌လည်းကောင်း၊ ကျွန်တော်လည်းသွားရောက် ကူညီလုပ်ဆောင်ပေးခဲ့ရဖူး

ထိုကာလများ၌ ကျွန်တော်၏ တူတော်မောင် ၂-ယောက်ကိုလည်း ဗလငါးတန်ဖွံ့ဖြိုးရေးသင်တန်းသို့ စေလွှတ်ပေးခဲ့ဖူးပါသည်။သို့သော်လည်း *Sangh* နှင့် ပတ်သက်၍ မည်သို့မျှ ပါဝင်ဆက်စပ်ခဲ့ဖူးခြင်းမရှိခဲ့ပေ။

၂၀၂၃-ခုနှစ် သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့၏ ဗလငါးတန်ဖွံ့ဖြိုးရေး နှစ်ပတ်လည် သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့တွင် ကျင်းပပြုလုပ်မည်ဟု ကြားသိရသဖြင့် ကျွန်တော်လည်း လျှောက်လွှာတင်ဖြစ်ခဲ့ရာ၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုးမှဆွယံစေဝကများနှင့်အတူ ညရထားစီးပြီးရန်ကုန်သို့ ထွက်ခွါခဲ့ကြပါသည်။ နေ့လည်စာအား မန္တလေးကော်မတီမှ ထမင်းဘူးများ စီစဉ်ပေးခဲ့ပြီး၊ ညနေစာကို ကျောက်တံခါးမြို့ အမှုဆောင်များက ဘူတာရုံသို့ လာရောက် ပို့ဆောင်ပေးခဲ့ပါသည်။ သန်လျင် မင်္ဂလာဓမ္မရိပ်သာတွင် သင်တန်းသားများ၏ ဖုန်း၊ ငွေကြေးနှင့် တန်ဖိုးကြီး ပစ္စည်းများအား ထိန်းသိမ်းရသောတာဝန်ကို ကျောက်တံခါးမှ *Shri Sonapati ji* နှင့် တွဲဖက်တာဝန်ယူခဲ့ရပါသည်။

သင်တန်းပြီးဆုံးသွားချိန်တွင် သနန္တန ဓမ္မပါလကအဖွဲ့၏ မြောက်ပိုင်းဇုံ ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပါသော်လည်း မိမိအနေဖြင့် တာဝန်ကိုကျေပွန်အောင် မထမ်းရွက်နိုင်မည်ကိုစိုးရိမ်ပြီး၊ မြောက်ပိုင်းဇုံ၏ ဆက်သွယ်ဆက်ဆံရေး တာဝန်ခံအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၄-နှစ်ပတ်လည် သင်တန်းသို့လည်း တက်ရောက်ခဲ့ရာ သင်တန်းတစ်ခုလုံးကို စီမံဆောင်ရွက်နေသော *Shri V.Mohan Rao Ji* နှင့်အတူ တွဲဖက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ရပါသည်။ သင်တန်းဆင်းပွဲတွင်လည်း အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ခဲ့ရပါသည်။

၂၀၂၅-ခုနှစ် မတ်လတွင်အင်အားပြင်းလျှင်လှုပ်ခတ်ခဲ့ရာ ကျွန်တော့်အနေဖြင့် နှစ်ပတ်လည်သင်တန်းသို့ သွားရောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့သော်လည်း *SDSS* ၏ ဆက်စပ်အဖွဲ့အစည်းတစ်ခုဖြစ်သော *Hindu Family Relief Group HFRG* နှင့်အတူ မန္တလေးမြို့ရှိ ရှရီအမ်ဘီကာ ဘုရားကျောင်းနှင့် စစ်ကိုင်း *Shiva Temple* တို့တွင်သက်သတ်လွတ် ထမင်းဟင်းများ ချက်ပြုတ်၍ ပြည်သူများအား ဝေငှခြင်းလုပ်ငန်းကို တစ်လနီးပါး ကူညီဆောင်ရွက်ပေးခဲ့ရပါသည်။

၂၀၂၅-ခုနှစ် *Sangh* ၏ ဗဟိုကော်မတီ ခြောက်လပတ်အစည်းအဝေးကို ပြင်ဦးလွင်ရှိ ပဋ္ဌဝတီယောဂ စင်တာတွင် ၂-ရက်တာ ကျင်းပခဲ့ပြီး၊ ၎င်းအစည်းအဝေးတွင် သနန္တန ဓမ္မပါလကအဖွဲ့ချုပ်၏ တွဲဖက်ဉာဏမှူး တာဝန်ပေးခြင်းခံရပါသည်။ ဤတာဝန်ကိုထမ်းရွက်ရန် လုံလောက်သော အရည်အချင်း မိမိတွင်မပြည့်မီနိုင်ဟု ယူဆပါသော်လည်း မာနနိယ ဆံဃကျာလက် (ဥက္ကဋ္ဌကြီး)၏ တိုက်တွန်းမှုဖြင့် ကြိုးစားအားထုတ်ပါမည်ဟု ကတိပြုခဲ့ပါသည်။ ထို့နောက် မိမိ၏ မူလကျောင်းဆရာအလုပ်ကို လုပ်ကိုင် ဆောင်ရွက်လျက်ပင် ကြိုးစားသင်ယူ လေ့လာကာ *Sangh* ၏ အစီအစဉ်များတွင် မိန့်ခွန်းပြောကြားရခြင်း၊ ၇၅-နှစ်ပြည့်အထိမ်းအမှတ်ပွဲများတွင် ပါဝင်ဆောင်ရွက်ရခြင်း၊ ဒေါက်တာမိုဟန်ကြီး၏ အောက့်မေ့ဖွယ်အခမ်းအနားတွင် အခမ်းအနားစီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ရခြင်းများကို လုပ်ခဲ့ရပါသည်။

*India* နိုင်ငံတွင် *Rastriya Swayamsevak Sangh* ၏ နှစ် ၁၀၀-ပြည့်အခမ်းအနား နှင့် *Vishwa Sangh Shivir (VSS)* ၂၀၂၅ - ကို ဒီဇင်ဘာလ၌ ကျင်းပပြုလုပ်ခဲ့ရာ ကျွန်တော်တို့ ညီအစ်ကိုအပါအဝင် မြန်မာပြည်မှ ၇၉-ဦး တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံပေါင်း ၇၀-ကျော်မှ ဟိန္ဒူညီအစ်ကို မောင်နှမများနှင့် ၅-ရက်တာ တွေ့ဆုံဆွေးနွေးခဲ့ကြရာ မှတ်သားဖွယ်ရာ ဗဟုသုတများစွာ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း သနန္တန ဓမ္မပါလကအဖွဲ့ချုပ်၏ ၇၅-နှစ်ပြည့်အထိမ်းအမှတ် ဟိန္ဒူအမျိုးသားများတွေ့ဆုံပွဲကို ၂၀၂၆-ခုနှစ် မတ်လ ၂၈-ရက်နှင့် ၂၉-ရက်နေ့များတွင် ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ တဝှမ်းမှ ဟိန္ဒူညီအစ်ကို ၁၇၀-ကျော် တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် *panelist* ၃-ဦးနှင့် *moderator* ၁-ဦး ပါဝင်သော အဖွဲ့ ၄ - ဖွဲ့ မှ

(၁) ဂုဏ်ယူစွာပြောမှာ ကျွန်ုပ် ဟိန္ဒူပါ။
(၂) ဟိန္ဒူ ဓမ္မ၊ စာပေ၊ ယဉ်ကျေးမှု၊ အမွေအနှစ်များ အစဉ်ထွန်းလင်း တောက်ပစေရန်မည်သို့ ဆောင်ရွက်ကြမည်နည်း။
(၃) နောင်အနာဂတ်တွင် ကြုံတွေ့လာမည့်စိန်ခေါ်မှုများကို မည်သို့ကိုင်တွယ် ဖြေရှင်းကြမည်နည်း။
(၄) မိသားစု၊ လူမှုရေးတာဝန်၊ အသိုင်းအဝိုင်းဖွံ့ဖြိုးမှုအတွက် မည်သို့ဆောင်ရွက်ကြမည်နည်း။

စသည့် ခေါင်းစဉ် ၄-ခုဖြင့် ဆွေးနွေးပွဲအစီအစဉ်များကို ကျင်းပပြုလုပ်ခဲ့ပါသည်။ စာရေးသူ အနေဖြင့်လည်း *moderator* အဖြစ်ပါဝင်ဆောင်ရွက်ခဲ့ရပြီး၊ *panelist* များအဖြစ် မန္တလေးမြို့မှ စာရေးဆရာ ချယ်ရီမြေမောင်တင်ထွန်း၊ ကျောက်တံခါးမြို့မှ တရားလွှတ်တော်ရှေ့နေ ရှရီဆူနီလ်ကူမား(ရ်)၊ စာရေးဆရာမောင်သုကုလ (ခ) ကိုမောင်မောင်စသူတို့မှ ဆောင်ရွက်ပေးခဲ့ကြပါသည်။

ယခုကဲ့သို့သော တွေ့ဆုံပွဲကို မကျင်းပဖြစ်ခဲ့သည်မှာ နှစ်ပေါင်း၅၀-ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ (၄၅) ကော်လံ (၂)သို့



# ချိုမြိန်လဟော်



ဗုဒ္ဓမြတ်ဘုရားရှင်အားဦးညွှတ်လျက်
ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသူ
မောင်မောင်သင်း(အင်းစိန်)

လူ နတ် ဗြဟ္မာတို့၏ သုံးလူ့ရှင်မင်းဖြစ်သော ဗုဒ္ဓမြတ်စွာ သောဘဝဝါသည် လောဘ၊ ဒေါသ၊ မောဟများ ဝိုင်းရံနေသော လောကီသား ဝေနေယျများအား လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်း မဟာကရုဏာဖြင့် ကယ်တင်လာသည်မှာ ဗုဒ္ဓဘာသာဝင်များအားလုံး သိရှိကြပြီးဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ပြည့်နှက်နေသော ကျွဲလူးအိုင်တိုင်းမှာ ခရီးတစ်ထောက်မျှ မနားဘဲ နိဗ္ဗာန် ချမ်းသာရာတွေရှိတဲ့ မေတ္တာအိုင်မှာ ပျော်မွေ့ကြပြီး၊ အသိသတိဖြင့် စဉ်းစားတွေးခေါ်၍ ကောင်းတာဟူသမျှကို ရယူခြင်းဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား ဦးညွှတ်ကန်တော့ရာ ရောက်၏။

ယခုကဲ့သို့ တိုးတက်နေသော ခေတ်ကြီးတွင် မွေးဖွားကြီးပြင်းလာကြသော လူငယ်၊ မောင်မယ်များ အနေဖြင့် ဗုဒ္ဓ၏ တရားတော်များကို ဖတ်ရ၊ လေ့လာရ၊ နာကြားရကြ၏။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များသည် ခါးသွားပမာ ထက်မြက်နေ၏။

ဘုရားရှင်က မည်သည့်ကိစ္စမဆို ဥဒ္ဓ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်မှသာလျှင် မျှော်မှန်းရာ ပန်းတိုင်သို့ ရောက်တတ်ကြောင်း သာဓကအားဖြင့် မဟာဇနက ဇာတ်တော်အား နှလုံးသွင်းသင့်ကြောင်း၊ ဘာပဲလုပ်လုပ် ကံ(၅)ငါးပါးကို လုံရန်၊ သရဏဂုံ(၃)ပါးကို လက်ကိုင်ထားရှိကြရန် နှင့် အနန္တော အနန္တ...ငါးပါးကို ရင်ဝယ်ပိုက်ထားကြရန် ဟောပြော မိန့်မှာခဲ့၏။

လူမှန်းသိတတ်စကစပြီး မိမိဖြစ်ချင်သည့် ရည်ရွယ်ချက်ကိုယ်စီရှိရာ မြတ်စွာဘုရား၏ တရားတော်များမှာ မဟာ တံတိုင်းကြီးသဖွယ် ဖြစ်နေပြီး၊ စာတမ်းမထိုး မကြေငြာဘဲ ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးအိမ်ထဲတွင် ကိန်းအောင်းနေပြီး ကျင့်ကြံပြုမူ နေထိုင်ကြရန် လိုအပ်ပေသည်။

ဗုဒ္ဓမြတ်ဘုရား၏တရားတော်များမှာ ချိုမြိန်လှ၏။ သုံးတတ်၊ စားတတ်လျှင် နိဗ္ဗာန်ကို မျက်စပစ်ခွင့် ရရှိနိုင်၏။ ဗုဒ္ဓ၏ တရားတော်များမှာ လူသတ္တဝါများအပေါ် ကမ္ဘာတည်သရွေ့ မေတ္တာမိုးများ အရှိန်ကောင်းကောင်းဖြင့် ရွာသွန်းနေမည်မှာ ဧကန်မလွဲဖြစ်၏။

သနန္တန ဓမ္မပါလက အဖွဲ့တွင် အဓိကအားဖြင့် လူငယ်များ ဗလင်းတန် ဖွံ့ဖြိုး၍ ယဉ်ကျေးလိမ္မာမှုရှိပြီး၊ အနာဂတ်တွင် ဗုဒ္ဓ၏ တရားတော်များဖြင့် ပျော်မွေ့လျက် ဗုဒ္ဓဘာသာကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်စေခြင်း အလို့ငှာ ဗုဒ္ဓဝင်ပြခန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓဝင်ပြခန်းများကို မြန်မာပြည်ရှိ အနယ်နယ် အရပ်ရပ်တွင် ဖွင့်လှစ်ခဲ့သည်သာမက နိုင်ငံခြားတိုင်းပြည်များ တွင်လည်း ဖွင့်လှစ်ခဲ့ပါသည်။

ဗုဒ္ဓဝင်ပြခန်းကိုရောက်ရှိလျှင် ဘုရားမွေးဖွားတော်ရာမှ ပရိနိဗ္ဗာန်စံသည်အထိ ပန်းချီကားချပ်ဖြင့် ပြသထားခြင်းဖြစ်ရာ စာဖတ်၍ သိရသော အသိ၊ နားကကြားရသော အသိများကို မျက်ဝါးထင်ထင် တွေ့ရခြင်းဖြစ်ခြင်းကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အား လေးစားသည်ထက်လေးစားပြီး၊ ကြည်ညိုသည်ထက် ပိုမိုကြည်ညိုမှုများ ဖြစ်ပေါ်လာရပါသည်။

သနန္တန ဓမ္မပါလကအဖွဲ့မှ ဗုဒ္ဓဝင်ပြခန်းများကို ဖွင့်လှစ်ပြသခဲ့ခြင်းမှာ ယခုဆိုလျှင် နှစ်ပေါင်း (၇၀)နှစ်တိုင်ခဲ့ပြီး၊ အဖွဲ့မှ ဌာန်(၆)ဌာန် အပိုင်း(၆)ပိုင်းခွဲ၍ လုပ်ငန်းဆောင်တာများကို ပြုလုပ်လျက်ရှိ၏။

သနန္တန ဓမ္မပါလကအဖွဲ့၏ သက်တမ်းမှာ ၂၀၂၅ခုနှစ်တွင် နှစ်ပေါင်း ခုနစ်ဆယ့်ငါးနှစ်ပြည့်သည့်အချိန်တွင် မမျှော်လင့်ဘဲ ဗုဒ္ဓမြတ်စွာဘုရားနှင့် ပါတ်သက်၍ ခံစားပီတိဖြစ်မှုတွေကို စာတစ်ကြောင်း ပေတစ်ကြောင်း ရေးခွင့်ပေးခဲ့ကြသည့် သနန္တန ဓမ္မပါလကအဖွဲ့မှ တာဝန်ရှိလူကြီးများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျွန်တော့်အနေဖြင့် သက်ရှိထင်ရှားရှိသည်အထိ သနန္တန ဓမ္မပါလက အဖွဲ့အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ကူညီသွားမည်ဖြစ်ပါသည်။

ကောင်းကျိုးမျှော်တွေး
နှောင်လာနောက်သားများအရေး
ကာလကာဖွင့်ကာ
ပြသလျက်ရှိသည့်
ဗုဒ္ဓဝင်ပြခန်းများ
စဉ်ဆက်မပြတ်
ဖွင့်လှစ်ပြသနိုင်ပါစေ။

# သက်သတ်လွတ်စားခြင်းနှင့် အကျိုးကျေးဇူးများ



အဲန်ဂျီး - မော်လမြိုင်မြို့

ယနေ့ ကမ္ဘာတွင် လူအများအပြားသည် ကျန်းမာရေး ကောင်းမွန်စေရန်၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ရန်နှင့် သနားကြင်နာမှုစိတ်ကို တိုးပွားလာစေရန် ရည်ရွယ်၍ သက်သတ်လွတ်စားသုံးမှုကို ရွေးချယ်လာကြပါသည်။

သက်သတ်လွတ်စားခြင်းဆိုသည်မှာ တိရစ္ဆာန်၏ အသားများ၊ ငါး၊ ပုဇွန်တို့ကို မစားဘဲ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုးနှင့် အဟာရပြည့်ဝသော သဘာဝအစားအစာများကို အဓိကထား စားသုံးခြင်း ဖြစ်ပါသည်။ ဟင်းက လူတို့၏ ကျန်းမာရေး၊ လူမှုဘဝနှင့် သဘာဝ ပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်ပါသည်။

သက်သတ်လွတ်စားခြင်းသည် ကျန်းမာရေးအတွက် အလွန်ပင် အကျိုးထူးလှပါသည်။ ဟင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပဲအမျိုးမျိုးတွင် ဗီတာမင် သတ္တုဓါတ်၊ ဖိုင်ဘာ များစွာပါဝင်သဖြင့် ကိုယ်ခံအား ကောင်းမွန်စေပြီး အစာခြေစနစ်ကို ကောင်းမွန်စေပါသည်။ ထို့ပြင် အဆီဓါတ် နည်းပါးသောကြောင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် အဝလွန်ရောဂါများကို လျှော့ချပေးနိုင်ပါသည်။ အသားစားမှ အားရှိသည်။ အသားမစားပါက ကျန်းမာရေး ချို့ခြာမည်ဟူသည့် မှားယွင်းသော အတွေးအခေါ်များကလည်း သက်သတ်လွတ်စားလိုသောစိတ် ရှိနေသည့်တိုင် မစားနိုင်အောင် ဟန့်တားလျက်ရှိပါသည်။ သို့သော် ယင်းကား မှန်ကန်မှုမရှိကြောင်းကို ကျန်းမာသန်စွမ်း၍ အသိဉာဏ် ထက်မြက်လှသော ကမ္ဘာကျော် သက်သတ်လွတ် စားသူများဖြင့် သက်သေထူနိုင်ပေသည်။ ကမ္ဘာကျော် ဂရိ သင်္ချာနှင့် သိပ္ပံပညာရှင် ပိုက်သာဂိုရပ်စ်သည် သက်သတ်လွတ် စားသူတစ်ဦး ဖြစ်ရုံမျှမက အသားကို မစားသင့်ကြောင်းကိုပါ ပညာပေး ပြောကြားခဲ့ပါသည်။ ထို့အပြင် ဂျာမဏီ ရူပဗေဒ နှင့် သိပ္ပံပညာရှင် အဲ(လ်)ဘတ် အိုင်းစတိုင်း(န်) *(Elbert Einstein)*၊ ကမ္ဘာကျော် ပန်းချီ ဆရာကြီး လီယိုနာဒို ဒါဗင်ချီတို့သည်လည်းသက်သတ်လွတ် သမားများဟု ဖတ်ရှုရပါသည်။

မြန်မာနိုင်ငံတွင်လည်း ထင်းရှားကျော်ကြားသော ဆရာတော်ကြီးအများစုမှာ သက်သတ်လွတ်စားသုံးကြသူများပင် ဖြစ်ပါသည်။ "စားသုံးသူရှိနေလို့သာ သတ်သူရှိနေရတာ စားသုံးသူမရှိက ဘယ်သူတွေ သတ်တော့မလဲ"ဟု သာမည ဆရာတော်ကြီးက ဟောကြားလေ့ ရှိခဲ့ပါသည်။

သက်သတ်လွတ်စားခြင်းသည် စိတ်ကျန်းမာရေး အတွက်လည်းများစွာ အထောက်အကူ ဖြစ်စေသည်။ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်၏။ စိတ်တည်ငြိမ်မှု၊ စိတ်ချမ်းသာမှုနှင့် အိပ်စက်မှု ကောင်းစေပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုမှာ အသားထုတ်လုပ်မှုကြောင့် ရေသုံးစွဲများခြင်း၊ သစ်တောများပျက်စီးခြင်းနှင့် လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်သည်။ ဟင်းသီးဟင်းရွက်အစားအစာများကို ပိုမိုစားသုံးခြင်းဖြင့် သဘာဝအရင်းအမြစ်များကို သက်သာစေပြီး၊ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းနိုင်ပါသည်။ ထို့အပြင် သက်သတ်လွတ်စားခြင်းသည် လူတို့အတွင်း သနားကြင်နာမှုနှင့် မေတ္တာစိတ်ကို တိုးပွားစေသည်။ ရှင်လန်း ပေါ့ပါးလန်းဆန်းစေပါသည်။ *Lacto Vegetarian* (ခေါ်) သက်သတ်လွတ် စားသုံးကြသူများ၍ အထူးခြားဆုံးမှာ သာမန် သား၊ ငါး စားသုံး သူများထက် ပိုမို ကျန်းမာ သွက်လက် နေခြင်းပင် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် သက်သတ်လွတ် စားခြင်းသည် ကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ စိတ်ကျန်းမာရေးကို တိုးတက်စေခြင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် သနားကြင်နာမှုများကို မြှင့်တင်စေခြင်းတို့ကြောင့် လူ့ဘဝအတွက် အကျိုးရှိသော အစားအစာ ရွေးချယ်မှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မိမိတို့ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် တိရစ္ဆာန်တို့အား သနားကြင်နာ၍ သက်သတ်လွတ် အစားအစာများကို ပိုမို စားသုံးကြရန် သင့်ပါသည်။



# လူငယ်ကောင်းမှ လူကြီးကောင်းမယ်



*B.Ramesh Kumar* @ ဆန်းမင်းနိုင်

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးတွင် အနာဂတ်လူငယ်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပေသည်။ နိုင်ငံတော် တည်ဆောက်ရာတွင်လည်း အသက်သွေးကြော ပမာ အရေးကြီးပြီး၊ အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ဘာသာ၊ သာသနာ တစ်ခုတွင်လည်း အနာဂတ်လူငယ် များ၏ အရေးကို လွန်စွာ ဂရုစိုက်ပြုစုပျိုးထောင် ပေးကြရမည်သာ ဖြစ်ပါသည်။

ထိုလူငယ်ကဏ္ဍကို ဟိန္ဒူဘာသာတွင် ဘာသာရေး၊ လူမှုရေးအသင်း အဖွဲ့များအနက် ကျွန်ုပ်တို့၏ သနာတန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် အနေဖြင့် လူငယ်များကဏ္ဍ နှင့်ပတ်သက်၍အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်ကို လက်တွေ့မြင်တွေ့ကြမည်ဖြစ်ပါသည်။

လူငယ်များအတွက် ရက်တို ရက်ရှည် ဗလငါးတန် သင်တန်းများ ဖွင့်လှစ်ပေးကာ လူငယ်များ ကျန်းမာဖွံ့ဖြိုး ရှင်သန်ရေး၊ ဉာဏ်ပညာတိုးတက်ကောင်းမွန် လာစေရေး၊ မှန်ကန်သော စီးပွားဥစ္စာများ ရှာဖွေ သိမ်းဆည်းလျက် သေချာ၍ အောင်မြင်သောဘဝကို တည်ဆောက်နိုင်ခြင်း၊ မိတ်ဆွေ အပေါင်းအသင်းပေါများခြင်း၊ လူအများကို ပေါင်းသင်း စည်းရုံးနိုင်ခြင်းနှင့် အကျင့်သီလကောင်းများ ပိုင်ဆိုင်သော လူငယ်များဖြစ်လာစေရန် ရည်သန်ပြီး၊ ဗလငါးတန် သင်တန်းများ ပို့ချကာ မိမိ အမျိုးဘာသာနှင့် ယဉ်ကျေးမှု အမွေအနှစ်ကောင်းတို့ကို ချစ်မြတ်နိုးစိတ် နိုးကြားလာစေရန် သင်ကြားပို့ချပေးလျက်ရှိပါသည်။

ဆွာမီဝိဝေကာနန္ဒအရှင်မြတ်၏ လူငယ်များနှင့် ပတ်သက် သည့် ဆိုဆုံးမစကားများကို အနည်းငယ် တင်ပြပေး ချင်ပါတယ်။ "နေ့အခါ နေမင်းက အလင်းဆောင်မယ်၊ ညအခါ လမင်းက သာလွန်အေးမြမယ်၊ သုံးလောကကို ဘုရားရှင် သာသနာနဲ့ အလင်းဆောင်မယ်၊ အနာဂတ်ကြီး ကိုတော့ လူငယ်တွေကသာ အလင်းဆောင်မည်"ဟု မိန့်မှာ ခဲ့သောကြောင့် လူငယ်များသည် အလွန်တရာ အရေးကြီး ပေသည်။ အနာဂတ် ဘာသာသာသနာ၊ နိုင်ငံတော်အတွက် မှန်ကန်စွာဖြင့် အလေးထားတာ ပြုစုပျိုးထောင်ပေး သွားကြရမှာ ဖြစ်ပါတယ်။

လူငယ်များရဲ့ စာရိတ္တ မဏ္ဍိုင်ကိုလည်း သေချာစွာ တည်မတ်ပေးဖို့ရန် လိုအပ်လှပါတယ်။ ဆွာမီကြီးပြောကြားသည်မှာ "ချမ်းသာမှု ဆုံးရှုံးသွားလို့ ဘာမှ မဆုံးရှုံးသေးပါဘူး။ ကျန်းမာရေးဆုံးရှုံးရင်တော့ အနည်းငယ် ဆုံးရှုံးနေပြီဖြစ်ပါတယ်၊ ဒါပေမယ့် စာရိတ္တ ဆုံးရှုံး သွားရင်တော့ ထိုသူဟာတစ်ဘဝလုံးဆုံးရှုံးတာနဲ့ တူပါတယ်"- လို့ မိန့်မှာခဲ့ပါတယ်။

နောက်တစ်ခုမိန့်မှာခဲ့သည်မှာ "ထလော့၊ နိုးကြားလော့၊ မိမိတို့ပန်းတိုင်ကို မရောက်မချင်း လှမ်းကြလော့"ဟု လူငယ်များကို အမြဲတက်ကြွနေစေရန် နိုးဆော်မိန့်မှာမှုများ ရှိခဲ့ပါတယ်။

ရှိသေလေးစားအပ်ပါသော သူတော်စင်ဓမ္မမိတ်ဆွေ အပေါင်းတို့ ခင်ဗျား၊ လူငယ်များကို *Tripple (P) Defending System* ဖြစ်တဲ့ *Pick up, Pull up, Push up* ကိုစည်းရုံးခေါ်ယူ သင်ကြားပို့ချကာ ကျွန်ုပ်တို့ ဘာသာ အမျိုးသား ထုကြီးထဲ စည်းရုံးစေခြင်းကို ဆောင်ရွက်နိုင်မှ သာလျှင် အနာဂတ်တိုးတက်နိုင်မှာလည်းဖြစ်ပါတယ်။

လူငယ်များကဏ္ဍ ဖွံ့ဖြိုးတိုး တက်လာစေရန်ဟု ဆိုအပ် သော *promotion, preservation protection,* မိမိဘာသာ စာပေ ယဉ်ကျေးမှုများကို အဆင့်မြင့်တင်ခြင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း များကို အမြဲမပြတ်လုပ်ပေးနေရမည်သာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဟိန္ဒူအမျိုးသားစုကြီး တစ်ခုလုံးကို စမတ်ကျစေရန်ယနေ့ လူကြီးရော၊ လူငယ်တွေပါ *Systematic* ဟုဆိုအပ်သော စည်းကမ်းပြည့်ဝစေခြင်း။ *method* ဟုဆိုအပ်သော နည်းပညာများပိုင်ဆိုင်မှု၊ *Active* တက်ကြွလှုံ့လရှိခြင်းနှင့် လုပ်ဆောင်နိုင်တဲ့ အရည်အချင်း များရှိခြင်း၊ မိတ်သဟာရ ဖွဲ့တတ်ခြင်းနှင့် စည်းလုံးမှုကို ဖော်ဆောင်နိုင်ခြင်း၊ အချိန်ကို ခွဲခြမ်း စိတ်ဖြာကာ တန်ဘိုးထား လေးစားပြီး၊ အချိန်၏ တန်ဘိုးကို နားလည် ခြင်းတို့သည် လူ့စွမ်းအားနှင့် လူ့အသိုင်းအဝိုင်း အတွက် လွန်စွာ အရေးကြီးသော အချက်အလက်များဖြစ်ကြပါသည်။

လူငယ်တို့အား မိမိကိုယ် မိမိကောင်းအောင် ပြုစု ပျိုးထောင်ခြင်း၊ မိမိအသိုင်းအဝိုင်း တစ်ခုလုံးအား ကောင်းမွန်စွာ ပြုစုပျိုး ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက် ထွန်းကားအောင် ကြိုးစားအားထုတ်ခြင်းနှင့် ထာဝရဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် တို့ကိုသိရှိနားလည်ပြီး ဘုရားရှင်၏ သားသမီးများ ဖြစ်ကြသော သတ္တဝါ အနန္တတို့အား

အလုပ်ကျွေးပြုကာ ဘုရားရှင်၏ ကျေးဇူးတော်ကို ဆပ်ခြင်းဟူသော လုပ်ငန်းစဉ်များကို လူငယ်များမှန်ကန်စွာ ကျင့်ကြံအားထုတ်ကြရပေမည်။

ယနေ့ လူငယ်များအနေဖြင့် "လေးပါးအရွယ် သတိထားကွယ်" ဟူသော ဟိန္ဒူ ဆိုဆုံးမမှုကိုလည်း နားလည်ထားရပေမည်။ ပထမအရွယ်ဖြစ်သော ဗြဟ္မကျရ်ယအာရှရမ်တွင် ပညာကိုသင်ကြား တတ်မြောက်အောင်ကြိုးစားပြီး၊ လူကောင်း လူတော်များဖြစ်အောင် ကြိုးစားကြရမည်။ တဖန် ဒုတိယအရွယ်ဖြစ်သော ဂြိဟ(ဆ်)ထအာရှရမ်တွင် ဥစ္စာ ပစ္စည်းရှာဖွေရပေမည်။ ဇနီး၊ သားသမီးရတနာနှင့် စီးပွားဥစ္စာရတနာတို့ဖြစ်ကြပါတယ်။ ဒုတိယအရွယ်မှာ ကြိုးစားမှသာလျှင် တတိယနှင့် စတုတ္ထအရွယ်များတွင် စိတ်အေး ချမ်းသာစွာ နေထိုင်မည်ဖြစ်ပါသည်။

ဝါန(ပ်)ရေ(ဆ်)ထ အာရှရမ်ဟုဆိုအပ်သော တတိယအရွယ်တွင်မူ အတ္တဟိတနှင့် ပရဟိတမျှတစွာ ကြိုးကုတ်အားထုတ်ရမည် ဖြစ်ပါသည်။ မိမိဘဝ၏ အချိန်များကိုမိသားစုအတွက်တစ်ဝက် အများသူအတွက် တစ်ဝက်အချိန်ပေးသင့်ပါသည်။

စတုတ္ထအရွယ် ဖြစ်သော ဆံနျာ(ဆ်)အာရှရမ်တွင် မိမိဘဝ၏အချိန်များကိုသားသမီးများနှင့် ပတ်ဝန်းကျင်ရှိသူများအား မိမိဘဝ အတွေ့အကြုံများနှင့် တရားများကိုမျှဝေပေးရပါသည်။ မိမိကိုယ်တိုင်လည်း တရားနဲ့အညီကျင့်ကြံနေထိုင်ပြီး၊ တရားအားထုတ်ပေးကြရမည့်အရွယ်ဖြစ်ပါသည်။ ပထမအရွယ်မှာ ပညာရှာ၊ ပညာရှာရင်းတရားရှာ၊ ဒုတိယအရွယ်မှာ ရတနာရှာ ရတနာရှာရင်းတရားရှာ၊ တတိယအရွယ်မှာ အတ္တနဲ့ ပရ ညီမျှအောင်နေထိုင်ရင်း တရားရှာ၊ စတုတ္ထအရွယ်မှာ တရားရှာ၊ တရားနဲ့သာပျော်နေပါ ဆိုတဲ့အချက်ကို လူငယ်တွေက သိရှိထားရာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ရေးသားတင်ပြလိုတာကတော့ လူငယ်တွေဟာ ရခဲလှတဲ့လူ့ဘဝမှာ အချိန်ကို တန်ဘိုးရှိရှိနဲ့ သိသင့်သိထိုက်တဲ့ အသိတရားများကို သိရှိကာ မကောင်းမှုဟူသမျှကို ရှောင်ကြပါ။ ကောင်းမှုမှန်သမျှကို ဆောင်ကြပါ။ ဖြူသောစိတ်ကို ထားနိုင်ကြပါစေ၊ စီးဆင်းသွားတဲ့ရေကုန်ဆုံးသွားတဲ့ အချိန် ကွယ်လွန်သွားကြပြီ ဖြစ်တဲ့မိဘဘယ်တော့မှ ပြန်မရဆိုတဲ့ အတိုင်း မိဘများ စိတ်အေးချမ်းသာစေမည့် သားသမီးရတနာများ ဖြစ်နိုင်ပါစေကြောင်း၊ လူငယ်ဘဝကောင်းမှ လူကြီးကောင်း မည်ဖြစ်ကြောင်းနှင့် သနတ္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင် အခမ်းအနား အတွက်လည်းဆုတောင်းပတ္ထနာ ပြုလိုက်ရပါတယ်။

စာမျက်နှာ (၄၁)မှအဆက်

ယခုနှစ် တွေ့ဆုံပွဲမှ အပြုသဘော ဆောင်သည့် ကောင်းမွန်သော ရလဒ်များပေါ် ထွက်ခဲ့ပြီး၊ နောင်၃-နှစ်လျှင် တစ်ကြိမ် ဟိန္ဒူမိသားစုများ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပနိုင်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။

နိဂုံးချုပ်အနေဖြင့် စာရေးသူသည် သနတ္တန ဓမ္မပါလကအဖွဲ့နှင့် စတင်ဆုံဆည်းခဲ့ရချိန်မှစပြီး၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ သူတစ်ပါးအကျိုးကိုလိုလားသော၊ လူမှုကူညီရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လိုသော ဟိန္ဒူတစ်ဦးအဖြစ် ကြီးပြင်းလာခဲ့ရပါသည်။ ထို့အတူလက်ရှိကာလ လူငယ်များသည်လည်း မိမိနည်းတူဘာသာရေး လူမှုရေးလုပ်ငန်းနယ်ပယ်များတွင်စနစ်တကျပါဝင်ဆောင်ရွက်လာကြစေရန် *SDSS* ၏သင်တန်းများ၊ တွေ့ဆုံ ပွဲများသို့ တက်ရောက်ကြစေလိုပါသည်။ ဟိန္ဒူမိဘများ အနေဖြစ်လည်း မိမိတို့၏ ရင်သွေးငယ်များကို ငယ်ရွယ်စဉ် မှစ၍ ရှာခါးသို့စေလွှတ်ခြင်း၊ သနတ္တန ဓမ္မပါလကအဖွဲ့မှ ကြီးမှူးကျင်းပသော ဗလငါးတန်ဖွံ့ဖြိုးရေးသင်တန်းများသို့ အနည်းဆုံး ၃-ကြိမ် ပို့ဆောင်ပေးစေလိုပါသည်။ အဆိုပါ သင်တန်းမှ လေ့ကျင့် သင်ကြားပေးလိုက်သော လူငယ်များသည် မိမိဘဝကို မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည့် အပြင်ဟိန္ဒူဆမာဂျ် အတွက်လည်း အားကိုးရမည့်ပုဂ္ဂိုလ်များမလွဲမသွေ ဖြစ်လာလိမ့်မည်ဟု ရဲရဲကြီးအာမခံပါသည်။

*"DHARME SARVAM PRATISHTHITAM!"*
(ဓရ်မေ ဆရ်ဝမ် (ပ်)ရသိ(သျှ်)ဌိသမ်)
*Dharma is the foundation of everything*

उद्धरेदात्मनात्मानं नात्मानमवसादयेत्।
आत्मैव ह्यात्मनो बन्धुरात्मैव रिपुरात्मनः ।।

स्वयं को स्वयं ही ऊपर उठाना चाहिए, स्वयं को नीचे नहीं गिराना चाहिए। आत्मा ही आत्मा का मित्र है और आत्मा ही आत्मा का शत्रु है।

ဥဒ္ဓရေ(ဒ်) အာ(သ်)မာန အာ(သ်)မာန(မ်)၊ န အာ(သ်)မာန(မ်) အဝဆာဒယေ(သ်)၊
အာ(သ်)မဲဝ (ဟ်)ယာ(သ်)မနို ဗန္ဓု(ရ်)၊ အာ(သ်)မဲဝ ရိပု(ရ်) အာ(သ်)မန(ဟ်)။

ကိုယ့်ကိုယ်ကိုယ် မြှင့်တင်သင့်ပါသည်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမနေသင့်ပေ။ မိမိ၏ စိတ်သည် မိမိကိုယ်ခန္ဓာ၏ မိတ်ဆွေစစ်ဖြစ်ပြီး၊ မိမိ၏ စိတ်သည်သာ မိမိကိုယ်ခန္ဓာ၏ ရန်သူ ဖြစ်လေသည်။

# အနာဂတ်ခေါင်းဆောင်



B. Barath Seelan @ စိုးနိုင်၊ အတွင်းရေးမှူး-ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေး ဗဟိုကော်မတီ

သစ်ပင်တစ်ပင်သည် အသီးအပွင့်ပေါင်းများစွာ သီးပွင့်ပြီး သက်ရှိ သတ္တဝါအားလုံးအတွက် ကိုယ်ကျိုးမကြည့်ဘဲ ပေးဆပ်လေသည်။ တစ်နှစ်ပတ်လုံး အရိပ်အာဝါသ ပေးပြီး ရာသီဥတု စနစ်ကောင်းမွန်အောင် အကျိုးပြုလျက် ရှိပါသည်။ သစ်ပင်မှာမူ အသီးအပွင့်နှင့် အရိပ်အာဝါသကို ပြန်လည် စားသုံးခြင်းမပြုဘဲ သက်ရှိသတ္တဝါ အားလုံး အတွက် ပေးဆပ်လေသည်။ သစ်ပင်၏ အရည်အသွေး များက လူသားတို့အတွက် ဘဝရှင်သန်နေထိုင်မှုများနှင့် သီးခံခြင်း၊ ကိုယ်ကျိုးမဖက်ခြင်းဖြင့် လောကကောင်းကျိုးများ ဆောင်ရွက်ရန် သင်ပေးလျက်ရှိပေသည်။

ဟိန္ဒူ လူငယ် လူရွယ်များကို အများအကျိုး *Seva* ပရဟိတနှင့် ဘာသာ၊ သာသနာအတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်လိုစိတ်ကို ငယ်ရွယ်စဉ်ကလေးဘဝမှ အစပြု၍ သနတ္တန ဓမ္မပါကလ (ဟိန္ဒူ) အဖွဲ့ချုပ်မှ စတင်၍ မျိုးစေ ချပေးလျက် ရှိပါသည်။ နောင်လာမည့် မျိုးဆက်သစ် လူငယ်များကို သစ်ပင်တစ်ပင်ကဲ့သို့ အများအကျိုး၊ ဟိန္ဒူ ဘာသာ၊ သာသနာအကျိုးဆောင်ရွက်တတ်သူများ ဟိန္ဒူ ဘာသာဝင်များ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတွင် အများနှင့်တန်တူ ဂုဏ်သိက္ခာ မြင့်မားသည့် လူမှု အသိုင်းအဝိုင်း ဖြစ်လာစေရန် သနတ္တန ဓမ္မပါကလ (ဟိန္ဒူ) အဖွဲ့ချုပ်မှ အားသွန် ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

ယခု မျက်မှောက်ကာလသည် နည်းပညာများ တိုးတက်လာပြီး အေးအိုင် ခေတ်သို့ပင် ရောက်ရှိလာပြီး ခေတ်ကာလအရ လူငယ်၊ လူရွယ်များသည် နည်းပညာ ခေတ် လွှမ်းမိုးမှုကြောင့် ယခင် ကာလထက်ပို၍ ပညာရေး၊ အတွေးအခေါ် ဗဟုတသုတများ မြင့်မာတိုးတက်နေ ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါသည်။

သို့သော်လည်း အခြားတစ်ဖက်တွင်မှာမူ အများအကျိုး ဘာသာ၊ သာသနာ အကျိုးကို ကိုယ်ကျိုးစွန့်ဆောင်ရွက်ရန် အချိန် အနည်းငယ်ပေးပို့ရန် အတွက်ပင် အင်မတန် အားနည်းလာသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ လာရပါသည်။

လူတစ်ယောက်၏ တန်ဘိုးကို တိုင်းတာတွက်ချက်ရာတွင် လူတစ်ယောက်၏ သမိုင်းတွင် အများအကျိုးအတွက် မည်၍ မည်မျှပေးဆပ် ဆောင်ရွက်ခဲ့သနည်းဆိုသည့် ဆောင်ရွက် ချက် အပေါ်တွင်သာတိုင်က ထွက်ချက်လေ့ရှိပါသည်။ ဥပမာ - အိန္ဒိယနိုင်ငံတွင် *Dr. Hedgewar ji, Pracharak* (သာသနာပြုဆရာ)များတစ်ကမ္ဘာလုံးအတွက် *Pennicillieín* ထိုးဆေးကို စတင်ရှာဖွေ သုတေသနပြု တွေ့ရှိခဲ့ပြီး၊ ကမ္ဘာ့ ယခု ထက်ထိတိုင်အောင် ကယ်တင်ပေး သန်းပေါင်းများ စွာသော လူသားများ အသက်ကို နေသော နည်းပညာ *formula* ကို ကမ္ဘာကြီးအတွက် အခမဲ့ဖြန့်ဝေပေးခဲ့သော ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင် *Dr. Alexander Fleming* စသူတို့သည် မိမိတို့နိုင်ငံ မိမိတို့ ကမ္ဘာကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ်ပြီး အများကောင်းကျိုး ကိုသာ ဆောင်ရွက် ခဲ့ကြသောကြောင့် ယခုအချိန်အထိ မိမိတို့ နှလုံးသားတွင် အကြီးမြတ်ဆုံး လူသားများအဖြစ် အသက် ရှင်လျက် ရှိနေကြပါသည်။

၁၈၈၆-ခုနှစ် *Scotland* နိုင်ငံတွင် ခွန်အားဗလတောင့် တင်းသော လယ်သမားကြီး တစ်ဦးသည် မနက်စောစော သူ၏ လယ်ယာလုပ်ငန်း လုပ်ကိုင်နေစဉ် မလှမ်းမကမ်းမှ "ကူပါ၊ ကယ်ပါဟု ကလေးငယ်တစ်ဦး၏ အော်သံကြားရသ ဖြင့် အပြေးအလွှား သွားရောက်ကြည့်ရှုရာ ကလေးငယ် တစ်ဦးနုံတွင်း နစ်မြုပ်ဝင်လျက် ရှိသည်ကို တွေ့ရှိခဲ့ပါသည်။ မည်သူမျှ ကယ်မည့်သူရောက်ရှိမလာခဲ့ပါက မိနစ်ပိုင်း အတွင်း ရွှံ့ထဲနစ်မြုပ် သေဆုံးသွားနိုင်သည့် အခြေအနေကို သဘောပေါက် သွားသော လယ်သမားကြီးက သူ၏ အသက် ကိုပင် မငဲ့ကွက်ဘဲ ရွှံ့ထဲသို့ဆင်းပြီး၊ ကလေးငယ် အထိန်းတော်နှင့် မြင်းကိုပါ အသက်ရှင်လျက် ကယ်တင်နိုင် ခဲ့ပါသည်။

ထို့နောက် သူ၏ အိမ်သို့ ခေါ်ဆောင်သွားပြီး၊ အနားယူ ခိုင်းပြီးမှ အန္တရာယ်ကင်းသည့် နေရာအထိ ပြန်လည် ပို့ဆောင်ပေးခဲ့ပါသည်။ ယင်းခေတ်ကာလက မော်တော် ကားများ မပေါ်သေးပါသဖြင့် မြင်းကိုသာ အားကိုး အားထားပြု သွားလာနေရသည့် အချိန်ဖြစ်ပါသည်။

နောက်တစ်နေ့တွင် လယ်သမားကြီးထံသို့ အလွန် ချမ်းသာသော သူဋ္ဌေးကြီး တစ်ဦးရောက်ရှိလာပြီး

သူဋ္ဌေးကြီး။ ။ မိမိသည် မနေ့ကသင်အသက်ကယ်ခဲ့သော ကလေး၏ ဖခင်ဖြစ်ပါသည်။ ကျွန်တော်၏ တစ်ဦးတည်းသော သားလေးကို အသက်ကယ်တင်ပေးခဲ့သည့် အတွက် ကျေးဇူးတင် စကားပြောကြားရန်နှင့် လယ်သမားကြီး အလိုရှိရာ အသုံးပြုနိုင်ရန် ငွေကြေးအမြောက်အများဖြင့် ကျေးဇူးဆပ်လိုပါသဖြင့် ယခုလို ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

လယ်သမားကြီး။ ။ ကျွန်ုပ်သည် ဒုက္ခရောက်နေသော မည်သူ့ကိုမဆို ကျွန်တော်တတ်ထားသော ပညာဖြင့် မေတ္တာ၊ စေတနာ အရင်းခံဖြင့် ကူညီကယ်တင်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။ သူဌေးကြီး၏ သားမှန်းလဲမသိပါ။ အကျိုးတစ်စုံ တစ်ရာ မမျှော်ကိုးဘဲ လူသားဆန်စွာဖြင့် ကူညီကယ်တင်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။ သူဌေးကြီး၏ ငွေများ ကျွန်ုပ် မလိုအပ်ပါ ငွေများအားလုံး ပြန်ယူသွားပါ။ သူဌေးကြီး ဘယ်လိုမှ ပြောမရသဖြင့် စိတ်ပျက်လက်ပျက် ခေတ္တစဉ်းစားပြီး ထိုင်နေချိန်တွင် မိမိသားနှင့် အရွယ်တူ စုတ်စုတ် ပြတ်ပြတ်ကောင်းလေး တစ်ယောက်ကိုတွေ့ရှိရသည့် အတွက်

သူဌေးကြီး။ ။ ဒီကလေးကဘယ်သူ့တုန်း

လယ်သမားကြီး။ ။ ကျွန်တော်၏ သားပါ။

သူဌေးကြီး။ ။ ဘယ်နှစ်တန်းရောက်ပြီးလဲ

လယ်သမားကြီး။ ။ ကျွန်တော်သည် အလွန်ဆင်းရဲပြီး စားဖတ် နေရေးအတွက် ပင်ပန်းဆင်းရဲစွာဖြင့် ရုန်းကန်နေပါသည်။ ကျွန်ုပ်၏သားကို ကျောင်းမထားနိုင်ပါ။

သူဌေးကြီး။ ။ အင်မတန် ဝမ်းသာအားရလေသံဖြင့် ခင်ဗျားရဲ့ သားကို ကျွန်တော်နဲ့အတူတူ ခေါ်သွားခွင့်ပြုပါ။ ကျွန်တော်၏ သားအရင်းနှင့်တန်းတူ မြို့ပေါ်ရှိ အကောင်းဆုံးကျောင်းတွင် ပညာသင်ပေးပါမည်။ ခင်ဗျားရဲ့သား အဆင့်မြင့်ပညာရပ်များ သင်ယူပြီးမြောက်သည့် အထိ ကျွန်တော်တာဝန်ယူပါရစေ။

လယ်သမားကြီး။ ။ အတန်ကြာစဉ်းစားပြီးနောက် ကျွန်တော် ခွင့်ပြုပါတယ်။ ကျွန်တော့်သား ဒီရွာမှာဘဲ ရှိနေရင် ကျွန်တော့်လို စာမတတ်ဘဲ ပင်ပန်းကြီးစွာ ရုန်းကန် ရလိမ့်မယ်။

ထို့နောက် သူဌေးကြီးသည် ကလေးငယ်ကို *London* မြို့သို့ ခေါ်ဆောင်သွားပြီး သူ၏ သားအရင်းနှင့် တန်းတူ ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးခဲ့ပါသည်။ ထို ကလေးငယ်သည် ပညာသင်ကြားနေရင်း ပထမ ကမ္ဘာစစ် (၁၉၁၄-၁၉၁၈) ဖြစ်ပွားချိန်တွင် အပြစ်မဲ့အရပ်သား ပြည်သူများနှင့် စစ်သားများသည် သေနတ်ဒဏ်ရာ၊ သာမန် ပွန်းပဲ့ ဒဏ်ရာများနှင့်ပင် လူသားများသန်းချီအသက် ဆုံးရှုံး နေရသည်ကို မြင်တွေ့ပြီး အင်မတန် စိတ်မကောင်းဖြစ်ကာ လူသားများ၏ အသက်ကို သူတတ်ထားသော ပညာဖြင့် ကယ်တင်မည်ဟု ဆုံးဖြတ်ချက် ခိုင်မာစွာ ချမှတ်ပြီး နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုလုပ်နေခဲ့ပါသည်။

၁၉၂၈-ခုနှစ်တွင် *Penicillin* ထိုးဆေးကို အောင်မြင်စွာ စတင်စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပါသည်။ သူ၏ *Formula* ကို တရားဝင်မူပိုင်ခွင့်တင်ပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချပါက ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ် ဘီလီယံနာ သူဌေးကြီး ဖြစ်မည်ကို သိရှိသော်လည်း တစ်ဦးတည်း မူပိုင်ခွင့်မပြုလုပ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားသန်းပေါင်းများစွာကို စျေးနှုန်း သက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ယင်း *Penicillin* ဆေးဖော်စပ်သည့် *Formula* ကို တစ်ကမ္ဘာလုံးသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။ ကမ္ဘာ့ ကုမ္ပဏီများမှ အပြိုင် အဆိုင် စျေးနှုန်းသက်သာစွာ ထုတ်လုပ်ဖြန့်ချိပေးခဲ့ သဖြင့် တစ်ကမ္ဘာလုံးရှိ သာမန် ဆင်းရဲသားများပါ မကျန် လူသားသန်းပေါင်းများစွာကို ယခုထက်တိုင် ကယ်တင် ပေးလျက်ရှိပါသည်။ အဆိုပါလယ်သမားကြီး၏ သားအမည်မှာ *Dr Alexander Fleming* (၁၉၄၅ ဆေးဘက်ဆိုင်ရာ နိုဘယ်လ်ဆုရှင်)ပင် ဖြစ်ပေတော့သည်။ သူဌေးကြီး၏ သားအရင်းအမည်မှာ ၁၉၄၀ တွင် ယူကေနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာသော *Winston Churchill* ပင် ဖြစ်ပေတော့သည်။ ၁၉၄၅-ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ပြီးဆုံးအောင် အမေရိကန် သမ္မတ ဟယ်ရီတရူးမင်းနှင့် လက်တွဲ၍ ကမ္ဘာစစ်ကိုစစ် ရပ်ဆဲအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၅၃-ခုနှစ်တွင် စာပေပညာရှင်ဆိုင်ရာ နိုဘယ်လ်ဆုကို ရရှိခဲ့ပါသည်။

လယ်သမားကြီး၏ လူသားဆန်စွာ ကိုယ်ကျိုးစွန့် အသက်ကယ်တင်ပေးခဲ့သောကြောင့် နောင်တစ်ချိန်တွင် ကမ္ဘာကြီးအတွက် အင်မတန် အကျိုးများမည့် ကယ်တင်ရှင် ပုဂ္ဂိုလ်နှစ်ဦးကို မွေးထုတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဟိန္ဒူလူငယ်လူရွယ်များ အနေဖြင့် အမှုမဲ့အမှတ်မဲ့ မနေကြဘဲ အဖိုးတန်ဘဝကို ပိုင်ဆိုင်ခွင့်ရရှိရန်နှင့် အနာဂတ် ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနေသော သနတ္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်တွင် မိမိတို့၏ ကိုယ်ပိုင်အချိန် အနည်းငယ်မျှပေးပြီး အထက်မှ ပေးအပ်သော တာဝန် ဝတ္တရားများကို ထမ်းဆောင်ရင်း တန်ဘိုးကြီးမြင့်သော လူငယ်ဘဝကို ပိုင်ဆိုင်ခွင့် ရရှိနိုင်ကြပါစေ။ မိမိတို့၏ ဟိန္ဒူ ဓမ္မတရားကို ထိမ်းသိမ်းကာကွယ်၊ စောင့်ရှောက်၊ ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြု လိုက်ရပါသည်။





# တန်ဖိုး

Indian @ သိန်းတန်

ကမ္ဘာပေါ်မှာ တန်ဖိုးဖြတ်လို့မရတဲ့ အကြောင်းအရာများစွာ ရှိပေသည်။ ထိုအကြောင်းအရာများစွာတို့တွင် တန်ဖိုး ဖြတ်မရနိုင်သော အဓိက အကြောင်းအရာများကို ပြောရ မည်ဆိုလျှင်- ကမ္ဘာဦးအစထဲက ယနေ့ထိ တန်ဖိုးဖြတ် မရ နိုင်တဲ့ ဘုရားရှင်တွေ၊ ဒေဝတာတွေ၊ လူမျိုး၊ ကိုးကွယ်သည် ဘာသာ၊ စာပေတွေသာဖြစ်တယ်လို့ ပြောရပေလိမ့်မည်။

ကမ္ဘာပေါ်မှာ ခေတ်အစောဆုံး ဘာသာလို့ ပြောမည်ဆိုက ဟိန္ဒူဘာသာသည် ခေတ်အစောဆုံး ဘာသာဖြစ်သလို၊ ဟိန္ဒူဘုရားတွေ ဟိန္ဒူဒေဝတာတွေဟာလည်း ခေတ်အစောဆုံး ပွင့်တော်မူလာခဲ့ကြပေသည်။ ကမ္ဘာပေါ်တွင် ခေတ်အစောဆုံး ပေါ်ထွက်လာခဲ့သည့် ဟိန္ဒူဘာသာသည် တန်ဖိုးဖြတ်၍ မရသော ဘာသာကြီးသာ ဖြစ်ပေတော့သည်။ ထိုတန်ဖိုးဖြတ်၍ မရသော ဟိန္ဒူဘာသာကြီး ဒီထက်မက တန်ဖိုးကြီးလာအောင် ကိုင်တွယ်တတ်ဖို့လိုအပ်ပေသည်။ ကမ္ဘာပေါ်မှာ ဘာသာပေါင်းစုံက ဘာသာခြားအချို့ ကျွန်တော်တို့ ဟိန္ဒူဘာသာရဲ့ အခြေခံကို လေ့လာရင်း ဟိန္ဒူဘာသာကို ကိုးကွယ်လာကြတာတွေကို မြင်တွေ့ကြရပေသည်။

ကျွန်တော်တို့ ဟိန္ဒူဘာသာကို ဘာသာခြားတွေတောင် လက်တွေ့ကျကျ ကိုးကွယ်လာချိန်မှာ ဟိန္ဒူဘာသာစစ်စစ်တွေက တလွဲတချော်လုပ်နေ၍မရပေ။ တန်ဖိုးမသိတဲ့လူက တန်ဖိုးမဲ့ ကိုးကွယ်တာကို အပြစ်ပြောလို့ မရပေမယ့် တန်ဖိုးသိတဲ့သူက တန်ဖိုးမဲ့အောင် ကိုးကွယ်မိမှာကို အလွန်စိတ်ပူမိပါသည်။

ကျွန်တော်တို့ ဟိန္ဒူဘာသာမှာ ကိုးကွယ်ရမည့် နည်းအမျိုးမျိုး ရှိပေသည်။ သူ့နေ့နဲ့ သူ့နာမ်ကိုးကွယ်ရမည့် ရက်မြတ်တွေလည်း ရှိပေသည်။ နေ့နာမ်အလိုက် ရှိခိုးကန်တော့ ရမည့် ဘုရားတွေရှိသလို ဥပုသ်သီလစောင့်ရမည့် ရက်မြတ်များလည်း ရှိပေသည်။ ပေါ်တော်မူဘုရားတွေလည်းအလိုလို ပေါ်တော်မူနေလေသည်။

ရှိဝဘုရားရှင်ကစလို့ ယနေ့ခေတ်မှာ ကမ္ဘာကျော်လာခဲ့သည့် အယပ္ပါးရှင်တော်မြတ်အထိ ခေတ်ပေါ်မူတည်၍ ဘုရားရှင်တော်မြတ်တွေပေါ်တော်မူလာခဲ့သည်။

ကျွန်တော်တို့ ဟိန္ဒူဘာသာမှာ ကိုးကွယ်ရမည့် ဘုရားတွေ ဒေဝတာတွေက တခြားဘာသာတွေထက် အလွန်ပေါ်များလွန်းလို့ ဟိန္ဒူဘာသာ လူမျိုးအချို့က လွဲချော်မှုလွဲမှားမှုနဲ့ ကိုးကွယ်မိမှာ စိတ်ပူမိပါသည်။ တန်ဖိုးဖြတ်လို့မရတဲ့ ဟိန္ဒူဘုရားတွေ၊ ဒေဝတာတွေဟာလည်း လွဲမှားစွာ ကိုးကွယ်မှုကြောင့် တန်ဖိုးနိမ့်ကျသွားမှာကို စိတ်ပူမိပါသည်။

ဟိန္ဒူဘုရားများ ကိုးကွယ်ပူဇော်ခြင်းကလည်း ဘုရားတစ်ဆူနဲ့ တစ်ဆူ ကိုးကွယ်ပူဇော်ခြင်း မတူညီဘဲ အမျိုးမျိုးရှိပေသည်။

အလွယ်တကူ ကိုးကွယ်၍မရသည့်ဘုရားများ ဖြစ်နေခြင်းကြောင့် ဦးစွာပထမ ဘုရားရှင်များအကြောင်းကို လေ့လာစေချင်ပါသည်။ ဘယ်ဘုရားကို ဘယ်နေ့ ဘယ်လိုပူဇော်ရမည်၊ ဘယ်လို ဆုတောင်းရမည် စသည်များရှိပေသည်။ ဘုရားတွေကို လက်အုပ်ချီ ကန်တော့လိုက်ရုံနဲ့ မပြီးသေးပေ။ ဘုရားရှိခိုး မန္တရ အမျိုးမျိုးရှိသလို ကန်တော့ရမည့် ရက်မြတ်တွေလည်း ရှိပေသည်။

ဟိန္ဒူဘုရားတွေ အကြောင်းကို အသေးစိတ် လေ့လာပြီး ပူဇော်ကြည့်ပါ။ သင့်ဘဝရဲ့လိုအပ်ချက် ဆန္ဒတွေလိုတာထက် ပိုမိုပြည့်လျှံလာပါလိမ့်မည်။ လက်တွေ့ကျကျလေ့လာပြီး လက်တွေ့ကျကျ ကိုးကွယ်လာတဲ့ ဘာသာခြားတွေ နေ့စဉ်လိုလို များပြားလာပေသည်။ ကျွန်တော်တို့ ဟိန္ဒူ ဘာသာက ဘုရားတွေရဲ့ တန်ဖိုးမြင့်သထက်မြင့်မားလာဖို့ အသိစိတ်လေးနဲ့ သတိရှိစွာ လေ့လာထားသင့်ပါသည်။

ကမ္ဘာပေါ်မှာ တန်ဖိုးကြီးတဲ့ ဘာသာသည် ဟိန္ဒူဘာသာဖြစ်သလို ဟိန္ဒူဘုရားရှင်တော်မြတ်များသည်လည်း လုံးဝတန်ဖိုးဖြတ်လို့မရတဲ့ ဘုရားများသာ ဖြစ်ပါသည်။

# ကျွန်မ နှင့် ဆံဃ



